# Resettlement and Ethnic Group Development Plan (Myanmar Language Translation)

March 2018

# MYA: Power Network Development Project—Distribution Component

Prepared by AF-Consult Switzerland Ltd. for the Electricity Supply Enterprise and the Asian Development Bank.

This resettlement and ethnic group development plan is a document of the borrower. The views expressed herein do not necessarily represent those of ADB's Board of Directors, Management, or staff, and may be preliminary in nature.

In preparing any country program or strategy, financing any project, or by making any designation of or reference to a particular territory or geographic area in this document, the Asian Development Bank does not intend to make any judgments as to the legal or other status of any territory or area.



လုပ်ငန်းအပ်နှံသူ **အာရှဖွံ့ဖြိုးရေးဘဏ်**

စီမံကိန်း **TA 9179-MYA:** လျှပ်စစ်ဓါတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း - စီမံကိန်းအကြိုပြင်ဆင်ရေးနည်းပညာ အထောက်အပံ့

စာရွက်စာတမ်းအမျိုးအစား ပြန်လည်နေရာချထားရေးနှင့် တိုင်းရင်းသားလူမျိုးအုပ်စုများ ဖွံ့ဖြိုးရေး အစီအစဉ် - ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်း

စီမံကိန်းအမှတ် ၄.၂၇.၂

ဇန္နဝါရီလ ၂၀၁၈



INNOVATION BY EXPERIENCE

လုပ်ငန်းအပ်နှံသူ
အာရှဖွံ့ဖြိုးရေးဘဏ်
အမှတ် ၆၊ အေဒီဘီရိပ်သာ
မန္တလူယောင်းမြို့တော် ၁၅၅၀၊
မက်ထရိုမနီလာ၊ ဖိလစ်ပိုင်နိုင်ငံ

အတိုင်ပင်ခံ
AF- Consult Switzerland Ltd
Täfernstrasse 26
5405 Baden/Dättwil

## စာတမ်းပါအချက်အလက်များ

| | |
|---|---|
| စီမံကိန်း | TA 9179-MYA: **လျှပ်စစ်ဓါတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း - စီမံကိန်းအကြိုပြင်ဆင်ရေးနည်းပညာ အထောက်အပံ့** |
| အဆိုပြုချက် | ပြန်လည်နေရာချထားရေးနှင့် တိုင်းရင်းသားလူမျိုးအုပ်စုများ ဖွံ့ဖြိုးရေး အစီအစဉ် - ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်း |
| အဆိုပြုချက်အမှတ် | ၄.၂၇.၂ |
| ဌာန | ဓါတ်အားပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း |
| တာဝန်ရှိပုဂ္ဂိုလ် | Jürgen Brommundt |
| တယ်လီဖုန်း | +၄၁ (၀) ၅၆ ၄၈၃ ၁၅ ၃၅ |
| ဖက်စ် | +၄၁ (၀) ၅၆ ၄၈၃ ၁၇ ၉၉ |
| အီးမေးလ် | Juergen.Brommundt@afconsult.com |
| အညွှန်း | BRJ |
| စာတမ်းအညွှန်းလမ်းကြောင်း | P:\4272_en\04_Projektleitung\Temp BRJ\Templates\AF Report.docx |

**အတိုကောက်စာလုံးများ**

| | |
|---|---|
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| ACC | ပိုင်ဆိုင်မှုများကို နစ်နာကြေးပေးလျော်ရေးကော်မတီ |
| AH | ထိခိုက်ခံရသော အိမ်ထောင်စု (များ) |
| AP | ထိခိုက်ခံရသော ပုဂ္ဂိုလ်များ |
| CBO | ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်း |
| DL | လျှပ်စစ်ဖြန့်ဖြူးသည့် ဓါတ်အားလိုင်း |
| DMS | အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူမှု |
| EA | အမှုဆောင်ဌာန |
| EMP | ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် |
| ESE | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| GOM | ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ |
| GRM | အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးစနစ် |
| Ha | ဟက်တာ |
| HH | အိမ်ထောင်စု |
| IA | အကောင်အထည်ဖော်ဆောင်သည့် ဌာန |
| kV | ကီလိုဗို့ |
| LAC | မြေယာရယူသိမ်းဆည်းရေးကော်မတီ |
| $m^2$ | စတုရန်းမီတာ |
| MOALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| MOEE | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| MT | မက်ထရစ်တန် |
| MYK | မြန်မာကျပ် |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| PIB | အများပြည်သူအတွက် သတင်းအချက်အလက်များပါဝင်သည့် စာအုပ်ငယ် |
| PPTA | စီမံကိန်းအကြိုပြင်ဆင်ရေး နည်းပညာအထောက်အပံ့ |
| ROW | ဓါတ်အားလိုင်းနယ်နိမိတ် |
| REGDP | ပြန်လည်နေရာချထားရေးနှင့် တိုင်းရင်းသားလူမျိုးအုပ်စုများ ဖွံ့ဖြိုးရေးအစီအစဉ် |
| SPS | ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒ ထုတ်ပြန်ကြေညာချက် |
| USD | အမေရိကန်ဒေါ်လာ |

## မာတိကာ


၁ စီမံကိန်းအကြောင်းဖော်ပြချက် ......................................................... ၁၃

၁.၁ စီမံကိန်းဆိုင်ရာ နောက်ခံအကြောင်းအရာ.................................................................၁၃

၁.၂ ဓါတ်အားဖြန့်ဖြူးရေးလိုင်း အစိတ်အပိုင်း နှင့် မြေယာရယူသိမ်းဆည်းခြင်း အတိုင်းအတာ ......၁၃

၁.၃ ပုဂ္ဂလိကပိုင်ဆိုင်မှုများအပေါ်ထိခိုက်မှုကို ရှောင်ရှားရန်နှင့် အနည်းဆုံးဖြစ်စေရန် စီမံဆောင်ရွက်မှုများနှင့် အခြားရွေးချယ်ဖွယ်နည်းလမ်း ...............................................၁၈

၁.၄ REGDP ၏ ရည်ရွယ်ချက် .........................................................................................၂၀

၁.၅ စီမံကိန်းဆိုင်ရာဖော်ပြချက် နှင့် REGDP တွင် အချက်အလက်များထပ်မံဖြည့်စွက်ရန် အစီအမံအတွက် အခြေခံ.........................................................................................၂၀

၂ မြေယာရယူသိမ်းဆည်းခြင်းနှင့် ပြန်လည်နေရာချထားခြင်းအတိုင်းအတာ ......................၂၁

၂.၁ ထိခိုက်သွားသော မြေယာများနှင့် သီးနှံများ .................................................................၂၁

၂.၂ ထိခိုက်သွားသော မြေယာများအပေါ် ပိုင်ဆိုင်မှုအနေအထား...........................................၂၂

၂.၃ ထိခိုက်ခံရသော အိမ်ထောင်စုများ..............................................................................၂၂

၂.၄ ထိခိုက်မှုများ၏ အတိုင်းအတာ ...................................................................................၂၃

၂.၅ ထိခိုက်လွယ်သော အုပ်စုများ......................................................................................၃၁

၂.၆ အခြားထိခိုက်သော ပိုင်ဆိုင်မှုများ ...............................................................................၃၁

၃ လူမှုစီးပွားဆိုင်ရာ အခြေအနေ ......................................................... ၃၂

၃.၁ စစ်တမ်းကောက်ယူသည့် နည်းစနစ် ...........................................................................၃၂

၃.၂ ယခုစီမံကိန်းလွှမ်းခြုံသည့် ပြည်နယ်/တိုင်းဒေသကြီးများရှိ လူဦးရေ ပမာဏ နှင့် လူဦးရေတိုးတက်မှုအခြေအနေ ...............................................................................၃၂

၃.၃ ထိခိုက်သော အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ အချက်အလက်များ.............................၃၃

၃.၄ အိမ်ထောင်စုဝင်များ၏ ပညာရေး ................................................................................၃၄

၃.၅ အိမ်ထောင်စုဝင်များ၏ အလုပ်အကိုင် ..........................................................................၃၆

၃.၆ အိမ်ထောင်စုဝင်ငွေ နှင့် အသုံးစရိတ်များ ....................................................................၃၈

၃.၇ မြေယာပိုင်ဆိုင်မှု.......................................................................................................၄၁

၃.၈ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်မှုများ ............................................................................၄၂

၃.၉ ရေနှင့်မိလ္လာစနစ်........................................................................................................၄၂

၃.၁၀ ထိခိုက်လွယ်မှုနှင့် အဆိုးကြုံနိုင်ခြေဆိုင်ရာခွဲခြမ်းစိတ်ဖြာဆန်းစစ်ချက် ..............................၄၃

၄ စီမံကိန်းနယ်မြေအတွင်းရှိတိုင်းရင်းသားအုပ်စုများ ..................................... ၄၅
၄.၁ တိုင်းရင်းသားအုပ်စုများအတွက် ထိခိုက်မှုဆန်းစစ်ခြင်း၏ ရည်ရွယ်ချက် ........................... ၄၅
၄.၂ အချက်အလက်ကောက်ယူသည့်နည်းစနစ် ........................................................... ၄၅
၄.၃ စီမံကိန်းနယ်မြေအတွင်းရှိ တိုင်းရင်းသားအုပ်စုများ .................................................. ၄၅
၄.၄ တိုင်းရင်းသားအုပ်စုများအပေါ် ဓါတ်အားရုံများ၏ သက်ရောက်မှု နှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ ........................................................................................................ ၄၈

၅ အချက်အလက်များထုတ်ပြန်ကြေညာမှု နှင့် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းများ ၅၀
၅.၁ အများပြည်သူပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများ၏ ရည်ရွယ်ချက် ................... ၅၀
၅.၂ သတင်းအချက်အလက်ဖြန့်ချီခြင်း ................................................................... ၅၀
၅.၃ အိမ်ထောင်စုဆိုင်ရာစစ်တမ်းကောက်ယူမှုများ၏ ရလဒ် ........................................... ၅၀
၅.၄ တိုင်ပင်ဆွေးနွေးပွဲများ ............................................................................... ၅၁
၅.၅ အချက်အလက်ထုတ်ပြန်ကြေညာခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စီစဉ်ထားရှိမှုများ ...... ၅၃

၆ အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးစနစ် ............................................. ၅၈
၆.၁ ပိုင်ဆိုင်မှုများအပေါ်နစ်နာကြေးပေးလျော်ရေးကော်မတီနှင့် အဆင်မပြေမှုများ ဖြေရှင်းခြင်း .... ၅၈
၆.၂ အဆင်မပြေမှုများ ညှိနှိုင်းဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ .............................. ၅၈

၇ မူဝါဒပိုင်းဆိုင်ရာနှင့်ဥပဒေရေးရာ မူဘောင် ............................................. ၆၁
၇.၁ ADB ၏ မူဝါဒများနှင့် မြန်မာနိုင်ငံ၏ မူဝါဒများ စေ့စပ်ပေါင်းဆုံခြင်း .............................. ၆၁
၇.၂ REGDP ရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်ဆောင်ရေးမှုများ ..................................... ၆၅

၈ ခံစားခွင့် ....................................................................................... ၆၉

၉ ပြန်လည်နေရာချထားရေးဘတ်ဂျက်နှင့် ဘဏ္ဍာရေးအစီအစဉ် ........................ ၇၃
၉.၁ ဘတ်ဂျက်နှင့် တန်ဖိုးသတ်မှတ်သည့်နည်းစနစ် ..................................................... ၇၃
၉.၂ ရံပုံငွေ အရင်းအမြစ်နှင့်စီးဆင်းမှု ..................................................................... ၇၅
၉.၃ နစ်နာကြေးပေးလျော်သည့် နည်းလမ်း ............................................................. ၇၆

၁၀ အကောင်အထည်ဖော်ဆောင်ရေးအချိန်ဇယား ........................................... ၇၇

၁၁ ပြန်လည်နေရာချထားခြင်းအတွက် အင်စတီကျူးရှင်းဆိုင်ရာ မူဘောင်......... ၇၉

၁၂ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ........................................................ ၈၁

**နောက်ဆက်တွဲများ**

နောက်ဆက်တွဲ ၁ တိုင်းဒေသကြီးများ/ပြည်နယ်များ၊ မြို့နယ်များ နှင့် ကျေးရွာများအလိုက် စီမံကိန်းခွဲများအကြောင်းဖော်ပြချက်

နောက်ဆက်တွဲ ၂ ဓါတ်အားရုံခွဲများ၏တည်နေရာ၊ လိုအပ်သောနေရာအကျယ်အဝန်း၊ ပိုင်ဆိုင်မှုနှင့် အသုံးပြုပုံ

နောက်ဆက်တွဲ ၃ အိမ်ထောင်စုများအတွက် မေးခွန်းများ

နောက်ဆက်တွဲ ၄ အများပြည်သူအတွက် သတင်းအချက်များပါဝင်သည့် စာအုပ်ငယ်

**ပူးတွဲပါ ၁** တိုင်ပင်ဆွေးနွေးပွဲများမှ မှတ်တမ်းများ

အနှစ်ချုပ်

## စီမံကိန်းအကြောင်းဖော်ပြချက်

ဤပြန်လည်နေရာချထားရေးနှင့် တိုင်းရင်းသားလူမျိုးအုပ်စုများဖွံ့ဖြိုးရေးအစီအစဉ် (REGDP) သည် မြန်မာလျှပ်စစ်ဓါတ်အား ကွန်ရက်စီမံကိန်း၏ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်းအတွက် ပြုစုထားခြင်းဖြစ်ပါသည်။ ဤအစိတ်အပိုင်းအတွက် အကောင်အထည်ဖော်ဆောင်သည့် ဌာနမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အောက်ရှိ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဖြစ်ပါသည်။ ဤအစိတ်အပိုင်းတွင် အောက်ပါလုပ်ငန်းများပါဝင်ပါသည် (၁) လက်ရှိ ဓါတ်အားရုံ ၆ ခုကို အဆင့်မြှင့်တင်ခြင်း (၂) ဓါတ်အားရုံအသစ် ၄၂ ခုတည်ဆောက်ခြင်း (၃) စုစုပေါင်းအရှည် ၈၄၃.၃ ကီလိုမီတာရှိသည့် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးသည့် ဓါတ်အားလိုင်းသစ် (DL) ၄၀ တပ်ဆင်ခြင်း။ ယင်းလုပ်ဆောင်မှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခု - ဧရာဝတီ၊ ပဲခူး (အရှေ့နှင့် အနောက်)၊ မွန်၊ ကရင် နှင့် ရခိုင် - တို့တွင် လုပ်ဆောင်မည်ဖြစ်သည်။ ယခုအပိုင်းတွင် လျှပ်စစ်ဓါတ်အားပို့လွှတ်သည့်ပစ္စည်းများကို စီမံခန့်ခွဲရန်အတွက် ပိုင်ဆိုင်မှုများစီမံခန့်ခွဲမှုစနစ်ကို ကွန်ပြူတာစနစ်ဖြင့်လုပ်ဆောင်စေခြင်းနှင့် လျှပ်စစ်ဓါတ်အားသုံးစွဲသူများကို ကျသင့်ငွေကောက်ခံရန် ကွန်ပြူတာစနစ်တစ်ခုတို့လည်းပါဝင်သည်။

## ထိခိုက်သက်ရောက်မှုများနှင့် မြေယာရယူသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်း အတိုင်းအတာ

DL ၏ ၁၄ မီတာကျယ်သော စင်္ကြံသည် စုစုပေါင်းဧရိယာအားဖြင့် ၁၁၈၉.၆ ဟက်တာ နေရာယူမည်ဟု ခန့်မှန်းပါသည်။ ကောက်ပဲသီးနှံများအပေါ်တွင်လည်း ယာယီသဘောဆောင်သည့် ထိခိုက်မှုများရှိပါလိမ့်မည်။ သို့သော် ဓါတ်အားလိုင်းသည် အများအားဖြင့် လမ်းများပေါ်တွင်သာ ဖြတ်သန်းသွားခြင်း၊ တည်ဆောက်ချိန်ကာလတိုခြင်း၊ လယ်သမားအများစု ထွန်ယက်ခြင်းမပြုသည့် ခြောက်သွေ့ရာသီတွင် လုပ်ငန်းလုပ်ဆောင်ရန် ချိန်ဆထားခြင်းတို့ကြောင့် အဆိုပါထိခိုက်မှုများသည် အနည်းငယ်သာရှိမည်ဟု မျှော်မှန်းထားပါသည်။ လျှပ်စစ်ဓါတ်အား ပို့လွှတ်သည့် ဓါတ်အားလိုင်းများသွားရာ လမ်းကြောင်းတွင် မြေယာရယူသိမ်းဆည်းမည်မဟုတ်သော်လည်း အမြင့်ကန့်သတ်ချက်မှာ ၆၆ ကီလိုဗို့ ဓါတ်အားလိုင်းအတွက် ၅.၈ မီတာဖြစ်ပြီး ၃၃ ကီလိုဗို့ ဓါတ်အားလိုင်းအတွက်မှာ ၅.၅ မီတာ ဖြစ်သဖြင့် သစ်ပင်များကိုမူ အပြီးအပိုင်ရှင်းလင်းပစ်ရမည်ဖြစ်ပါသည်။

DL ကို ထမ်းပိုးရန်အတွက် စိုက်ထူရမည့် တိုင်ပေါင်း ၁၃၇၆၂ တိုင်၏ သက်ရောက်မှုများမှာလည်း အပြီးအပိုင်ဖြစ်ပါလိမ့်မည်။ သို့သော် တိုင်တစ်ခုချင်းအတွက် ၀.၀၃ စတုရန်းမီတာ သာလိုအပ်သဖြင့် ယင်းတို့အတွက် လိုအပ်သည့်စုစုပေါင်းမြေပမာဏမှာ ၀.၀၄ ဟက်တာသာရှိပါလိမ့်မည်။ အများအားဖြင့် လမ်းအပေါ်မှသာ ဓါတ်အားလိုင်းဖြတ်သန်းသွားမည့်အစီအမံကလည်း ပုဂ္ဂလိကပိုင်မြေများအပေါ်ထိခိုက်မှုကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဟု မျှော်လင့်ပါသည်။

ဓါတ်အားရုံတစ်ခုအတွက်မှလွဲ၍ ဓါတ်အားရုံ ၄၈ ရုံအတွက် လိုအပ်သောမြေများကို သတ်မှတ်ပြီးဖြစ်ပါသည်။ ယင်း ဓါတ်အားရုံများသည် စုစုပေါင်း ၃၈.၁ ဟက်တာလိုအပ်ပါလိမ့်မည်။ သို့သော် ယင်းမြေ၏ ၇၁.၁% ကို အစိုးရက ပိုင်ဆိုင်ပြီး ၁၀.၇ ဟက်တာကိုသာလျှင် ပုဂ္ဂလိကပိုင်ရှင် ၁၇ ဦးထံမှ ရယူရန်လိုအပ်ပါမည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ESE ထံသို့ ပုဂ္ဂလိကကော်ပိုရေးရှင်းတစ်ခုက လှူဒါန်းခဲ့သောမြေ ၀.၄၅ ဟက်တာကို လျော်ကြေးပေးအပ်သွားမည်ဖြစ်သည်။ အကြောင်းမှာ ယင်းသို့ပြုလုပ်ခဲ့မှုသည် စီမံကိန်းကို ADB ၏ ဘဏ္ဍာရေးပံ့ပိုးမှုဖြင့်ဆောင်ရွက်မည်ဟုသိရှိ၍ ကြိုတင်မျှော်လင့်ဆောင်ရွက်ခြင်း ဖြစ်နိုင်ခြေရှိသောကြောင့်ဖြစ်သည်။ ပုဂ္ဂလိကပိုင်မြေများ၏ ๙၂.၅% သည် စိုက်ပျိုးမြေများဖြစ်ပြီး ယင်းတို့၏ ၅၇% တွင် စပါးစိုက်ပျိုးထားပါသည်။ ကျန်မြေများမှာ နှစ်ရှည်ပင်များနှင့် သဘာဝခြုံနွယ်များဖြင့် ဖုံးလွှမ်းနေပါသည်။ သိမ်းယူရန်လိုအပ်သည့် မြေဧရိယာသည် ထိခိုက်မှုခံရသော အိမ်ထောင်စုများ

ပိုင်ဆိုင်သောမြေများ၏ ၁၂.၅% ရှိပြီး ယင်းသိမ်းဆည်းခံမြေများမှ ဝင်ငွေသည် ယင်းတို့ စုစုပေါင်းဝင်ငွေ၏ ၁၂.၇% ခန့် ရှိပါမည်။ အိမ်ထောင်စု ၁၇ စု အနက်မှ အိမ်ထောင်စု ၉  စု တို့သည် ယင်းတို့ပိုင်ဆိုင်သောမြေများ၏ ၁၀% အထက် ဆုံးရှုံးမည်ဖြစ်ပြီး အိမ်ထောင်စု ၄ စုတို့သည် ယင်းတို့ဝင်ငွေ၏ ၁၀% သို့မဟုတ် အထက်ကို ဆုံးရှုံးကြမည်ဖြစ်သည်။ ယင်းတို့အနက် အိမ်ထောင်စုတစ်ခုမှာမူ ယင်းတို့ အဓိကနေထိုင်ရာအိမ်အဖြစ်ပါအသုံးပြုလျက်ရှိသည့် အိမ်နှင့်ဆိုင်တွဲလျက် အဆောက်အအုံကို ဆုံးရှုံးမည်ဖြစ်သည်။

သိမ်းယူရမည့် မြေများအားလုံးတို့တွင် မြေယာအသုံးပြုလက်မှတ် (LUC) များရှိကြသည်။ မြေပိုင်ဆိုင်သူတစ်ဦးတွင် သီးစားချထားသူတစ်ဦးရှိသည်။ အစိုးရပိုင်ဆိုင်သည့် နေရာနှစ်ခုလုံးတွင် ပုဂ္ဂလိက ပုဂ္ဂိုလ်တစ်ဦးက စပါးစိုက်ပျိုးရန်အတွက် မြေကို အသုံးပြုလျက်ရှိသည်။ ထို့ကြောင့် စုစုပေါင်းထိခိုက်သည့် အိမ်ထောင်စုအရေအတွက်မှာ ၂၀ ဖြစ်လာခဲ့သည်။ အိမ်ထောင်စုတစ်ခုလျှင် ပျမ်းမျှအားဖြင့် လူ ၄.၈ ဦး နှုန်းဖြင့်တွက်လျှင် ထိခိုက်မှုခံရသူ စုစုပေါင်းအရေအတွက်မှာ ၉၆ ဦးဖြစ်သည်။ ယင်းတို့အနက် အိမ်ထောင်စု ၃ ခုကို ထိခိုက်လွယ်သည်ဟု သတ်မှတ်နိုင်သည် - အိမ်ထောင်စု တစ်စုမှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုဖြစ်ပြီး၊ နောက်အိမ်ထောင်စုတစ်စုမှာ တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၂ ဒေါ်လာအောက်သာ ဝင်ငွေရှိသည်။ ကျန်အိမ်ထောင်စုတစ်ခုမှာ ယင်းတို့ပိုင်ဆိုင်သည့် မြေယာအားလုံးဆုံးရှုံးမည်ဖြစ်သည်။

## လူမှုစီးပွားဆိုင်ရာအခြေအနေ

စီမံကိန်းတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် ၅ ခုတွင် ၂၀၁၄ ခုနှစ်စာရင်းအရ စုစုပေါင်းလူဦးရေ ၁၇ ၈၆၉ ၄၈၁ ဦးရှိသည်။ ၁၉၈၃ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းကို အခြေခံအဖြစ်အသုံးပြုလျှင် ယင်းတို့၏ လူဦးရေတိုးနှုန်းမှာ ပျမ်းမျှအားဖြင့် ၀.၉% ရှိပြီး နိုင်ငံတစ်ဝန်းလူဦးရေတိုးနှုန်းဖြစ်သည့် ၁.၂% ထက် နိမ့်သည်။ စစ်တမ်းကောက်ယူထားသည့် အိမ်ထောင်စု ၂၁ စု (ထိခိုက်ခံရသော အိမ်ထောင်စု ၂၀ နှင့် ယခင်မြေပိုင်ရှင်တစ်ဦး) တို့တွင် ပျမ်းမျှအားဖြင့် အိမ်ထောင်စုဝင် ၄.၈ ဦးရှိသည်။ စစ်တမ်းကောက်ယူထားသော အိမ်ထောင်စုများအကြားတွင် အမျိုးသား ၁၀၀ ဦးတိုင်းတွင် အမျိုးသမီး ၁၂၇ ဦးရှိသည်။ ယင်းတို့အားလုံးသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။

အိမ်ထောင်စုဝင်များ၏ ၉.၀ % ခန့် (အသက် ၆ နှစ်နှင့် အထက်) တို့သည် ပညာမတတ်ကြချေ။ ကျားနှင့်မ အကြားတွင် ရာခိုင်နှုန်းအရ ခြားနားမှုမရှိပါ။ သို့သော် အမျိုးသမီးအများသည် မူလတန်းအဆင့်တွင် ကျန်နေကြပြီး အမျိုးသား ရာခိုင်နှုန်း အများသည် အလယ်တန်းနှင့် တက္ကသိုလ်ပညာရေးရှိကြပုံပေါ်သည်။ အမျိုးသားများ၊အမျိုးသမီးများ နှစ်စုလုံးအတွက် အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော်လည်း လုပ်ငန်းနှင့် နေ့စားလုပ်သားနေရာများတွင် အမျိုးသားများက လွှမ်းမိုးထားသည်။ စစ်တမ်းကောက်ယူထားသော အိမ်ထောင်စုများအကြား အလုပ်အကိုင်ရှိမှုအဆင့်မှာ ၉၅% ဖြစ်သည်။ ၂၀၁၆ ခုနှစ် ပျမ်းမျှနှစ်စဉ် အိမ်ထောင်စုဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၀၉၉၁ ဖြစ်သည်။ အသုံးစရိတ် များစွာနည်းပါးသဖြင့် အိမ်ထောင်စုတစ်ခုသည် ၂၀၁၆ ခုနှစ်တွင် ပိုလျှံငွေ အမေရိကန်ဒေါ်လာ ၁၃၆၁၈ ရှိသည်။

ဝင်ငွေသည် စစ်တမ်းကောက်ယူထားသော အိမ်ထောင်စုများ ယေဘုယျအားဖြင့် စီးပွားရေးအရပြေလည်ကြကြောင်း ညွှန်ပြနေသော အရာများစွာအနက်မှ တစ်ခုသာဖြစ်ပါသည်။ ယင်းအိမ်ထောင်စုများ၏ ပျမ်းမျှမြေပိုင်ဆိုင်မှုမှာ ၈.၁ ဟက်တာ ရှိပြီး တစ်နိုင်ငံလုံးရှိ ပျမ်းမျှပိုင်ဆိုင်မှုအတိုင်းအတာ၏ သုံးဆခန့် ပိုမိုများပြားပါသည်။ ယင်းတို့လက်ဝယ်ရှိမြေယာ၏ ၉၇.၇% သည် မြေယာအသုံးပြုလက်မှတ်ရှိကြသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် စပါးကို အဓိက စိုက်ပျိုးသော်လည်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်မူ ရာဘာဖြစ်သည်။ အိမ်ထောင်စုအားလုံးနီးပါးတွင် ကောင်းမွန်သည့်အိမ်သာများ ရှိကြသည်။ အိမ်ထောင်စုအများစုတို့၏ ရေအရင်းအမြစ်မှာ ရေတွင်းဖြစ်သည်။

## စီမံကိန်းနယ်မြေအတွင်းရှိ တိုင်းရင်းသားအုပ်စုများ

စစ်တမ်းကောက်ယူထားသော အိမ်ထောင်စုများ၏ ၅၉ % သည် ဗမာလူမျိုးများဖြစ်ပြီး ၄၁% မှာ အခြားတိုင်းရင်းသား အုပ်စုဝင်များဖြစ်ကြသည်။ ယင်းအုပ်စုများမှာ မွန်၊ ကရင်နှင့် ရခိုင်တို့ဖြစ်သည်။ မွန်နှင့် ရခိုင်တို့သည် သမိုင်းတစ်ချိန်က အားကောင်းသောဘုရင့်နိုင်ငံများ၊ ခေတ်မီသော လူ့အဖွဲ့အစည်းများ ထူထောင်နိုင်ခဲ့ကြပြီး ယင်းသမိုင်းသည် ၄င်းတို့တွင် အားကောင်းသော ကိုယ်ပိုင်ဝိသေသလက္ခဏာဆိုင်ရာ ခံစားမှုများဖြစ်ပေါ်စေခဲ့သည်။ ကရင်လူမျိုးများမှာမူ ပိုမိုရောနှောနေထိုင်တတ်သော ဓလေ့ရှိပြီး အုပ်စုခွဲများရှိကာ ယင်းတို့၏ စုပေါင်းဝိသေသလက္ခဏာသည် မြန်မာနိုင်ငံကို ဗြိတိသျှအုပ်စိုးစဉ်ကာလ ၁၈၀၀ ခုနှစ်များအတွင်းတွင်ကမှ ပေါ်ပေါက်လာခဲ့သည်။

ဓါတ်အားရုံများသည် ဤတိုင်းရင်းသားအုပ်စုများအသုံးပြုနေသော မြေယာများအပေါ် တိုက်ရိုက်ထိခိုက်မှုရှိလိမ့်မည်။ သို့သော် ယင်းတို့၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့် ယဉ်ကျေးမှုအစဉ်အလာများကိုမူ ထိခိုက်မည်မဟုတ်ပါ။ အဓိက အချက်အလက် ပေးနိုင်သော အင်တာဗျူးများနှင့် တိုင်ပင်ဆွေးနွေးသည့်အစည်းအဝေး ၅ ကြိမ်တို့တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ DL များနှင့် ဓါတ်အားရုံများကြောင့် ထိခိုက်သွားနိုင်သည့် လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အရေးပါသည့် နေရာများရှိကြောင်း ပြောဆိုကြခြင်းမရှိပါ။ ထို့အတူပင် တိုင်းရင်းသားအုပ်စုများ၏ ရိုးရာအစဉ်အလာ၊ ကိုးကွယ်ယုံကြည်မှု နှင့် ဓလေ့အရလုပ်ဆောင်မှုများကို ဆိုးဝါးစွာ ထိခိုက်လာနိုင်သော ကိစ္စများရှိကြောင်းလည်း မည်သူကမျှ ပြောဆိုဆွေးနွေးကြခြင်းမရှိပါ။ အကြောင်းရင်းမှာ စီမံကိန်းသည် ယင်းအိမ်ထောင်စုများဆီသို့ ကွန်ရက်အတွင်းမှ လျှပ်စစ်ဓါတ်အားကို တိုက်ရိုက်ယူဆောင်လာမည်ဖြစ်ပြီး ယင်းတို့၏ စီးပွားရေးလုပ်ဆောင်နိုင်မှုများကို ပိုမိုကောင်းမွန်စေမည် ဖြစ်သောကြောင့် ဖြစ်သည်။

## အချက်အလက်များထုတ်ပြန်ကြေညာမှုနှင့် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းများ

၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်းတွင် ပြုလုပ်ခဲ့သော ဒေသန္တရအာဏာပိုင်များနှင့် အစည်းအဝေးများ၊ ဆွေးနွေးတိုင်ပင်ပွဲများ၊ အဓိက အချက်အလက်ပေးနိုင်သူများနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးများ၊ လူမှုစီးပွားစစ်တမ်းများ မှတဆင့် စီမံကိန်းဆိုင်ရာသတင်းအချက်အလက်များကို ဖြန့်ဝေခဲ့ပါသည်။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများတွင် ၁၀၀% လုံးသည် စီမံကိန်းအကြောင်း သိရှိနေခဲ့ပါသည်။ ယင်းတို့အားလုံးသည် အဓိကအားဖြင့် ယုံကြည်အားကိုးနိုင်ပြီး ဈေးသက်သာသော လျှပ်စစ်ဓါတ်အားပေးနိုင်ခြင်း ဖြစ်သည့် စီမံကိန်း၏ အကျိုးကျေးဇူးကိုလည်း ပြောကြားနိုင်ကြပါသည်။ ၄င်းတို့အနက်အများစုသည် စီမံကိန်းကြောင့် ၄င်းတို့ပိုင်မြေယာတစ်စိတ်တစ်ပိုင်း သိမ်းဆည်းမှုကြုံကြရသော်လည်း ၉၅% ခန့်သည် ထိခိုက်မှုများအကြောင်းကို မပြောခဲ့ကြပေ။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၃၀ မှ အောက်တိုဘာလ ၂၀ အတွင်းတွင် အမျိုးသမီး ၁၂၁ ဦးနှင့် တိုင်းရင်းသားအုပ်စုများမှ ကိုယ်စားပြုသူများအပါအဝင် လူဦးရေစုစုပေါင်း ၄၅၄ ဦးတို့ဖြင့် ဆွေးနွေးတိုင်ပင်ပွဲပေါင်း ၈ ပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ စီမံကိန်းကို လိုအပ်မှုနှင့် အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်ချက်များကို ပါဝင်တက်ရောက်သူများက ပြောကြားခဲ့ကြသော်လည်း လျော်ကြေးနှုန်းထားနှင့် သက်ဆိုင်သော ကိစ္စကိုလည်း တင်ပြခဲ့ကြသည်။ REGDP ကို ပြန်လည်မွမ်းမံပြီးသည်နှင့် ယင်းနှင့် အများပြည်သူအတွက် သတင်းအချက်အလက်များပါဝင်သော စာအုပ်ငယ်တို့ကို မြန်မာဘာသာသို့ ပြန်ဆိုပြီး ထိခိုက်မှုခံရသော ပြည်သူများ ရယူဖတ်ရှုနိုင်ရန် စီမံဆောင်ရွက်သွားပါမည်။ ADB မှ စီမံကိန်းပြီးစီးမှုအစီရင်ခံစာ မထုတ်ပြန်မချင်း REGDP ကို မွမ်းမံဆဲကာလ၊ တည်ဆောက်ရေးကာလ နှင့် လည်ပတ်လုပ်ဆောင်စဉ်အဆင့်များအတွင်းတွင် အဆင့်များစွာပါဝင်သော တိုင်ပင်ဆွေးနွေးပွဲများကို အချိန်အပိုင်းအခြားအလိုက် ကျင်းပသွားမည်ဖြစ်ပါသည်။

## အဆင်မပြေမှုများ ညှိနှိုင်းဖြေရှင်းရေးစနစ် (GRM)

ဓါတ်အားရုံများနှင့် ဆက်စပ်ပြီး ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးလုပ်ငန်း နှင့် နစ်နာကြေးနှုန်းထားများ သတ်မှတ်ခြင်း၊ ထိခိုက်ခံရသော အိမ်ထောင်စုများသို့ နစ်နာကြေးပေးအပ်သည့်လုပ်ငန်းစဉ်ကို စီမံခန့်ခွဲခြင်းတို့ကို ထောက်ကူရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရသည် ဌာနပေါင်းစုံပါဝင်သော ကော်မတီကိုဖွဲ့စည်းမည်ဖြစ်ပါသည်။ DL စကြံ တစ်လျှောက်ရှိ ထိခိုက်မှုများကို ပေးလျော်ရာတွင် စီမံကိန်းနှင့် ကန်ထရိုက်တာများသည် အဆိုပါနှုန်းထားများကို အသုံးပြုမည်ဖြစ်ပါသည်။ အဆင့် ၃ ဆင့် ပါဝင်သော အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးစနစ်သည် တိုင်ကြားမှုများကို လက်ခံ ဖြေရှင်းရာတွင် လွတ်လပ်၊ ပွင့်လင်းမြင်သာ၊ အချိန်သင့်၊ ကျေနပ်ဖွယ်ကောင်းသော အသွင်ဖြင့် လုပ်ဆောင်မည်ဖြစ်ပါသည်။ အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီ (GRC) သည် ESE PMU ၊ ခရိုင်ရုံးနှင့် နိုင်ငံတော်အဆင့် ရုံးချုပ် စသည့် အဆင့် ၃ ဆင့်တွင် လည်ပတ်လုပ်ဆောင်မည်ဖြစ်ပါသည်။ PMU ကို ဖွဲ့စည်းပြီးသည်နှင့်တပြိုင်နက် GRC သည် စတင်အသက်ဝင်မည်ဖြစ်ပြီး အဆင်မပြေတိုင်ကြားမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းချက်များကို ပြီးစီးရန်သတ်မှတ်ထားသည့် အချိန်အပိုင်းအခြားအတွင်း ဖြေရှင်းမည်ဖြစ်ပါသည်။ အဆင့် ၃ ဆင့် ပါဝင်သော GRM တွင် အယူခံဝင်နိုင်ရန်အတွက်လည်းနေရာ ဖန်တီးထားပါသည်။ တိုင်ကြားသူသည် အောက်အဆင့်တစ်ဆင့်တွင် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက အထက်အဆင့်သို့တက်ရောက် တိုင်ကြားဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

## မူဝါဒဆိုင်ရာ နှင့် ဥပဒေဆိုင်ရာ မူဘောင်

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ နှစ်ခုလုံးတွင် မြေယာများအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်သည်ဟု ပြဆိုထားပါသည်။ သို့သော် အကယ်၍ နိုင်ငံတော်အနေဖြင့် ပိုင်ဆိုင်မှုကို ပြန်လည်ရယူသည့်အခါတွင် မြေယာပေါ်တွင် ထူထောင်ထားသော ပိုင်ဆိုင်မှုများအတွက် “သင့်လျော်သော လျော်ကြေး” ပေးအပ်ရမည်ဟု ၂၀၁၂ လယ်ယာမြေဥပဒေတွင် ပြဌာန်းထားပါသည်။ LUC မရှိသော မြေယာများအတွက် လျော်ကြေးပေးရမည်ဟု ယင်းဥပဒေတွင် ပြဌာန်းမထားသော်လည်း ပြန်လည်နေရာချထားရေး သို့မဟုတ် ဌာနေတိုင်းရင်းသားများအပေါ်သက်ရောက်မှုများ ပါဝင်သည့် စီမံကိန်းများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများ၊ ယင်းတို့မရှိခဲ့လျှင် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ် နှင့် နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) တို့၏ စံနှုန်းများအတိုင်း ညီညွတ်အောင်လုပ်ဆောင်ရမည်ဟု ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပြဌာန်းထားပါသည်။ ယင်းပြဌာန်းချက်သည် မြန်မာနိုင်ငံ၏ဥပဒေများ နှင့် ADB ၏ ကာကွယ်စောင့်ရှောက်ခြင်း မူဝါဒဆိုင်ရာ ဖော်ပြချက် (၂၀၀၉ ) တို့ကို ပေါင်းကူးဆက်သွယ်ပေးထားပါသည်။

## ခံစားခွင့်

REGDP ၏ အစိတ်အပိုင်းဖြစ်သော သန်းခေါင်စာရင်း နှင့် DMS တို့သည် အမှန်တကယ်ဆုံးရှုံးမှုများကို တိုင်းတာမည်ဖြစ်ပြီး နောက်ဆုံးမွမ်းမံ သတ်မှတ်ထားသော ခံစားခွင့်များသည် ယင်းတို့အပေါ်တွင် အခြေတည်မည်ဖြစ်ပါသည်။ ဈေးကွက်ပေါက်ဈေး စစ်တမ်းကောက်ယူမှု ရလဒ်များနှင့် တိုင်ပင်ဆွေးနွေးမှုများမှတဆင့် ဆုံးရှုံးမှုများကို အမှန်တကယ် ပြန်လည်အစားထိုးရန်လိုအပ်သော နှုန်းထားများကို သတ်မှတ်မည်ဖြစ်ပါသည်။ လျော်ကြေးကို ငွေသားဖြင့် ပေးအပ်မည်ဖြစ်ပြီး ခင်ပွန်းနှင့် ဇနီးနှစ်ဦးစလုံးတို့က လက်ခံရယူရမည်ဖြစ်သည်။ ဖြစ်နိုင်ပါက လျော်ကြေးငွေပေးအပ်ခြင်းကို ဘဏ်မှတဆင့် လွှဲပြောင်းပေးအပ်ခြင်းဖြင့် ငွေသားဖြင့် လုပ်ကိုင်ဆောင်ရွက်ရမှုများကို အနည်းဆုံးဖြစ်အောင်လုပ်ဆောင်ပါမည်။ အကယ်၍ ဘဏ်၏ လိုအပ်ချက်များနှင့် ကိုက်ညီပါက ဘဏ်စာရင်းမရှိသည့် ထိခိုက်ခံရသော အိမ်ထောင်စုများအနေဖြင့် ခင်ပွန်း၊ ဇနီး နှစ်ဦးစလုံး၏ အမည်ဖြင့် ဘဏ်စာရင်းဖွင့်လှစ်နိုင်ရန် စီမံကိန်းက ကူညီမည်ဖြစ်ပါသည်။ DL စကြံ တစ်လျှောက်ရှိ ထိခိုက်လွယ်သော အိမ်ထောင်စုများ၊ မူလအပင်များကို ဆက်လက်စိုက်ပျိုးနိုင်ခြင်းမရှိတော့သော ရာဘာနှင့်

သစ်သီးပင်များစိုက်ပျိုးသူများတို့သည် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအစီအစဉ်များနှင့် လေ့ကျင့်သင်ကြားပေးမှုများ စသည့် အထူးအထောက်အပံ့ကို ရရှိကြမည်ဖြစ်သည်။ အိမ်ထောင်စုများ၏ ဝင်ငွေကို မူရင်းအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် စီမံရာတွင် ပေးအပ်သော လျော်ကြေးငွေများနှင့် အထောက်အပံ့များသည် လုံလောက်မှုရှိသည်ဟု သတ်မှတ်ပါသည်။ စကြံတလျောက်တွင် သတ်မှတ်ထားသော အမြင့်ကန့်သတ်ချက်ကြောင့် သီးနှံအမျိုးအစားရွေးချယ်ရာတွင် အတားအဆီးကြုံရသောသူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အိမ်ထောင်စုအဆင့်နှင့် ကိုက်ညီအောင် ဖန်တီးထားသော အထောက်အပံ့များကို အကောင်အထည်ဖော်မည်ဖြစ်သည်။ နစ်နာကြေးခံစားခွင့်ရှိသူစာရင်းကောက်ယူမှုများတွင်သုံးသော နောက်ဆုံးစာရင်းပိတ်ရက် (cut-off date) မှာ သန်းခေါင်စာရင်းနှင့် DMS ကောက်ယူရာတွင် လုပ်ဆောင်ခဲ့သော နောက်ဆုံးရက်ဖြစ်ပါသည်။

## ပြန်လည်နေရာချထားရေးဘတ်ဂျက်နှင့် ဘဏ္ဍာရေးအစီအစဉ်

REGDP အကောင်အထည်ဖော်ရေးအတွက် စုစုပေါင်းဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ ၄၁၆၅၂၀ ဖြစ်သည်။ လျော်ကြေးနှုန်းထားများနှင့် အထောက်အပံ့များ၏ ပမာဏကို ပြန်လည်သုံးသပ်မည်ဖြစ်ပြီး သန်းခေါင်စာရင်း၊ DMS နှင့် REGDP အကောင်အထည်ဖော်စဉ်ရှိမည့် ဈေးကွက်ပေါက်ဈေးများအပေါ် အခြေခံကာ ပြန်လည် ချိန်ညှိသွားမည်ဖြစ်သည်။ MOEE သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နှင့် ADB တို့အကြား သဘောတူထားသော ဘဏ္ဍာရေးအစီအစဉ်အပေါ် အခြေခံကာ ပြန်လည်နေရာချထားရေးအတွက် ရန်ပုံငွေများကို ပေးအပ်သွားမည်ဖြစ်သည်။ ဒေသဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) သည် လျော်ကြေးအတွက် ခန့်မှန်းကုန်ကျစရိတ်ကို တွက်ချက်ကာ MOEE ထံသို့ တင်ပြမည်ဖြစ်ပြီး MOEE သည် သက်ဆိုင်ရာ ငွေပမာဏကို GAD ၏ ငွေစာရင်းအတွင်းသို့ ပေးသွင်းမည်ဖြစ်သည်။

## အကောင်အထည်ဖော်ဆောင်ရေးအချိန်ဇယား

REGDP ကို ကိုးလကြာကာလအတွင်း အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ဓါတ်အားခွဲရုံများကြောင့် မည်သည့် အိမ်ထောင်စုများ ထိခိုက်ခံရမည်ကို သိရှိသတ်မှတ်ပြီးဖြစ်ပါသည်။ ချွင်းချက်အားဖြင့် ဓါတ်အားခွဲရုံဆောက်လုပ်ရန် တည်နေရာမသတ်မှတ်ရသေးသည့် နေရာတစ်ခုသာရှိပါသည်။ DL အတွက်မူ အသေးစိတ်အင်ဂျင်နီယာဒီဇိုင်း ပြီးစီးမှသာလျင် ထိခိုက်ခံရသော အိမ်ထောင်စုများကို သတ်မှတ်နိုင်မည်ဖြစ်ပါသည်။ DL နှင့် ဓါတ်အားရုံများနှစ်ခုလုံးကြောင့် ထိခိုက်ခံရသော အိမ်ထောင်စုများကို သန်းခေါင်စာရင်းကောက်ယူပြီး DMS စတင်လုပ်ဆောင်မည်ဖြစ်ပါသည်။ သန်းခေါင်စာရင်းနှင့် DMS ရလဒ်များကို အခြေခံကာ ထိခိုက်ခံရသော အိမ်ထောင်စုတစ်ခုချင်းအတွက် လျော်ကြေးနှုန်းထားများကို တွက်ချက်ပေးအပ်ပါမည်။ GRM ကို ဖွဲ့စည်းပြီးနောက် PMU စတင်လည်ပတ်နိုင်သည်နှင့် တပြိုင်နက် PMU သည် GRM ကို စတင်လုပ်ဆောင်ပါမည်။

## အင်စတီကျူးရှင်းဆိုင်ရာ မူဘောင်

MOEE သည် ESE PMU မှ တဆင့် REGDP အကောင်အထည်ဖော်မှုကို ကြီးကြပ်မည်ဖြစ်သည်။ ယင်းသည် ပြန်လည်နေရာချထားရေးလုပ်ဆောင်မှုများတွင် GAD နှင့် နေ့စဉ် ညှိနှိုင်းချိတ်ဆက်လုပ်ဆောင်မှုများ ချောမွေ့စေရန် နှင့် ထိခိုက်နစ်နာသူ အိမ်ထောင်စုများသို့ သဘောတူညီထားသည့် လျော်ကြေးများ အလျင်အမြန်ပေးနိုင်စေရန် လုပ်ဆောင်မည်ဖြစ်သည်။ စက်ယာဉ်များနှင့် ဆောက်လုပ်ရေးပစ္စည်းများ သယ်ယူခြင်းကြောင့် ပျက်စီးသွားသော ပိုင်ဆိုင်မှုများကို ပေးလျော်စေရန်၊ မြေယာများကို မူရင်းအနေအထားသို့ ပြန်လည်ရောက်ရှိစေရေး လုပ်ဆောင်ရန်တို့ အပါအဝင် စကြံပြင်ပရှိ မြေယာများကို ယာယီအသုံးပြုရာတွင် မြေယာအသုံးပြုနေသူနှင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်ရန် အချက်အလက်များကို ကန်ထရိုက်တာ၏ စာချုပ်တွင်ပါဝင်စေရန် PMU က အသေအချာလုပ်ဆောင်မည် ဖြစ်သည်။ ပေးချေငွေများသည် စီမံကိန်းက သတ်မှတ်ထားသော နှုန်းထားများနှင့် ညီညွတ်ပြီး ယင်းတို့ကို စောင့်ကြည့်ခြင်း အစီအစဉ်၏

အစိတ်အပိုင်းတစ်ခုအဖြစ် စောင့်ကြည့်သွားမည်ဖြစ်သည်။ ယင်းသည် ကန်ထရိုက်တာအနေဖြင့် စာချုပ်ပါ ကတိကဝတ်များကို လေးစားလိုက်နာမှုကိုလည်း ကြီးကြပ်စောင့်ကြည့်သွားမည်ဖြစ်သည်။

## စောင့်ကြည့်ခြင်း

အဓိက စောင့်ကြည့်လုပ်ဆောင်ခြင်းများသည် REGDP တွင် ဖော်ပြထားသော လျော့ပါးသက်သာစေရန် အကောင်အထည်ဖော်ခြင်းများအပေါ်တွင် စူးစိုက်မည်ဖြစ်သည်။ စီမံကိန်းမတိုင်မီ မူရင်းအခြေအနေများမှ၊ တိုင်ပင်ဆွေးနွေးသည့်အဆင့်၊ လျော်ကြေးပေးသည့်အဆင့်၊ အသက်မွေးဝမ်းကျောင်း အထောက်အကူအစီအစဉ်များနှင့် လေ့ကျင့်သင်တန်းပေးမှုများ ပြီးစီးသည်အထိ၊ ပြင်းထန်စွာထိခိုက်ခံရသော အိမ်ထောင်စုများနှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများအပေါ်စူးစိုက်ကာ စောင့်ကြည့်လုပ်ဆောင်မည်ဖြစ်သည်။ လျော်ကြေးလုပ်ငန်းစဉ်ကို ပေးသည့်အချိန်မှစ၍ စောင့်ကြည့်မည်ဖြစ်သည်။ ထိခိုက်ခံရသော အိမ်ထောင်စုများ လျော်ကြေးရရှိပြီးနောက် ၁၅ ရက်အကြာနှင့် လုပ်ငန်းခွင်နေရာနှင့် ဆက်စပ်ပြီး မည်သည့် အငြင်းပွားမှု၊ အတားအဆီး မရှိဟု သေချာမှသာ လုပ်ငန်းလုပ်ဆောင်မည့်နေရာ ရှင်းလင်းခြင်းကို စတင်လုပ်ဆောင်မည်ဖြစ်သည်။ REGDP အကောင်အထည်ဖော်မှု၏ တိုးတက်မှုလစဉ်အစီရင်ခံစာကို GAD က တင်ပြမည်ဖြစ်သည်။ ESE သည် လစဉ်အစဉ်အစီရင်ခံစာများကို ADB သို့ တင်ပြရန် သုံးလပတ်အစီရင်ခံစာများအဖြစ် စုစည်းမည်ဖြစ်သည်။ စောင့်ကြည့်သည့် ကာလအပိုင်းအခြားတိုင်းအတွက် GAD သည် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေး အတိုင်ပင်ခံများ (PIC) ၏ ထောက်ကူမှုဖြင့် ဖြေရှင်းရန်လိုအပ်သည့်ကိစ္စရပ်များ၊ အထူးအထောက်အပံ့ပေးအပ်ထားသည့် အုပ်စုများ၏ အဆင့်အတန်း၊ ထိခိုက်ခံရသော အိမ်ထောင်စုများ၏ ဝင်ငွေအဆင့် စသည်တို့ကို မှတ်သားသွားမည်ဖြစ်သည်။ လျော်ကြေးကို အပြည့်အဝပေးအပ်ပြီးသည်နှင့် တပြိုင်နက် လျော်ကြေးပေးအပ်မှုပြီးစီးခြင်း အစီရင်ခံစာကို ရေးသားပြုစုသွားမည်။

# ၁။ စီမံကိန်းအကြောင်းဖော်ပြချက်

## ၁.၁။ စီမံကိန်းနောက်ခံအကြောင်းအရာ

၁။ လျှပ်စစ်ဓါတ်အားကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ယင်း၏ လျှပ်စစ်ဓါတ်အားပို့လွှတ်၊ ဖြန့်ဖြူးသည့်ကွန်ရက်များ ချဲ့ထွင်ခြင်းနှင့် ဆက်စပ်သော ဓါတ်အားရုံများတည်ဆောက်တပ်ဆင်ခြင်းတို့မှတဆင့် မြန်မာနိုင်ငံရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးတို့ကို ကူညီပံ့ပိုးရန် ရန်ရွယ်ပါသည်။ စီမံကိန်းတွင် အစိတ်အပိုင်း ၂ ခုပါဝင်ပြီး ယင်းတို့မှာ ဓါတ်အားပို့လွှတ်ခြင်း နှင့် ဓါတ်အားဖြန့်ဖြူးခြင်းတို့ဖြစ်ပါသည်။ ဤပြန်လည်နေရာချထားရေးနှင့် တိုင်းရင်းသားအုပ်စုများဖွံ့ဖြိုးရေးအစီအစဉ် (REGDP) ကို ဓါတ်အားဖြန့်ဖြူးသည့် အစိတ်အပိုင်းအတွက် ပြုစုရေးသားထားခြင်းဖြစ်ပါသည်။ ဓါတ်အားဖြန့်ဖြူးရေးအပိုင်းအတွက် အကောင်အထည်ဖော်ဆောင်သောဌာနမှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းဖြစ်ပါသည်။ ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်းတွင် အောက်ပါတို့ ပါဝင်သည် -

(က) လက်ရှိ ဓါတ်အားရုံ ၆ ရုံကို အဆင့်မြှင့်တင်ခြင်း ( ဓါတ်အားရုံတစ်ခုကို 66kV/11kV 20MVA သို့ နှင့် ဓါတ်အားရုံ ၅ ရုံကို 33kV/11kV 10MVA သို့ အဆင့်မြှင့်တင်ခြင်း)

(ခ) ဓါတ်အားရုံအသစ် ၄၂ ရုံတည်ဆောက်ခြင်း ( စွမ်းဆောင်ရည်အားဖြင့် 66kV/33kV 20MVA မှ 33kV/11kV 5MVA အထိရှိသည့် ဓါတ်အားရုံများ)

(ဂ) စုစုပေါင်း အရှည် ၈၄၃.၃ ကီလိုမီတာရှိသည့် ဓါတ်အားဖြန့်ဖြူးသည့်လိုင်းသစ် ၄၀ တပ်ဆင်တည်ဆောက်ခြင်း။ (၃၃ ကီလိုဗို့ x ၁၃ လိုင်းနှင့် ၆၆ ကီလိုဗို့ x ၂၇ လိုင်း)

၂။ ဓါတ်အားရုံများသည် ပြည်နယ်နှင့်တိုင်းဒေသကြီး ၅ ခု - ဧရာဝတီ၊ ပဲခူး ( အရှေ့နှင့် အနောက်)၊ မွန်၊ ကရင် နှင့် ရခိုင် (မြေပုံ ၁) - တို့တွင် ပျံ့နှံ့တည်ရှိမည်ဖြစ်ပါသည်။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် လျှပ်စစ်ဓါတ်အားပို့လွှတ်ရာတွင်အသုံးပြုသောပစ္စည်းများကို စီမံခန့်ခွဲရန် ကွန်ပြူတာစနစ်သုံး ပိုင်ဆိုင်မှုစီမံခန့်ခွဲရေးစနစ်တစ်ခု နှင့် လျှပ်စစ်ဓါတ်အားအသုံးပြုသူများအတွက် ကွန်ပြူတာစနစ်သုံး အသုံးပြုခကောက်ခံရေးစနစ်တစ်ခုတို့ကို ESE အောက်ရှိ နယ်မြေများတွင် အကောင်အထည်ဖော်သွားပါမည်။

၃။ ဧရာဝတီတိုင်းဒေသကြီးတွင် ဓါတ်အားရုံအသစ် ၁၂ ခု ရရှိမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခုအနက် အရေအတွက် အများဆုံးဖြစ်ပါသည် (ဇယား ၁)။ ပဲခူးအရှေ့ပိုင်းတွင် ဓါတ်အားရုံ ၃ ခုသာ ရရှိမည်ဖြစ်ပြီး အရေအတွက်အနည်းဆုံးဖြစ်ပါသည်။ DL အတွက် ၆၇၂.၂ ကီလိုမီတာသည် ၆၆ ကီလိုဗို့အတွက်ဖြစ်ပြီး ၁၇၀.၆ ကီလိုမီတာမှာ ၃၃ ကီလိုဗို့အတွက်ဖြစ်သည်။ ကရင်ပြည်နယ်တွင် DL အသစ် အလျားအရှည်ဆုံးရရှိမည်ဖြစ်ပြီး ၂၅၃.၁ ကီလိုမီတာ ရှိမည်။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းရှိ စီမံကိန်းခွဲများ၏ အသေးစိတ်အချက်အလက်များနှင့် တည်နေရာများကို နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားသည်။

## ၁.၂။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလိုင်းအစိတ်အပိုင်းနှင့် မြေယာရယူသိမ်းဆည်းသည့် အတိုင်းအတာပမာဏ

၄။ DL များနှင့် ဓါတ်အားရုံများအတွက် မြေနေရာလိုအပ်ပါလိမ့်မည်။ DL များအတွက် ၁၄ မီတာကျယ်ဝန်းသော စင်္ကြံနှင့် တိုင်များစိုက်ထူရန်အတွက် တိုင်ခြေနေရာများလိုအပ်ပါမည်။ စင်္ကြံ၏ မြေယာရယူခြင်းဆိုင်ရာ ထိခိုက်မှုမှာ

တည်ဆောက်ရေးကာလအတွင်းတွင်သာဖြစ်ပြီး ယာယီထိခိုက်မှုသာဖြစ်ပါသည်။ တည်ဆောက်ပြီးနောက်ပိုင်းတွင် အမြင့်ကန့်သတ်ချက်များထားရှိမည်ဖြစ်ပြီး လိုအပ်လျှင် အခြားသီးနှံအမျိုးအစားများကို ပြောင်းလဲစိုက်ပျိုးရမည် ဖြစ်ပါသည်။ စီမံကိန်းလည်ပတ်လုပ်ဆောင်သည့်အဆင့်တွင် ရံဖန်ရံခါ ထိန်းသိမ်းရေးနှင့် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သော်လည်း ယင်းတို့လုပ်ဆောင်ရန်အတွက် လိုအပ်သောအကျယ်အဝန်းမှာ လုပ်ဆောင်သော နေရာတစ်ဝိုက်တွင်သာ ဖြစ်ပါလိမ့်မည်။ တိုင်များစိုက်ထူရန်လိုအပ်သောနေရာကို အပြီးအပိုင် ရယူရမည်ဖြစ်ပါသည်။ တိုင်တစ်တိုင်ချင်းစီအတွက် ၀.၀၃ စတုရန်းမီတာ (၁၆ x ၁၉ စင်တီမီတာ) လိုအပ်မည် ဖြစ်ပါသည်။

ဇယား ၁ - ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခုတွင် ဓါတ်အားရုံများပြန့်နှံ့တည်ရှိပုံ

| တိုင်းဒေသကြီး / ပြည်နယ် | လက်ရှိ ဓါတ်အားရုံကို အဆင့်မြှင့်တင်ခြင်း | ဓါတ်အားရုံအသစ်များ တည်ဆောက်ခြင်း | ဓါတ်အားဖြန့်ဖြူးရေးလိုင်းအသစ် ၆၆ ကီလိုဗို့ (km) | ဓါတ်အားဖြန့်ဖြူးရေးလိုင်းအသစ် ၃၃ ကီလိုဗို့ (km) | ဓါတ်အားလိုင်းအသစ်များ၏ စုစုပေါင်းအရှည် |
|---|---|---|---|---|---|
| ဧရာဝတီ | ၀ | ၁၂ | ၁၅၄.၇ | ၁၄.၅ | ၁၆၉.၂ |
| ပဲခူး အရှေ့ | ၃ | ၃ | ၀ | ၁၈.၆ | ၁၈.၆ |
| ပဲခူး အနောက် | ၂ | ၄ | ၄၈.၃ | ၅၈.၄ | ၁၀၆.၇ |
| ကရင်ပြည်နယ် | ၀ | ၉ | ၂၃၅.၄ | ၁၇.၇ | ၂၅၃.၁ |
| မွန်ပြည်နယ် | ၁ | ၅ | ၆၄.၄ | ၆၀.၆ | ၁၂၅.၀ |
| ရခိုင်ပြည်နယ် | ၀ | ၉ | ၁၆၉.၉ | ၀.၈ | ၁၇၀.၇ |
| စုစုပေါင်း | ၆ | ၄၂ | ၆၇၂.၇ | ၁၇၀.၆ | ၈၄၃.၃ |

**မြေပုံ ၁ - အဆိုပြုထားသော ဓါတ်အားရုံများနှင့် ဓါတ်အားဖြန့်ဖြူးရေးလိုင်းများ၏ တည်နေရာ**



၅။ DL အတွက် အသုံးပြုရန်လိုအပ်သည့်စုစုပေါင်း ဧရိယာမှာ ၁၁၈၀.၆၄ ဟက်တာ (ဇယား ၂) ဖြစ်ပါသည်။ သို့သော် ယင်းဧရိယာအနက်မှ ၁၁၈၀.၆ ဟက်တာသည် စင်္ကြန်ဖစ်ပါသည်။ ဤဧရိယာအတွင်းတွင် စိုက်ပျိုးသော သီးနှံ၊ အပင်များ၏အမြင့်အတွက် ထာဝရကန့်သတ်ချက်ရှိပါမည်။ ကျန်သော ၀.၀၄ ဟက်တာသည် စိုက်ထူမည့် တိုင်ပေါင်း ၁၃၇၆၂ တိုင်အတွက် တိုင်ခြေနေရာအဖြစ်လိုအပ်ခြင်းဖြစ်ပါသည်။ တိုင်များအားလုံး၏ ၇၅% ခန့်သည် ၆၆ ကီလိုဗို့ လိုင်းများအတွက် ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးအနက်တွင် DL ကြောင့် ထိခိုက်မှုအများဆုံးမှာ ကရင်ပြည်နယ်ဖြစ်ကာ စုစုပေါင်းထိခိုက်မှု ၃၅၄.၄၁ ဟက်တာရှိသော်လည်း အများစုထိခိုက်မှုမှာ စင်္ကြန်အတွက် ယာယီအားဖြင့် ထိခိုက်မှုဖြစ်ပါသည်။ DL စုစုပေါင်းအလျား၏ ၄၇.၇% သည် ကရင်ပြည်နယ် အတွင်းတွင် တည်ရှိပါမည်။

ဇယား ၂ - ဓါတ်တိုင်များနှင့် စင်္ကြံကြောင့် ထိခိုက်သော နယ်မြေဧရိယာ အကျဉ်းချုပ်ဖော်ပြချက်

| **တိုင်းဒေသကြီး/ပြည်နယ်** | **ကီလိုဗို့** | **အလျား (ကီလိုမီတာ)** | **ယာယီထိခိုက်ခြင်း သို့သော် အမြင့်ကန့်သတ်မှု ထာဝရရှိ (ဟက်တာ)[1]** | **ဓါတ်တိုင် အရေအတွက်** | **အပြီးအပိုင် ထိခိုက်မှု (ဟက်တာ)[2]** | **စုစုပေါင်း (ဟက်တာ)** |
|---|---|---|---|---|---|---|
| ဧရာဝတီတိုင်းဒေသကြီး | ၆၆ | ၁၅၄.၇ | ၂၁၆.၆ | ၂၃၈၀ | ၀.၀၀၇ | ၂၁၆.၆၁ |
| | ၃၃ | ၁၄.၅ | ၂၀.၃ | ၂၉၀ | ၀.၀၀၁ | ၂၀.၃၀ |
| ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း | ၆၆ | ၀ | ၀ | ၀ | ၀ | ၀ |
| | ၃၃ | ၁၈.၆ | ၂၆.၀ | ၃၇၂ | ၀.၀၀၁ | ၂၆.၀၀ |
| ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း | ၆၆ | ၄၈.၃ | ၆၇.၆ | ၇၄၃ | ၀.၀၀၂ | ၆၇.၆၀ |
| | ၃၃ | ၅၈.၄ | ၈၁.၈ | ၁၁၆၈ | ၀.၀၀၄ | ၈၁.၈၀ |
| ကရင်ပြည်နယ် | ၆၆ | ၂၃၅.၄ | ၃၂၉.၆ | ၃၆၂၂ | ၀.၀၁၀ | ၃၂၉.၆၁ |
| | ၃၃ | ၁၇.၇ | ၂၄.၈ | ၃၅၄ | ၀.၀၀၁ | ၂၄.၈၀ |
| မွန်ပြည်နယ် | ၆၆ | ၆၄.၄ | ၉၀.၂ | ၉၉၁ | ၀.၀၀၃ | ၉၀.၂၀ |
| | ၃၃ | ၆၀.၆ | ၈၄.၈ | ၁၂၁၂ | ၀.၀၀၄ | ၈၄.၈၀ |
| ရခိုင်ပြည်နယ် | ၆၆ | ၁၆၉.၉ | ၂၃၇.၉ | ၂၆၁၄ | ၀.၀၀၈ | ၂၃၇.၉၁ |
| | ၃၃ | ၀.၈ | ၁.၁ | ၁၆ | ၀.၀၀၀ | ၁.၁ |
| ပေါင်း | ၆၆ | ၆၇၂.၇ | ၉၄၁.၈ | ၁၀၃၅၀ | ၀.၀၃၀ | ၉၄၁.၈၃ |
| | ၃၃ | ၁၇၀.၆ | ၂၃၈.၈ | ၃၄၁၂ | ၀.၀၁၀ | ၂၃၈.၈၁ |
| စုစုပေါင်း | | ၈၄၃.၃ | ၁၁၈၀.၆ | ၁၃၇၆၂ | ၀.၀၄၀ | ၁၁၈၀.၆၄ |

[1] စင်္ကြံသည် ၁၄ မီတာ အကျယ်ရှိပါမည်။ ဓါတ်အားလိုင်းအရှည်နှင့် စင်္ကြံအကျယ်ကို မြှောက်ကာ ယာယီထိခိုက်မည့်

| **တိုင်းဒေသကြီး/ပြည်နယ်** | **ကီလိုဗို့** | **အလျား (ကီလိုမီတာ)** | **ယာယီထိခိုက်ခြင်း သို့သော် အမြင့် ကန့်သတ်မှုထားဝရရှိ (ဟက်တာ)၁** | **ဓါတ်တိုင် အရေအတွက်** | **အပြီးအပိုင် ထိခိုက်မှု (ဟက်တာ)၂** | **စုစုပေါင်း (ဟက်တာ)** |
|---|---|---|---|---|---|---|
| ဧရိယာကို တွက်ချက်ထားပါသည်။ | | | | | | |
| ၂ တိုင်အခြေသည် (၁၆ x ၁၉ စင်တီမီတာ) ၀.၀၃ စတုရန်းမီတာ ရှိပါသည်။ | | | | | | |

၆။ ဓါတ်အားရုံတစ်ရုံအတွက်မှ လွဲ၍ ဓါတ်အားရုံ ၄၈ ရုံအတွက် မြေလိုအပ်ချက်များကို သတ်မှတ်ဆုံးဖြတ်ပြီးဖြစ်ပါသည် (ဇယား ၃)။ ဓါတ်အားရုံများအတွက် စုစုပေါင် ၃၈.၁ ဟက်တာ လိုအပ်ပါမည်။ သို့သော် ယင်းမြေ၏ ၇၁.၁% သည် အစိုးရပိုင်မြေဖြစ်ပါသည်။ စုစုပေါင်းလိုအပ်သောမြေ၏ ၂၈.၁% သို့မဟုတ် ၁၀.၇ ဟက်တာကို ပုဂ္ဂလိကမြေပိုင်ရှင်များ ထံမှ ရယူရန်လိုအပ်ပါသည်။

ဇယား ၃ - ဓါတ်အားရုံများကြောင့် ထိခိုက်မည့် မြေဧရိယာဖော်ပြချက် အကျဉ်းချုပ် - ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ

| **တိုင်းဒေသကြီး/ပြည်နယ်** | **ဓါတ်အားရုံ အရေအတွက်** | **အပြီးအပိုင်ထိခိုက်သွားသော မြေ (ဟက်တာ)** | | | **စုစုပေါင်း (ဟက်တာ)** |
|---|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | ထပ်မံလိုအပ်သောမြေ | |
| ဧရာဝတီတိုင်းဒေသကြီး | ၁၂ | ၂.၆ | ၄.၂ | ၀ | ၆.၈ |
| ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း | ၆ | ၂.၈ | ၀ | ၀.၃၂ | ၃.၁ |
| ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း | ၆ | ၄.၃ | ၀ | ၀ | ၄.၃ |
| ကရင်ပြည်နယ် | ၉ | ၁.၇ | ၂.၂ | နေရာမရွေးချယ်ထား | ၃.၉ |
| မွန်ပြည်နယ် | ၆ | ၃.၁ | ၀.၄ | ၀ | ၃.၅ |
| ရခိုင်ပြည်နယ် | ၉ | ၁၂.၆ | ၃.၉ | ၀ | ၁၆.၅ |
| စုစုပေါင်း | ၄၈ | ၂၇.၁ | ၁၀.၇ | ၀.၃ | ၃၈.၁ |
| ရာခိုင်နှုန်း | | ၇၁.၁% | ၂၈.၁% | ၀.၈% | ၁၀၀% |

၇။ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ အုတ်တွင်းမြို့နယ်၊ ကြက်သွန်ခင်းရပ်ကွက်ရှိ ဓါတ်အားရုံအတွက် မြေ ၀.၃၂ ဟက်တာခန့်ကို ESE က ရယူရန်လုပ်ဆောင်ဆဲဖြစ်ပါသည်။

၈။ အစိုးရပိုင်မြေများ၏ ၃၇.၂% ကို ESE သည် ရယူထားပြီးဖြစ်ပါသည် (ဇယား ၄)။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရေလယ်ကလေးနှင် ရလွယ်ကျေးရွာများရှိ နေရာတစ်ခုတွင် ၀.၄၅ ဟက်တာရှိသော မြေကို ESE သို့ ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သည့် (ဝတီပိုင် ကုမ္ပဏီ လီမိတက်) က လှူဒါန်းခဲ့ပါသည်။ ယင်းလှူဒါန်းမှုကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၁ ရက် သို့မဟုတ် ADB မှ မူအားဖြင့် ခွင့်ပြုခြင်း (၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်) ပြီးနောက်

တစ်နှစ်ခန့်အကြာတွင် ပြုလုပ်ခဲ့သဖြင့် ယင်းသို့မြေယာရယူမှုသည် စီမံကိန်းသို့ ADB ၏ ဘဏ္ဍာရေးပံ့ပိုးမှုကို တင်ကြိုမျှော်လင့်ကာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်နိုင်ခြေရှိသည်။ ယင်းဖြစ်နိုင်ခြေကို ကာမိစေရန်နှင့် လျော်ကြေးများကို ပြန်လည်အစားထိုးနိုင်သည့်တန်ဖိုးဖြင့် ပေးလျော်ရမည့် ADB ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ယင်းမြေကို ဈေးကွက်ပေါက်ဈေးဖြင့် ပေးလျော်သွားမည်ဖြစ်သည်။ အခြားအစိုးရမြေများကို ပိုင်ဆိုင်သူများမှာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်သောဝန်ကြီးဌာနများ၊ ပြည်နယ် နှင့် ကျေးရွာအုပ်စုအစိုးရများတို့ ဖြစ်ကြပါသည်။

၉။ တိုင်းဒေသကြီး/ပြည်နယ်များအနက် ရခိုင်ပြည်နယ်တွင် စီမံကိန်းအတွက် မြေယာအများဆုံးရယူရန် လိုအပ်ပါသည်။ ဓါတ်အားရုံ ၉ ရုံအတွက် လိုအပ်သော ၁၆.၅ ဟက်တာသည် ဓါတ်အားရုံများအားလုံးအတွက် မြေလိုအပ်မှု၏ ၄၂.၇% ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဓါတ်အားရုံအရေအတွက်သည် ၁၂ ခုဖြင့် အများဆုံးဖြစ်သော်လည်း မြေလိုအပ်ချက်မှာ ၆.၈ ဟက်တာ သို့မဟုတ် ဓါတ်အားရုံများအားလုံးအတွက် လိုအပ်ချက်၏ ၁၇.၈% ဖြစ်ပါသည်။ ဓါတ်အားရုံတစ်ခုချင်း၏ တည်နေရာ၊ အဆောက်အအုံအမျိုးအစား၊ လိုအပ်သောဧရိယာ၊ ပိုင်ဆိုင်မှုအမျိုးအစား နှင့် အသုံးပြုမှုဆိုင်ရာ အသေးစိတ်အချက်အလက်များ နောက်ဆက်တွဲ ၂ တွင် ပါရှိပါသည်။

ဇယား ၄ - ပိုင်ဆိုင်မှုအလိုက် ဓါတ်အားရုံများအတွက် အစိုးရပိုင်မြေ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ

| **အစိုးရဌာန** | **ဧရိယာ (ဟက်တာ)** | **ရာခိုင်နှုန်း** |
|---|---|---|
| လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၁၀.၁ | ၃၇.၂% |
| သစ်တောဝန်ကြီးဌာန | ၁.၃ | ၄.၈% |
| စက်မှုဝန်ကြီးဌာန | ၁.၆ | ၅.၉ % |
| လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၀.၅ | ၁.၈% |
| ပြည်နယ်အစိုးရ | ၆.၉ | ၂၅.၆% |
| ကျေးရွာအုပ်စု အစိုးရ | ၆.၁ | ၂၂.၅% |
| အထွေထွေအစိုးရ | ၀.၆ | ၂.၂% |
| စုစုပေါင်း | ၂၇.၁ | ၁၀၀% |

## ၁.၃။ ပုဂ္ဂလိကပိုင်ဆိုင်မှုများအပေါ် ထိခိုက်မှုကို ရှောင်ရှားရန်နှင့် အနည်းဆုံး လျှော့ချရန် အခြားနည်းလမ်းများနှင့် အစီအမံများ

၁၀။ ပုဂ္ဂလိကပိုင်ဆိုင်မှုများအပေါ်ထိခိုက်မှုကို လျှော့ချရန်အတွက် DL တလျောက်ရှိ ဧရိယာအများစုတွင်ရှိသော မြေအသုံးပြုမှု၊ မြေပြင်အနေအထား၊ ထိခိုက်ရန်အလားအလာရှိသော ပိုင်ဆိုင်မှုများကို လေ့လာဆန်းစစ်ရာတွင် လက်ရှိမြေပုံများ၊ ဂြိုဟ်တုဓါတ်ပုံများ နှင့် မြေပြင်ကွင်းဆင်းလေ့လာခြင်းများ အသုံးပြု လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ မြေယာရယူသိမ်းဆည်းမှုများကို ရှောင်ရှားရန်အတွက် ဖြစ်နိုင်သမျှ အတိုင်းအတာဖြင့် DL ကို လမ်းများတစ်လျောက်သာ ဖြတ်သန်းသွားစေရန် နေရာချထားမည်ဖြစ်ပါသည်။ မြေပြင်အခြေအနေများနှင့် လမ်းကြောင်းတလျောက်ရှိ အဆောက်အအုံများအပေါ်မူတည်ပြီး ဓါတ်တိုင်များနေရာချထားရန် နေရာရွေးချယ်ရာတွင် ပြောင်းလဲချိန်ညှိရမှုများရှိမည်ဖြစ်သော်လည်း မြေယာရယူသိမ်းဆည်းရမှုများကို လျှော့ချနိုင်စေရန် အောက်ပါအစီအမံများဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

(၁) မလိုအပ်ဘဲ မြေယာရယူသိမ်းဆည်းရခြင်းများကို ရှောင်ရှားနိုင်ရန် တိုင်များစိုက်ထူခြင်းနှင့် ဓါတ်ကြိုးများ တပ်ဆင်ခြင်း ပြုလုပ်ရာတွင် နေရာအသုံးပြုမှုကို အများဆုံးဖြစ်စေပါမည်။

(၂) စက်ရုံ၏ အပြင်ဘက်တွင် လမ်းအသစ်များဖောက်လုပ်ရခြင်းမှ ရှောင်ရှားရန်အတွက် သယ်ယူပို့ဆောင်ရေးနှင့် ယာယီအသုံးပြုရန် လက်ရှိလမ်းကို အသုံးပြုမည်ဖြစ်ပါသည်။ လမ်းမရှိသောနေရာများတွင် တည်ဆောက်ရေးသုံးပစ္စည်းများကို ဖြစ်နိုင်သမျှ လူအားဖြင့် သို့မဟုတ် ကုန်တင်တိရစ္ဆာန်များဖြင့် သယ်ယူမည်ဖြစ်ပါသည်။ ချဉ်းကပ်လမ်းလိုအပ်လာခဲ့လျှင် REGDP တွင် ပါဝင်သည့် ခံစားခွင့်ဇယားနှင့် အညီ ထိခိုက်သော အိမ်ထောင်စုများအား ပေးလျော်သွားမည်ဖြစ်ပါသည်။

(၃) အလုပ်သမားများနေထိုင်ရန် အိမ်ယာများကို အသုံးပြုသူမရှိသော ပြည်သူပိုင်မြေများပေါ်တွင် ဆောက်လုပ်ခြင်း သို့မဟုတ် ကန်ထရိုက်တာက စီမံပေးခြင်းဖြင့် ယင်းအတွက် ပုဂ္ဂလိကပိုင်မြေများကို ရယူရန်လိုအပ်မည်မဟုတ်ပါ။ ပုဂ္ဂလိကပိုင်မြေများကို ရယူရန်လိုအပ်လာသည့်အခါ ကန်ထရိုက်တာသည် မြေကို ဈေးကွက်ပေါက်ဈေးအတိုင်း ဒေသခံကျေးရွာသူ/သားများထံမှ ငှားရမ်းမည်ဖြစ်ပါသည်။

(၄) ဆောက်လုပ်ရေးလုပ်ဆောင်သည့်အဆင့်ကို မြေယာများတွင် စိုက်ပျိုးရေးလုပ်ငန်းရပ်နားချိန်ဖြစ်သည့် ခြောက်သွေ့ရာသီတွင် ချိန်ကိုက်လုပ်ဆောင်ရန် စီစဉ်ထားပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးဝင်ငွေ၏ အဓိကအစိတ်အပိုင်းဖြစ်သော မုတ်သုန်ရာသီအတွင်း စိုက်ပျိုးသည့် အဓိက ရာသီသီးနှံဖြစ်သည့် (စပါး) ကို ထိခိုက်ခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

၁၁။ ESE သည် ဓါတ်အားရုံများအတွက် ပုဂ္ဂလိကပိုင်မြေများ ရယူရခြင်းကို အနည်းဆုံးဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရရှိအသုံးပြုနိုင်သော အစိုးရပိုင်မြေအားလုံးကို တည်နေရာနှင့်ပတ်သက်ပြီး ကွင်းဆင်းတိုင်းတာမှုများပြုလုပ်ခဲ့ပါသည်။ ဓါတ်အားရုံအသစ် ၄၂ ရုံအနက်မှ ၂၅ ရုံသည် အစိုးရပိုင်မြေပေါ်တွင် တည်ရှိပါမည်။ ယင်းတို့အနက် ၁၀ ရုံကို ESE ပိုင်မြေပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။ သို့သော် မြေနေရာတစ်ခုတွင်မူ ပုဂ္ဂိုလ်တစ်ဦးက ယင်းပိုင်ဆိုင်ကြောင်း ပြောဆိုဖြေရှင်းဆဲဖြစ်ပါသည်။ အခြား ဓါတ်အားရုံအသစ် ၁၅ ရုံတို့မှာ အခြားအစိုးရဌာနများပိုင်သော မြေပေါ်တွင် တည်ရှိပါမည်။ အဆိုပါ အစိုးရပိုင်မြေများပေါ်တွင် မည်သည့် ပုဂ္ဂလိက တစ်ဦးတစ်ယောက်မှ နေထိုင်လျက်မရှိသော်လည်း နေရာ ၂ ခု ( ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ် နှင့် ပဲခူးတိုင်းဒေသကြီး ကညွတ်မြို့နယ်) တို့တွင်မူ ပုဂ္ဂလိက စိုက်ပျိုးထားသော စပါးခင်းများရှိနေပါသည်။ နေရာတစ်ခုချင်းသည် ၀.၈ ဟက်တာရှိပါသည်။ နေရာ ၈ ခုသည် အခြေတကျထူထောင်ထားသော ESE ပိုင်ဝင်းများဖြစ်ပါသည်။ နေရာ ၆ ခုတွင် လက်ရှိ ဓါတ်အားရုံရှိနေပြီး နေရာ ၂ ခုတွင် ESE ရုံးအဆောက်အအုံ ရှိပါသည်။ နေရာ ၁ ခုတွင် အစိုးရပိုင်အဆောက်အအုံတစ်ခု ရှိပါသည်။ ကျန်နေရာများတွင် သဘာဝအလျောက်ပေါက်နေသောအပင်များ (ချုံဖုတ်များ၊ သစ်တောလက်ကျန်များ၊ မြက်ခင်းများ) ဖြင့် ဖုံးလွှမ်းနေပါသည်။

၁၂။ အစိုးရပိုင်မြေများကို အသုံးပြုသောကြောင့် ဓါတ်အားရုံ ၁၆ ရုံအတွက်သာ ပုဂ္ဂလိကပိုင်မြေများကို ရယူရန်လိုအပ်ပါသည်။ ဓါတ်အားရုံတစ်ရုံအတွက် သတ်မှတ်ထားသော မြေကို ယခုတိုင် မရွေးချယ်ရသေးပါ။ ဓါတ်အားရုံများတည်ဆောက်ရာတွင် အသုံးပြုရန် အစိုးရပိုင်မြေကို မနားမနေ ရှာဖွေလျက်ရှိသော ESE ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ရယူရန်လိုအပ်သော ပုဂ္ဂလိကပိုင်မြေပမာဏမှာ ထပ်မံ၍ လျော့နည်းသွားနိုင်ပါသည်။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ မဲလံရွာတွင် ရယူရန်လိုအပ်ခဲ့သော ပုဂ္ဂလိကပိုင်မြေကွက်ကို အစားထိုးရန်အတွက် စက်မှုဝန်ကြီးဌာနပိုင်မြေကွက်တစ်ခုကို ESE က ရှာဖွေတွေ့ရှိထားပါသည်။

၁၃။ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်ဒီဇိုင်းပုံစံကို ပြင်ဆင်ရေးဆွဲရာတွင် ESE နှင့် ယင်း၏ကန်ထရိုက်တာများသည် ဓါတ်အားလိုင်းသွယ်တန်းမှုလမ်းကြောင်းကို ပြန်လည်စစ်ဆေးမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများ (ဥပမာ- ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ သစ်တောဝန်ကြီးဌာန) ၊ လမ်းကြောင်းတလျောက်ရှိဒေသန္တရအာဏာပိုင်များတို့နှင့် ထပ်မံတိုင်ပင်ဆွေးနွေးသွားမည်ဖြစ်သည်။ ပုဂ္ဂလိက ပိုင်ဆိုင်မှုများအပေါ်ထိခိုက်မှုများကို လျော့ချရန် အဆိုပါဌာနများနှင့် ဒေသန္တရအာဏာပိုင်များတို့၏ အကြံပြုချက်များပေါ်အခြေခံကာ ဒီဇိုင်းပုံစံနှင့် လုပ်ဆောင်ရန်အစီအစဉ်တို့ကို စဉ်ဆက်မပြတ် ပြောင်းလဲ ဆောင်ရွက် သွားမည်ဖြစ်သည်။

## ၁.၄။ REGDP ၏ ရည်ရွယ်ချက်

၁၄။ ဤ REGDP ၏ ခြုံငုံသော ရည်ရွယ်ချက်မှာ ဓါတ်အားဖြန့်ဖြူးရေး အစိတ်အပိုင်းအတွက် ပြန်လည်နေရာချထားရေးနှင့် လျော်ကြေးပေးအပ်ရေး အစီအစဉ်ကို သတ်မှတ်ပြဌာန်းရန်နှင့် ထိခိုက်သောပုဂ္ဂိုလ် အရေအတွက်၊ ယင်းတို့၏ ထိခိုက်သွားသော ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုနှင့် ပိုင်ဆိုင်မှုများ အတိုင်းအတာကို တတ်နိုင်သမျှ နည်းပါးအောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထိခိုက်ခံရသောသူများအနေဖြင့် ယင်းတို့ဆုံးရှုံးသွားမှုများအတွက် ပြန်လည်အစားထိုးနိုင်သောနှုန်းထားဖြင့် လျော်ကြေးရရှိရန်၊ ယင်းတို့၏ လူနေမှုအဆင့်အတန်းကို စီမံကိန်းမတိုင်မီအခြေအနေနှင့် နှိုင်းယှဉ်လျှင် ပိုမိုတိုးတက်ကောင်းမွန်လာခြင်းမရှိလျှင်သော်မှ နဂိုမူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်ပေးမည့် အစီအမံများ ရရှိစေရန် REGDP က သေချာစေမည်ဖြစ်သည်။ သို့မှသာ ထိခိုက်ခံရသူများသည် အနည်းဆုံးအနေဖြင့် စီမံကိန်းမရှိခဲ့လျှင် ၎င်းတို့အနေဖြင့် ရှိနေခဲ့မည့်အခြေအနေတွင် အဆင်ပြေပြေရှိနေစေမည်ဖြစ်သည်။

## ၁.၅။ စီမံကိန်းဆိုင်ရာဖော်ပြချက် နှင့် REGDP တွင် အချက်အလက်များ ထပ်မံဖြည့်စွက်ရန် အစီအမံအတွက် အခြေခံ

၁၅။ စီမံကိန်းဆိုင်ရာဖော်ပြချက်သည် ကနဦးဒီဇိုင်းပုံစံ နှင့် DL ၏ ယေဘုယျလမ်းကြောင်း အစိတ်အပိုင်းများ၊ ဓါတ်အားရုံများအတွက် အဆိုပြုထားသော နေရာများတွင် လုပ်ဆောင်ခဲ့သော ကွင်းဆင်းတိုင်းတာမှုများအပေါ် အခြေခံထားပါသည်။ ESE နှင့် မြေပြင် ကွင်းဆင်းမှုများမှ အချက်အလက်များအပေါ်အခြေခံကာ စီမံကိန်းနေရာနှင့် ဓါတ်အားရုံများ တည်ဆောက်မှုကြောင့် ထိခိုက်ခံရသောအိမ်ထောင်စုများကို သတ်မှတ်နိုင်ခဲ့ပါသည်။ ဓါတ်အားရုံများအတွက် သတ်မှတ်ထားသောမြေနေရာ ပိုင်ရှင် ပုဂ္ဂိုလ်များ၏ လူမှုစီးပွားအခြေအနေ စစ်တမ်းကောက်ယူမှုနှင့် ဆွေးနွေးတိုင်ပင်အကြံဉာဏ်ရယူပွဲများကို စီမံကိန်းအစိတ်အပိုင်းများတည်ရှိရာ ပြည်နယ်/တိုင်းဒေသကြီးများတွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ဓါတ်အားရုံများ ဆောက်လုပ်ရန်သတ်မှတ်ထားသော မြေနေရာများတွင် စိုက်ပျိုးပေါက်ရောက်နေသော အပင်များကို မှတ်တမ်းတင်ရာတွင်မူ ကွင်းဆင်းရာတွင် အမှန်တကယ်တွေ့မြင်ခဲ့ရသည်ကို အခြေခံခဲ့ပါသည်။ ထိခိုက်သွားသော ပိုင်ဆိုင်မှုများကြောင့် ဆုံးရှုံးသွားဖွယ်ရာရှိသည့်ဝင်ငွေ နှင့် လျော်ကြေးကို ဈေးကွက်ပေါက်ဈေး အခြေခံကာ ခန့်မှန်းတွက်ချက်ရာတွင် အိမ်ထောင်စုများထံမှ ရရှိသော အချက်အလက်များ၊ ဈေးနှုန်းစစ်တမ်းကောက်ယူမှုများ၊ ပုဂ္ဂလိကမြေထိခိုက်မှုရှိသည့် လုပ်ငန်းနေရာတိုင်းတွင် ကျင်းပခဲ့သော တိုင်ပင်ဆွေးနွေးမှုများမှ အချက်အလက်များကို အသုံးပြုခဲ့ပါသည်။ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်ဒီဇိုင်းပုံစံပေါ်တွင် အခြေပြုပြီး REGDP ကို ထပ်မံမွမ်းမံသွားမည်ဖြစ်ပါသည်။

## ၂။ မြေယာရယူသိမ်းဆည်းခြင်းနှင့် ပြန်လည်နေရာချထားခြင်း အတိုင်းအတာ

### ၂.၁။ ထိခိုက်သွားသော မြေယာနှင့် သီးနှံများ

၁၆။ မြေယာရယူသိမ်းဆည်းရာနှင့် ပြန်လည်နေရာချထားရာတို့တွင် ပုဂ္ဂလိကပိုင်ဆိုင်မှုများလည်း ပါဝင်ပါလိမ့်မည်။ DL ကြောင့် ထိခိုက်သွားမည့် ပုဂ္ဂလိကပိုင်မြေ ပမာဏအတိအကျကိုမူ မဆုံးဖြတ်ရသေးပါ။ အဘယ်ကြောင့်ဆိုသော် ဓါတ်အားလိုင်းများ၏ လမ်းကြောင်းအတိအကျကို နေရာမသတ်မှတ်ရသေးသောကြောင့် ဖြစ်ပါသည်။ သို့သော် ဓါတ်ကြိုးများကို လမ်းများပေါ်မှသာ အများအားဖြင့် ဖြတ်သန်းသွားရန် စီစဉ်ထားသဖြင့် ပြည်နယ်/တိုင်းဒေသကြီး ၅ ခုတွင် ဓါတ်တိုင်များစိုက်ထူရန်လိုအပ်သည့်မြေ ၀.၀၄ ဟက်တာ အနက် ပုဂ္ဂလိကပိုင်မြေ၏ ပါဝင်မှုအချိုးအစားမှာ အလွန်နည်းပါးပါလိမ့်မည်။

၁၇။ စကြံတလျောက်တွင် မြေအကျယ် ၁၁၈၀ ဟက်တာလိုအပ်မည်ဟု ခန့်မှန်းထားသော်လည်း ပုဂ္ဂလိကပိုင် မြေများအပေါ် ထိခိုက်မှုမှာ များပြားမည်မဟုတ်ဟု မျှော်လင့်ပါသည်။ စကြံအတွက် လမ်းပေါ်မှ ဖြတ်သန်းသွားရန် စီမံခြင်းအပြင် ဓါတ်တိုင်များစိုက်ထူခြင်း၊ ဓါတ်ကြိုးများသွယ်တန်းခြင်းတို့ကိုလည်း လျင်မြန်စွာဆောင်ရွက်မည် ဖြစ်ပါသည်။ ဓါတ်တိုင်တစ်တိုင် စိုက်ထူခြင်းနှင့် ဓါတ်တိုင် နှစ်တိုင်အကြား ဓါတ်ကြိုးသွယ်တန်းခြင်းတို့ကို တစ်ရက်တာအတွင်း ဆောင်ရွက်ပါမည်။ စိုက်ထူတပ်ဆင်မှုများကို လယ်ယာစိုက်ပျိုးမှုရပ်နားချိန်ဖြစ်သည့် ခြောက်သွေ့ရာသီအတွင်းဆောင်ရွက်မည်ဖြစ်ပါက သီးနှံများအပေါ် ထိခိုက်မှုကိုလည်း ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။

၁၈။ စကြံတလျောက်ရှိ သစ်ပင်များကို ဖယ်ရှားမည်ဖြစ်ပြီး ပုဂ္ဂလိက ပိုင်ရှင်ရှိသော သစ်ပင်များကို အစားထိုးနိုင်သောတန်ဖိုးဖြင့် ပေးလျော်မည်ဖြစ်ပါသည်။ သစ်ပင်များကို ဖယ်ရှားမည့် အချိန်ဇယားနှင့် ပတ်သက်ပြီး သစ်ပင်ပိုင်ရှင်များနှင့် တိုင်ပင်ဆွေးနွေးမည်ဖြစ်ကာ ပိုင်ရှင်များအနေဖြင့် သစ်ပင်များမှ သစ်သားနှင့် အခြားအစိတ်အပိုင်းများကို ရယူလိုပါက ရယူထားနိုင်မည်ဖြစ်ပါသည်။ လျော်ကြေးငွေသည် ကန်ထရိုက်တာ၏ ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ပါသည်။ သစ်ပင်များကို ခုတ်ထွင်ဖယ်ရှားရန်မှာ ကန်ထရိုက်တာ၏ စာချုပ်ပါအစိတ်အပိုင်းတစ်ခုဖြစ်ပြီး DMS မပြီးမချင်း ပုဂ္ဂလိကပိုင်သစ်ပင် အရေအတွက် မည်မျှထိခိုက်သွားမည်ကို ဆုံးဖြတ်နိုင်မည်မဟုတ်ပါ။ ယင်းသစ်ပင်များကို ဆောက်လုပ်ရေးဆိုင်ရာ ထိခိုက်မှု အစိတ်အပိုင်းအဖြစ် ပေးလျော်မည်ဖြစ်ကာ သစ်သားရရှိနိုင်သောအပင်များအတွက် သက်ဆိုင်ရာသစ်၏ ဈေးကွက်ပေါက်ဈေးဖြင့်လည်းကောင်း၊ သစ်သီးပင်နှင့် အခြားစီးပွားဖြစ်အပင်များအတွက် အထွက်နှုန်းတန်ဖိုးဖြင့် လည်းကောင်း ပေးလျော်မည်ဖြစ်သည်။ ရေရှည်သက်ရောက်မှုမှာ စကြံအတွင်းတွင် အဆောက်အအုံများနှင့် အပင်များအတွက် ကန့်သတ်ချက်များထားရှိခြင်းပင်ဖြစ်သည်။ နိုင်ငံတော်၏ လျှပ်စစ်ဥပဒေအရ အထက်အောက် ကင်းလွတ်သတ်မှတ်ချက်မှာ ၆၆ ကီလိုဗို့အတွက် ၅.၈ မီတာနှင့် ၃၃ ကီလိုဗို့အတွက် ၅.၅ မီတာဖြစ်သည်။

၁၉။ ဓါတ်အားရုံများအတွက်လိုအပ်သော ၁၀.၇ ဟက်တာရှိ ပုဂ္ဂလိကပိုင်မြေသည် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် ရခိုင်ပြည်နယ် စသည့် တိုင်းဒေသကြီး/ပြည်နယ် ၄ ခုအတွင်းတွင် တည်ရှိပါသည်။ အခြားတိုင်းဒေသကြီး နှစ်ခုအတွင်းရှိ ဓါတ်အားရုံများအတွက် ပုဂ္ဂလိကပိုင်မြေများကို ရယူရန် မလိုအပ်ပါ။ ဓါတ်အားရုံများအတွက် ရယူရန်လိုအပ်သော ပုဂ္ဂလိကပိုင်မြေများ၏ ၉၂.၅% ခန့်သည် စိုက်ပျိုးမြေ ဖြစ်ပါသည်။ ယင်းတို့၏ ၅၇% ခန့်သည် စပါးခင်းများဖြစ်ပါသည် (ဇယား ၅)။ ယင်းစပါးစိုက်ခင်းများသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်းတွင် ရှိပါသည်။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ထိခိုက်မှုရှိမည့်မြေများတွင် ရာဘာပင်များစိုက်ပျိုးထားပါသည်။ ထိခိုက်ခံရမည့် ပုဂ္ဂလိကပိုင်မြေများတွင် စိုက်ပျိုးထားသော အခြားအပင်များမှာ ကရင်ပြည်နယ်တွင် သစ်သားအပင်များနှင့် ရခိုင်ပြည်နယ်တွင် သီဟိုဠ်ပင်များဖြစ်ပါသည်။ ဓါတ်အားရုံများကြောင့်

ထိခိုက်သော ပုဂ္ဂလိကပိုင်မြေများ၏ ၇.၅% နှင့် ညီမျှသော ၀.၈ ဟက်တာရှိ မြေပေါ်တွင် ခြံနွယ်များဖြင့်သာ ဖုံးလွှမ်းလျက်ရှိပါသည်။

## ၂.၂။ ထိခိုက်သွားမည့် မြေယာများ ပိုင်ဆိုင်မှုအနေအထား

၂၀။ ဓါတ်အားရုံများတည်ဆောက်ရန် လိုအပ်သော ပုဂ္ဂလိကပိုင်မြေများအားလုံးတွင် မြေယာအသုံးပြုမှုလက်မှတ် (LUC) များရှိကြပါသည်။ အကယ်၍ LUC မရှိသော ပုဂ္ဂလိကပိုင်မြေကို ဓါတ်အားရုံဆောက်ရန်အတွက် ရယူရန်လိုအပ်လာပါက ယင်းမြေကို အသုံးပြုနေသူတွင် တရားဥပဒေကြောင်းအရဖြစ်စေ၊ ရိုးရာအစဉ်အလာအရဖြစ်စေ ယင်းမြေကို ပိုင်ဆိုင်သည့်အခွင့်ရှိကြောင်း ပြဆိုနိုင်ပါက အစားထိုးနိုင်သည့်တန်ဖိုးဖြင့် ပေးလျော်သွားမည်ဖြစ်သည်။

## ၂.၃။ ထိခိုက်ခံရသော အိမ်ထောင်စုများ

၂၁။ DL ၏ စကြံအတွင်းရှိ ပုဂ္ဂလိကပိုင်မြေများကို မသတ်မှတ်ရသေးသဖြင့် ယင်းမြေများကိုပိုင်ဆိုင်သော အိမ်ထောင်စုပေါင်း အရေအတွက်မည်မျှရှိသည်ဆိုသည့် အချက်အလက်မရရှိသေးပါ။ သို့သော် ဓါတ်အားရုံများ တည်ဆောက်ရန်အတွက် သိမ်းယူရန်လိုသော ပုဂ္ဂလိကပိုင်မြေများတွင် သီးခြားပိုင်ရှင် ၁၇ ဦး ရှိပါသည် (ဇယား ၆)။ ထို့အပြင် မြေမပိုင်သော အိမ်ထောင်စု ၃ စု အပေါ်လည်း ထိခိုက်မှုရှိပါမည်။ တစ်ဦးမှာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံကူးကျေးရွာတွင် ရှိပြီး မြေပိုင်ရှင်ထံမှ သီးစားလုပ်ကိုင်နေသူဖြစ်ပါသည်။ ကျန် ၂ ဦးမှာ အဆိုပါဒေသတွင်ပင် ESE ပိုင်မြေပေါ်တွင် ထွန်ယက်လုပ်ကိုင်နေသူများဖြစ်ပါသည်။ တစ်ဦးမှာ ရန်ကုန်-မန္တလေးလမ်းရှိ ကညွတ်ကွင်းမြို့နယ်တွင် ရှိပြီး ကျန်တစ်ဦးမှာ ဇလွန်မြို့နယ် ညောင်ပင်ဈေး ကျေးရွာတွင်ရှိပါသည်။ စုစုပေါင်း ထိခိုက်သော အိမ်ထောင်စုပေါင်းမှာ ၂၀ ဖြစ်ပါသည်။

၂၂။ ပျမ်းမျှအားဖြင့် အိမ်ထောင်စုတစ်စုတွင် လူ ၄.၈ ဦးနှုန်းဖြင့် တွက်လျင် စုစုပေါင်း ထိခိုက်ခံရသူအရေအတွက်မှာ ၉၆ ဦးဖြစ်သည်။ အကယ်၍ ပဲခူးအရှေ့ပိုင်း၊ အုတ်တွင်းမြို့နယ်၊ ကြက်သွန်ခင်းရပ်ကွက်တွင် ရှိမည့် ဓါတ်အားရုံအတွက် မြေနေရာကို ပိုင်ဆိုင်သည်ဟု တောင်းဆိုနေသောအိမ်ထောင်စုကိုပါ ထည့်သွင်းတွက်ချက်လျင် စုစုပေါင်း ထိခိုက်သော အိမ်ထောင်စုပေါင်း ၂၁ စု ရှိပြီး လူအရေအတွက်မှာ ၁၀၁ ဦးဖြစ်ပေမည်။

ဇယား ၅ - ထိခိုက်သော ပုဂ္ဂလိကပိုင်မြေဧရိယာကို စိုက်ပျိုးဖုံးလွှမ်းနေသော အပင်အမျိုးအစားလိုက်ဖော်ပြချက် - ၂၀၁၇ ဒီဇင်ဘာ

| **တိုင်းဒေသကြီး / ပြည်နယ်** | **ဖုံးလွှမ်းနေသော အပင်အမျိုးအစား (ဟက်တာ)** | | | | | **စုစုပေါင်း** |
|---|---|---|---|---|---|---|
| | စပါး | ရာဘာ | သစ် | သီဟိုဠ် | မြို့များ | |
| ဧရာဝတီတိုင်းဒေသကြီး | ၄.၂ | ၀ | ၀ | ၀ | ၀ | ၄.၂ |
| ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ကရင်ပြည်နယ် | ၀ | ၁.၀ | ၀.၄ | ၀ | ၀.၈ | ၂.၂ |
| မွန်ပြည်နယ် | ၀ | ၀.၄ | ၀ | ၀ | ၀ | ၀.၄ |
| ရခိုင်ပြည်နယ် | ၁.၉ | ၀ | ၀ | ၂.၀ | ၀ | ၃.၉ |
| စုစုပေါင်း | ၆.၁ | ၁.၄ | ၀.၄ | ၂.၀ | ၀.၈ | ၁၀.၇ |
| ရာခိုင်နှုန်း | ၅၇.၀% | ၁၃.၁% | ၃.၇% | ၁၈.၇% | ၇.၅% | ၁၀၀% |

## ၂.၄။ ထိခိုက်မှုများ၏ အတိုင်းအတာ

၂၃။ DL သွယ်တန်းခြင်းကြောင့် မည်သည့် အိမ်ထောင်စုမျှ ယင်းတို့ပိုင်ဆိုင်သော မြေယာ၏ ၁၀% အထက် သို့မဟုတ် ယင်းတို့ ဝင်ငွေ၏ ၁၀% အထက်ဆုံးရှုံးမည်ဟု မျှော်လင့်မထားပါ။ အဘယ်ကြောင့်ဆိုသော် မြေယာ ရယူသိမ်းဆည်းရန် လိုအပ်ချက်မှာ အလွန်နည်းပါးပြီး ဓါတ်တိုင်စိုက်ထူခြင်းနှင့် ဓါတ်ကြိုးသွယ်တန်းခြင်းလုပ်ငန်းများ လုပ်ဆောင်ချိန်မှာလည်း အလွန်တိုတောင်းမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ၁၄ မီတာကျယ်ဝန်းသော စကြံန်အတွင်းတွင် အပင်များအတွက် အမြင့်ကန့်သတ်ချက်ကို အပြီးတိုင်ထားရှိမည် ဖြစ်သော်လည်း နှစ်စဉ်စိုက်ပျိုးသော၊ ရာသီအလိုက်စိုက်ပျိုးသောသီးနှံများကို ဆက်လက်စိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် အသက်မွေး ဝမ်းကျောင်းမှုအပေါ် ထိခိုက်မှုကို နည်းပါးစေပါမည်။ သို့သော် ဓါတ်အားရုံများအတွက်တွင်မူ ထိခိုက်သော မြေပိုင်ရှင် ၁၇ ဦးအနက် ၉ ဦး သည် ယင်းတို့ပိုင်ဆိုင်သောစုစုပေါင်းမြေယာ၏ ၁၀% ထက်ပိုမိုဆုံးရှုံးကြပါမည် (ဇယား ၇)။ အဆိုပါ အိမ်ထောင်စု ၁၇ စု အကြား ပျမ်းမျှမြေယာဆုံးရှုံးမှုမှာ စုစုပေါင်းမြေယာ၏ ၁၂.၅% ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကျုံကူးကျေးရွာရှိ အိမ်ထောင်စုသည် ပိုင်ဆိုင်သောမြေယာအားလုံး ၁၀၀% ဆုံးရှုံးမည်ဖြစ်ပြီး ဆုံးရှုံးမှုအများဆုံးဖြစ်ပါသည်။ ဘိုကလေးမြို့နယ်၊ ကုလားကြီးချောင်းကျေးရွာတွင် ဆုံးရှုံးမှု ၅% ရှိပြီး ဆုံးရှုံးမှု အနည်းဆုံးဖြစ်ပါသည်။

ဇယား ၆ - ထိခိုက်သော အိမ်ထောင်စုအရေအတွက်ကို ပိုင်ဆိုင်မှုအမျိုးအစားအလိုက်ဖော်ပြချက် ။ ၂၀၁၈ ဒီဇင်ဘာ

| **ဓါတ်အားခွဲရုံ** | **ထိခိုက်သော အိမ်ထောင်စုအရေအတွက်** | | | |
|---|---|---|---|---|
| | မြေပိုင်ရှင် | သီးစား | ပိုင်ရှင်မဟုတ်သော ထွန်ယက်စိုက်ပျိုးသူ | စုစုပေါင်း |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| **မြို့နယ်-** လေးမျက်နှာ **ကျေးရွာ-** စစ်ကုန်း | ၃ | | | ၃ |
| **မြို့နယ်-** အင်္ဂပူ **ကျေးရွာ** - ညောင်ကုန်း | ၁ | | | ၁ |
| **မြို့နယ်-** ဒေးဒရဲ **ကျေးရွာ** - ချောင်းဖျား | ၁ | | | ၁ |
| **မြို့နယ်** - ဖျာပုံ **ကျေးရွာ** - ကျုံကူး | ၁ | ၁ | | ၂ |
| **မြို့နယ်**-ဘိုကလေး **ကျေးရွာ -** ကုလားကြီးချောင်း | ၁ | | | ၁ |
| **မြို့နယ်-** ဇလွန် **ကျေးရွာ** - ညောင်ပင်ဈေး | | | ၁ | ၁ |
| **မွန်ပြည်နယ်** | | | | |
| **မြို့နယ်** - သံဖြူဇရပ် **ကျေးရွာ** - ဝဲခမီ | ၁ | | | ၁ |
| **ပဲခူးအရှေ့** | | | | |
| **မြို့နယ် -** ကညွတ်ကွင်း **ကျေးရွာ -** ရန်ကုန်-မန္တလေးလမ်း | | | ၁ | ၁ |
| **ကရင်ပြည်နယ်** | | | | |
| **မြို့နယ် -** ဘားအံ **ကျေးရွာ -** ညောင်ကုန်း | ၁ | | | ၁ |
| **မြို့နယ် -** ပိုင်ကျုံ **ကျေးရွာ** - ပေါင် | ၁ | | | ၁ |
| **မြို့နယ်** - ဖာပွန် **ကျေးရွာ** - ဝေ့ဆန် | ၁ | | | ၁ |
| **မြို့နယ်** - ဘားအံ **ကျေးရွာ** - အိန္ဒူ ကျော့ | ၁ | | | ၁ |
| **မြို့နယ်** - ဇာသပြင် **ကျေးရွာ** - ကျုံဖယ် ဇာသပြင် ကျားကလေးလမ်း | ၁ | | | ၁ |
| **ရခိုင်ပြည်နယ်** | | | | |
| **မြို့နယ်** - ဝ **ကျေးရွာ** - ကျိန်တလီ | ၁ | | | ၁ |
| **မြို့နယ်** - ရမ်းဗြဲ **ကျေးရွာ** - ကျောက်နီမော် | ၂ | | | ၂ |
| **မြို့နယ်** - ရမ်းဗြဲ **ကျေးရွာ** - အောင်လပြင် | ၁ | | | ၁ |
| စုစုပေါင်း | ၁၇ | ၁ | ၂ | ၂၀ |

၂၄။ ဝင်ငွေအရ ၊ အိမ်ထောင်စု ၄ စုသည် ၄င်းတို့ နှစ်စဉ်ဝင်ငွေ၏ ၁၀% အထက် ဆုံးရှုံးကြပါလိမ့်မည် (ဇယား ၈) ။ ၂၀၁၆ ခုနှစ် ရှိ စုစုပေါင်းဝင်ငွေအပေါ်အခြေခံတွက်ချက်မှုအရ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ အိမ်ထောင်စုတစ်ခုသည် ဝင်ငွေ၏ ၁၀၀% ဆုံးရှုံးပါလိမ့်မည်။ ယင်းအိမ်ထောင်စုတွင် စုစုပေါင်းမြေပိုင်ဆိုင်မှု ၃.၅ ဟက်တာ ရှိသော်လည်း ၂၀၁၆ ခုနှစ်တွင် သီးနှံပျက်စီးမှုကြုံခဲ့ရသဖြင့် ဝင်ငွေ ကျဆင်းမှုကြီးကြီးမားမား တွေ့ကြုံခဲ့ရသည်။

၂၅။ ဝင်ငွေ ပျမ်းမျှဆုံးရှုံးမှုမှာ ၁၂.၇% ဖြစ်ပါသည် (ဇယား ၉ )။ ထိခိုက်သွားသော မြေယာများမှ ကုန်ထုတ်စွမ်းအား ဆုံးရှုံးမှုကြောင့် ဝင်ငွေဆုံးရှုံးမှု ပျမ်းမျှပမာဏမှာ ၂၈၀၄၆၉ မြန်မာကျပ် (အမေရိကန်ဒေါ်လာ ၂၀၈) ဖြစ်ပါသည်။ ဆုံးရှုံးသွားသော ထုတ်ကုန်များမှာ ဆန်စပါး၊ ရာဘာ၊ သစ်၊ သီဟိုဠ် နှင့် ထင်း တို့ဖြစ်ကြသည်။ အများဆုံး ဆုံးရှုံးသောပမာဏမှာ ၈၄၇၀၁ မြန်မာကျပ် (အမေရိကန်ဒေါ်လာ ၆၅၅) ဖြစ်ပြီး အနည်းဆုံး ဆုံးရှုံးသောပမာဏမှာ ၆၅၁၁၆ မြန်မာကျပ် (အမေရိကန်ဒေါ်လာ ၄၈) ဖြစ်သည်။

ဇယား ၇ - အပြီးအပိုင် ဆုံးရှုံးသွားသော စိုက်ပျိုးမြေကို ထိခိုက်ခံရသော အိမ်ထောင်စုများ စုစုပေါင်းပိုင်ဆိုင်သော မြေ၏ ရာခိုင်နှုန်းအဖြစ်ဖော်ပြချက်။ ၂၀၁၇ ဒီဇင်ဘာ

| ဓါတ်အားခွဲရုံ | မြေပိုင်ရှင် ဦးရေ | ဆုံးရှုံးမြေ (ဟက်တာ) | ပိုင်ဆိုင်သောမြေစုစုပေါင်း (ဟက်တာ) | ဆုံးရှုံးမြေကို စုစုပေါင်းမြေပိုင်ဆိုင်မှု၏ % အဖြစ်ဖော်ပြချက် |
|---|---|---|---|---|
| **ရောဝတီတိုင်းဒေသကြီး** | | | | |
| **မြို့နယ်** - လေးမျက်နှာ<br>**ကျေးရွာ** - စစ်ကုန်း | ၃ | ၀.၈ | ၁၅.၄ | ၅.၂% |
| **မြို့နယ်** - အင်္ဂပူ<br>**ကျေးရွာ** - ညောင်ကုန်း | ၁ | ၀.၈ | ၃.၅ | ၂၂.၉ % |
| **မြို့နယ်** - ဒေးဒရဲ<br>**ကျေးရွာ** - ချောင်းဖျား | ၁ | ၀.၈ | ၄.၀ | ၂၀.၀% |
| **မြို့နယ်** - ဖျာပုံ<br>**ကျေးရွာ** - ကျုံကူး | ၁ | ၀.၈ | ၀.၈ | ၁၀၀.၀% |
| **မြို့နယ်** - ဘိုကလေး<br>**ကျေးရွာ** - ကုလားကြီးချောင်းရွာ | ၁ | ၁.၀ | ၂၀.၁ | ၅.၀% |
| **မွန်ပြည်နယ်** | | | | |
| **မြို့နယ်** - သံဖြူဇရပ်<br>**ကျေးရွာ** - ဝဲခမီ | ၁ | ၀.၄ | ၅.၁ | ၇.၈% |
| **ကရင်ပြည်နယ်** | | | | |
| **မြို့နယ်** - ဘားအံ<br>**ကျေးရွာ** - ညောင်ကုန်း | ၁ | ၀.၄ | ၃.၁ | ၁၂.၉ % |
| **မြို့နယ်** - ပိုင်ကျုံ<br>**ကျေးရွာ** - ပေါင် | ၁ | ၀.၄ | ၄.၂ | ၉.၅% |
| **မြို့နယ်** - ဖာပွန်<br>**ကျေးရွာ** - ဝေဆန် | ၁ | ၀.၆ | ၂.၈ | ၂၁.၄% |
| **မြို့နယ်** - ဘားအံ<br>**ကျေးရွာ** - အိန္ဒူ၊ ကျော့ | ၁ | ၀.၄ | ၄.၃ | ၉.၃% |
| **မြို့နယ်** - ဇာသပြင်<br>**ကျေးရွာ** - ကျုံဖယ် ဇာသပြင် ကျားကလေးလမ်း | ၁ | ၀.၄ | ၂.၅ | ၁၆.၀% |
| **ရခိုင်ပြည်နယ်** | | | | |
| **မြို့နယ်** - ဂွ<br>**ကျေးရွာ** - ကျိန်တလီ၊ ချောင်းဂွ- | ၁ | ၁.၅ | ၄.၂ | ၃၅.၇% |

| | | | | |
|---|---|---|---|---|
| ရန်ကုန်- သံတွဲ လမ်းမကြီး | | | | |
| **မြို့နယ်** - ရမ်းဗြဲ<br>**ကျေးရွာ** - ကျောက်နီမော် | ၂ | ၀.၄ | ၁.၄ | ၂၈.၆% |
| **မြို့နယ်** - ရမ်းဗြဲ<br>**ကျေးရွာ** - အောင်လပြင် | ၁ | ၂.၀ | ၁၄.၂ | ၁၄.၁% |
| စုစုပေါင်း | ၁၇ | ၁၀.၇ | ၈၅.၆ | |
| ပျမ်းမျှ | | | | ၁၂.၅% |

ဇယား ၈ - မြေယာရယူသိမ်းဆည်းခြင်းကြောင့် ဝင်ငွေဆုံးရှုံးမှု ခန့်မှန်း ၊ ဇန္နဝါရီ ၂၀၁၈

| ဓါတ်အားခွဲရုံ | ထိခိုက်ခံရသော မြေပိုင်ရှင် အရေအတွက် | ဆုံးရှုံးသော မြေ (ဟက်တာ) | ဆုံးရှုံးမြေ အသုံးပြုမှု | ဆုံးရှုံးသောမြေမှ ဝင်ငွေ (မြန်မာကျပ်) | ၂၀၁၆ နှစ်စဉ် ဝင်ငွေ[၁] (မြန်မာကျပ်) | ဆုံးရှုံးမြေမှ ဝင်ငွေကို စုစုပေါင်းဝင်ငွေ ၏ % အဖြစ်ဖော်ပြချက် |
|---|---|---|---|---|---|---|
| **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| မြို့နယ် - လေးမျက်နှာ<br>ကျေးရွာ - စစ်ကုန်း | ၃ | ၀.၈ | စပါး | ၄၆၉ ၄၄၀ | ၆၄၀၀၀၀၀ | ၇.၃% |
| မြို့နယ် - အင်္ဂပူ<br>ကျေးရွာ - ညောင်ကုန်း | ၁ | ၀.၈ | စပါး | ၄၆၉ ၄၄၀ | ၂၈၀၀၀၀[၂] | ၁၀၀% |
| မြို့နယ် - ဒေးဒရဲ<br>ကျေးရွာ - ချောင်းဖျား | ၁ | ၀.၈ | စပါး | ၄၆၉ ၄၄၀ | ၈၀၀၀၀၀၀ | ၅.၉ % |
| မြို့နယ် - ဖျာပုံ<br>ကျေးရွာ - ကျုံကူး | ၁ | ၀.၈ | စပါး | ၄၆၉ ၄၄၀ | ၅၃၆၀၀၀၀ | ၈.၈% |
| မြို့နယ် - ဘိုကလေး<br>ကျေးရွာ - ကုလားကြီးချောင်း | ၁ | ၁.၀ | စပါး | ၅၈၆၈၀၁ | ၁၃၀၀၀၀၀၀ | ၀.၅% |
| **မွန်ပြည်နယ်** | | | | | | |
| မြို့နယ် - သံဖြူဇရပ်<br>ကျေးရွာ - ဝဲခမီ | ၁ | ၀.၄ | ရာဘာ | ၂၄၇၇၃၀ | ၄၈၀၀၀၀၀ | ၅.၂% |
| **ကရင်ပြည်နယ်** | | | | | | |
| မြို့နယ် - ဘားအံ<br>ကျေးရွာ - ညောင်ကုန်း | ၁ | ၀.၄ | သစ်ထုတ်လုပ်နိုင်သော အပင်များ | ၁၀၀၇၇၆ | ၈၆၄၀၀၀၀ | ၀.၁% |
| မြို့နယ် - ပိုင်ကျုံ<br>ကျေးရွာ - ပေါင် | ၁ | ၀.၄ | သဘာဝ သစ်ပင်ခြုံနွယ်များ | ၆၅၁၁၅ | ၂၅၁၅၀၀၀၀ | ၀.၃% |
| မြို့နယ် - ဖာပွန်<br>ကျေးရွာ - ဝေ့ဆန် | ၁ | ၀.၆ | ရာဘာပင်များ | ၂၄၇၇၃၀ | ၂၂၀၀၀၀၀ | ၁၁.၃% |

| | | | | | | |
|---|---|---|---|---|---|---|
| မြို့နယ် - ဘားအံ<br>ကျေးရွာ - အိန္ဒူ၊ ကျော့ | ၁ | ၀.၄ | ရာဘာ | ၂၄၇၇၃၀ | ၄၄၀၀၀၀၀ | ၅.၆% |
| မြို့နယ် - ဇာသပြင်<br>ကျေးရွာ - ကျုံဖယ် | ၁ | ၀.၄ | သဘာဝသစ်ပင်မြို့နွယ်များ | ၆၅၁၁၅ | ၂၉ ၅၀၀၀၀ | ၂.၂% |
| **ရခိုင်ပြည်နယ်** | | | | | | |
| မြို့နယ် - ဝ<br>ကျေးရွာ - ကျိန်တလီ၊ ချောင်းဝ | ၁ | ၁.၅ | စပါး | ၈၈၄၇၀၁ | ၅၀၀၀၀၀၀ | ၁၇.၇% |
| မြို့နယ် - ရမ်းဗြဲ<br>ကျေးရွာ - ကျောက်နီမော် | ၂ | ၀.၄ | စပါး | ၂၃၄၇၂၀ | ၂၁၀၀၀၀၀ | ၁၁.၂% |
| မြို့နယ် - ရမ်းဗြဲ<br>ကျေးရွာ - အောင်လပြင် | ၁ | ၂.၀ | သီဟိုဠ် | ၂၀၉ ၈၀၀ | ၇၈၈၀၀၀၀ | ၂.၇% |
| စုစုပေါင်း | ၁၇ | ၁၀.၇ | | ၄၇၆၇၉ ၇၈ | ၂၉ ၀၉ ၂၀၀၀၀ | ၁၂.၇% |

[၁] ဒီဇင်ဘာ အိမ်ထောင်စုစာရင်း ကောက်ယူမှု
[၂] ဤအိမ်ထောင်စုသည် ၂၀၁၆ ခုနှစ်တွင် သီးနှံပျက်စီးမှုကြုံတွေ့ခဲ့ကာ ဝင်ငွေများစွာကျဆင်းခဲ့သည်။

ဇယား ၉ - ဝင်ငွေဆုံးရှုံးမှုကို ပမာဏအဖြစ်နှင့် စုစုပေါင်း နှစ်စဉ် အိမ်ထောင်စုဝင်ငွေ၏ ရာခိုင်နှုန်းအဖြစ်ဖော်ပြချက် - ၂၀၁၈ ဇန်နဝါရီ

| **ဓါတ်အားခွဲရုံ** | **ဆုံးရှုံးမြေ (ဟက်တာ)** | **ဆုံးရှုံးမြေမှ ထုတ်ကုန်** | **တစ်ဟက်တာလျှင် သီးနှံအထွက်တန်ဖိုး[၃] (မြန်မာကျပ်)** | **ဆုံးရှုံးသောဝင်ငွေ ကိုယ်စားပြုတန်ဖိုး (မြန်မာကျပ်)** |
|---|---|---|---|---|
| **ရောဝတီတိုင်းဒေသကြီး** | | | | |
| မြို့နယ် - လေးမျက်နှာ<br>ကျေးရွာ - စစ်ကုန်း | ၀.၈[၁] | ဆန်စပါး | ၅၈၆၈၀၁ | ၄၆၉ ၄၄၀ |
| မြို့နယ် - အင်္ဂပူ<br>ကျေးရွာ - ညောင်ကုန်း | ၀.၈ | ဆန်စပါး | ၅၈၆၈၀၁ | ၄၆၉ ၄၄၀ |
| မြို့နယ် - ဒေးဒရဲ<br>ကျေးရွာ - ချောင်းဖျား | ၀.၈ | ဆန်စပါး | ၅၈၆၈၀၁ | ၄၆၉ ၄၄၀ |
| မြို့နယ် - ဖျာပုံ<br>ကျေးရွာ - ကျုံကူး | ၀.၈ | ဆန်စပါး | ၅၈၆၈၀၁ | ၄၆၉ ၄၄၀ |
| မြို့နယ် - ဘိုကလေး<br>ကျေးရွာ - ကုလားကြီးချောင်း | ၁.၀ | ဆန်စပါး | ၅၈၆၈၀၁ | ၅၈၆၈၀၁ |

| | | | | |
|---|---|---|---|---|
| **မွန်ပြည်နယ်** | | | | |
| မြို့နယ် - သံဖြူဇရပ်<br>ကျေးရွာ - ဝဲခမီ | ၀.၄ | ရာဘာ | ၆၁၉ ၃၂၆ | ၂၄၇၇၃၀ |
| **ကရင်ပြည်နယ်** | | | | |
| မြို့နယ် - ဘားအံ<br>ကျေးရွာ - ညောင်ကုန်း | ၀.၄ | သစ်သား | ၂၅၁၉ ၄၀ | ၁၀၀၇၇၆ |
| မြို့နယ် - ပိုင်ကျုံ<br>ကျေးရွာ - ပေါင် | ၀.၄ | သဘာဝခြံနွယ်များ<br>(ထင်း) | ၁၆၂၇၈၇ | ၆၅၁၁၅ |
| မြို့နယ် - ဖာပွန်<br>ကျေးရွာ - ဝေဆန် | ၀.၆ | ရာဘာ | ၆၁၉ ၃၂၆ | ၂၄၇၇၃၀ |
| မြို့နယ် - ဘားအံ<br>ကျေးရွာ - အိန္ဒူ ၊ ကျော့ | ၀.၄ | ရာဘာ | ၆၁၉ ၃၂၆ | ၂၄၇၇၃၀ |
| မြို့နယ် - ဇာသပြင်<br>ကျေးရွာ - ကျုံဖယ် | ၀.၄ | သဘာဝခြံနွယ်များ<br>(ထင်း) | ၁၆၂၇၈၇ | ၆၅၁၁၅ |
| **ရခိုင်ပြည်နယ်** | | | | |
| မြို့နယ် - ဂွ<br>ကျေးရွာ - ကျိန်တလီ၊ ချောင်းဂွ | ၁.၅ | ဆန်စပါး | ၅၈၆၈၀၁ | ၈၈၄၇၀၁ |
| မြို့နယ် - ရမ်းဗြဲ<br>ကျေးရွာ - ကျောက်နီမော် | ၀.၄[၂] | ဆန်စပါး | ၅၈၆၈၀၁ | ၂၃၄၇၂၀ |
| မြို့နယ် - ရမ်းဗြဲ<br>ကျေးရွာ - အောင်လပြင် | ၂.၀ | သီဟိုဠ်ဆီ | ၁၀၄၉ ၀၀ | ၂၀၉ ၈၀၀ |
| စုစုပေါင်း | ၁၀.၇ | | | ၄၇၆၇၉၇၈ |
| ပျမ်းမျှ | ၀.၇၁ | | | ၃၁၇၈၆၅ |

[၁] အိမ်ထောင်စု သုံးစုက ပိုင်ဆိုင်သည်။

[၂] အိမ်ထောင်စု နှစ်စုက ပိုင်ဆိုင်သည်။

[၃]ဆန်စပါးနှင့်ရာဘာအထွက်တန်ဖိုးကို တွက်ချက်ရာတွင် ဓါတ်အားပို့လွှတ်ခြင်းအစိတ်အပိုင်းအတွက် ၂၀၁၇ စက်တင်ဘာ-အောက်တိုဘာလအတွင်း ကောက်ယူခဲ့သော လယ်ကွင်းအတွင်းပေါက်ဈေးနှုန်းအပေါ်အခြေခံထားသည်။ ကောက်ယူသည့် နမူနာပမာဏ ပိုမိုကြီးမားခြင်းနှင့် တိုင်းတာသည့်ယူနစ်အဖြစ် အလေးချိန်ကို အသုံးပြုထားခြင်းကြောင့် ဖြစ်သည်။ ထင်းဈေးနှုန်းကို ရန်ကုန်ပေါက်ဈေးအပေါ်အခြေခံထားသည်။ အဘယ်ကြောင့်ဆိုသော် ကျေးလက်ဒေသများတွင် ထင်းအရောင်းအဝယ်ဈေးကွက် မရှိသောကြောင့်ဖြစ်သည်။ (http://www.folkecenter.net/mediafiles/folkecenter/pdf/Energy-access-in-slum-areas-of-Yangon-city-Myanmar-Aung-Phonn-Kyaw.pdf). သစ် နှင့် သီဟိုဠ်တန်ဖိုးများကို ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်းအတွက် ၂၀၁၇ ဒီဇင်ဘာလတွင် ကောက်ယူခဲ့သော စစ်တမ်းအပေါ်အခြေခံထားသည်။ သစ်တောများ၏ အပင်ထုထပ်မှုကို တွက်ချက်ရက်တွင် Dotaniya, M.L. and Others. 2013. Teak Plantation: A Potential Source of Income Generation. October (https://www.researchgate.net/publication/258100610) မှ ခန့်မှန်းချက်များကို အသုံးပြုထားသည်။ ရခိုင်ပြည်နယ်အတွင်းရှိ တစ်ဟက်တာအထွက်နှုန်းကို တွက်ချက်ရာတွင် Maug Maung Lay. Integrated Production of Cashew in Myanmar (http://www.fao.org/docrep/005/ac451e/ac451e06.htm) မှ

ကိန်းဂဏန်းများကို အသုံးပြုထားသည်။

၂၆။ အိမ်ထောင်စုတစ်စုသည် ယင်းပင်မနေထိုင်ရာအိမ်ကို ဆုံးရှုံးလိမ့်မည်။ ယင်းတို့ ပိုင်ဆိုင်သော မြေ၏ ၁၀% အထက်ဆုံးရှုံးမည့် အိမ်ထောင်စု ၉ စု သည် လူဦးရေအားဖြင့် ၄၃ ဦးရှိမည်။ ဝင်ငွေ၏ ၁၀% အထက်ဆုံးရှုံးမည်ဖြစ်သော အိမ်ထောင်စု ၄ စုတွင် လူဦးရေ ၁၉ ဦး ရှိမည်။ အကယ်၍ စီမံကိန်းတစ်ခုတွင် လူဦးရေ ၂၀၀ သည် ယင်းတို့၏ ပင်မနေထိုင်ရာ သို့မဟုတ် ယင်းတို့၏ ဝင်ငွေရရာပိုင်ဆိုင်မှုများ အနည်းဆုံး ၁၀% ဆုံးရှုံးခဲ့လျှင် ယင်းစီမံကိန်းတစ်ခု၏ ထိခိုက်သက်ရောက်မှုသည် သိသာများပြားသည်ဟု သတ်မှတ်ပါသည်။[1]

## ၂.၅။ ထိခိုက်လွယ်သော အုပ်စုများ

၂၇။ ဆင်းရဲနွမ်းပါးမှုသတ်မှတ်မျဉ်းအောက်တွင် အောက်ရှိနေသောသူများ၊ မြေယာမဲ့များ၊ အသက်အရွယ် အိုမင်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို ထိခိုက်လွယ်သောသူများဟု ADB က သတ်မှတ်ပါသည် (SPS SR2)။ ထိခိုက်သော အိမ်ထောင်စု ၁၇ စုအနက် တစ်ခုသည် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုဖြစ်ပြီး နောက်အိမ်ထောင်စုတစ်ခုမှာ ၂၀၁၆ ခုနှစ် နှစ်စဉ်ဝင်ငွေအရ တစ်ရက်လျှင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒေါ်လာအောက်သာရှိပါသည်။ သို့သော် မိသားစုဝင်ငွေ တစ်ရက်လျှင် ၂ ဒေါ်လာအောက်သာရှိသော အိမ်ထောင်စုသည် မြေ ၃.၅ ဟက်တာ ပိုင်ဆိုင်ပါသည်။ ၂၀၁၆ ဝင်ငွေနည်းပါးမှုမှာ ကောက်ပဲသီးနှံ ပျက်စီးမှုကြောင့်ဖြစ်ပြီး ပုံမှန်မဟုတ်သည့် အခြေအနေတစ်ခုတွေ့ကြုံခဲ့ရခြင်းဟု ယူဆနိုင်ပါသည်။ မည်သည့် အိမ်ထောင်စုတွင်မှ မသန်စွမ်းသော မိသားစုဝင် မရှိပါ။ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ အိမ်ထောင်စု တစ်ခုသည် ဓါတ်အားခွဲရုံတည်ဆောက်ရေးအတွက် ယင်းပိုင်မြေကို ဆုံးရှုံးရမည်ဖြစ်ပြီး မြေယာမဲ့ဖြစ်သွားမည်ဖြစ်ကာ ထိခိုက်လွယ်သောမိသားစုဖြစ်သွားပါမည်။ ယင်းတို့ပိုင်ဆိုင်သောမြေကို အစားထိုးနိုင်သော တန်ဖိုးဖြင့် ပေးလျော်မည်ဖြစ်ပြီး ထိခိုက်လွယ်သော မိသားစုတစ်ခုလည်းဖြစ်သဖြင့် အဆိုပါမိသားစုသည် သူတို့၏ နေထိုင်မှုအဆင့်အတန်းကို မြှင့်တင်ရန် အထောက်အပံ့များကိုလည်း ခံစားခွင့် ရရှိမည်ဖြစ်ပါသည်။

## ၂.၆ ။ အခြားထိခိုက်ခံရသော ပိုင်ဆိုင်မှုများ

၂၈။ ဤစီမံကိန်းသည် နေအိမ်နှင့် ဆိုင်အဖြစ်အသုံးပြုနေသော အဆောက်အအုံတစ်ခုကိုလည်း ထိခိုက်မည် ဖြစ်ပါသည်။ ယင်းအဆောက်အအုံသည် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝဲခမီကျေးရွာတွင် တည်ရှိပါသည်။ ယင်းအဆောက်အအုံတွင် ကျောက်ဂွမ်း၊ ဓနိအမိုး၊ သစ်နှင့် ဝါးထရံများပါရှိပါသည်။ ကြမ်းခင်းမှာ မြေသားအခင်းနှင့် ဝါးအခင်းတို့ဖြစ်ပါသည်။ ထိခိုက်မှုရှိသော မြေပိုင်ဆိုင်သူ အိမ်ထောင်စု ၁၇ စုအနက် အိမ်ထောင်စု ၈ စု တို့သည် တိုင်းရင်းသားလူမျိုးစုဝင်များဖြစ်ပါသည်။ အိမ်ထောင်စု ၁ စုသည် မွန်၊ ၂ စုသည် ကရင် ဖြစ်ပြီး ၅ စုမှာ ရခိုင် လူမျိုးများဖြစ်ကြပါသည်။

[1] ADB. ၂၀၁၃။ လုပ်ငန်းလည်ပတ်မှုလက်စွဲ။ ဘဏ်မူဝါဒများ။ OM အခန်း F1BP၊ အောက်တိုဘာလ။ အပိုဒ် ၉။

# ၃။ လူမှုစီးပွားအခြေအနေ

## ၃.၁။ စစ်တမ်းကောက်ယူသည့်နည်းစနစ်

၂၉။ စစ်တမ်းကောက်ယူမှုတွင် အိမ်ထောင်စု ၂၁ စု ပါဝင်ပါသည်။ ယင်းတို့မှာ ထိခိုက်မှုခံရသော အိမ်ထောင်စု ၂၀ နှင့် ယခင် ပုဂ္ဂလိကမြေပိုင်ဆိုင်သူတစ်ဦးတို့ဖြစ်ပါသည်။ ထိခိုက်ခံရသော အိမ်ထောင်စုများတွင် ဓါတ်အားခွဲရုံများ ဆောက်လုပ်ရန်အတွက် ယင်းတို့ပိုင်ဆိုင်သောမြေနေရာကို ရယူရန် သတ်မှတ်ခြင်းခံရသော မြေပိုင်ဆိုင်သူ ၁၇ ဦး၊ သီးစားလုပ်ကိုင်သူ ၁ ဦးနှင့် ESE ပိုင်ဆိုင်သောမြေပေါ်တွင် ထွန်ယက်စိုက်ပျိုးနေသူ ၂ ဦးတို့ပါဝင်ပါသည် (ဇယား ၁၀)။ ယခင် ပုဂ္ဂလိကမြေပိုင်ဆိုင်သူသည် ရောဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ညောင်ပင်စျေးကျေးရွာရှိ ဓါတ်အားခွဲရုံ အတွက် သတ်မှတ်ထားသောမြေနေရာကို တစ်ချိန်က ပိုင်ဆိုင်ခဲ့ပါသည်။ ၎င်း၏ မြေကို ပထမဦးစွာ မြို့နယ် စည်ပင်သာယာရေးကော်မတီသို့ ရောင်းချခဲ့ပြီး ဓါတ်အားခွဲရုံဆောက်လုပ်ရန်အတွက် မြို့နယ်စည်ပင်သာယာရေး ကော်မတီက ESE သို့ ပေးအပ်ခဲ့ပါသည်။ ယခု စစ်တမ်းကောက်ယူမှုသည် ထိခိုက်ခံရသော အိမ်ထောင်စုများ အားလုံးအပြင် ယခင်မြေပိုင်ခဲ့သူတစ်ဦးကိုပါ ပြည့်စုံစွာ အချက်အလက်ကောက်ယူမှုများ ပြုလုပ်ခဲ့ပါသည်။ ဤ ယခင်မြေပိုင်ဆိုင်ခဲ့သူတစ်ဦးကိုပါ ထည့်သွင်းအချက်အလက်ကောက်ယူခဲ့ရခြင်းမှာ ၎င်း၏ မြေကို ဝယ်ယူမှုပြုခဲ့ခြင်းနှင့် ဆက်စပ်သည့် ပြဿနာများ ရှိမရှိ လေ့လာဆန်းစစ်ရန်ဖြစ်ပါသည်။ မည်သည့်ပြဿနာမျှ မရှိခဲ့ပါ။ စစ်တမ်း ကောက်ယူခံရသည့်အိမ်ထောင်စုများကို မေးမြန်းရာတွင် လေ့ကျင့်ပေးထားသော စစ်တမ်းကောက်ယူသူများက အသုံးပြုခဲ့သော စာမျက်နှာ ၃ မျက်နှာ ရှိသည့် မေးခွန်းလွှာကို နောက်ဆက်တွဲ ၃ တွင် ဖော်ပြထားပါသည်။

ဇယား ၁၀ - တိုင်းဒေသကြီး/ပြည်နယ်အလိုက် စစ်တမ်းကောက်ယူထားသော အိမ်ထောင်စုအရေအတွက်၊၂၀၁၇ ဒီဇင်ဘာ

| တိုင်းဒေသကြီး/ပြည်နယ် | မြေပိုင်ရှင် | သီးစားလုပ်ကိုင်သူ | မြေမပိုင်သည့် ထွန်ရက်စိုက်ပျိုးသူ | ယခင် မြေပိုင်ဆိုင်သူ | စုစုပေါင်း |
|---|---|---|---|---|---|
| ရောဝတီတိုင်းဒေသကြီး | ၇ | ၁ | ၂ | ၁ | ၁၁ |
| ကရင်ပြည်နယ် | ၅ | ၀ | ၀ | ၀ | ၅ |
| မွန်ပြည်နယ် | ၁ | ၀ | ၀ | ၀ | ၁ |
| ရခိုင်ပြည်နယ် | ၄ | ၀ | ၀ | ၀ | ၄ |
| စုစုပေါင်း | ၁၇ | ၁ | ၂ | ၁ | ၂၁ |

## ၃.၂။ စီမံကိန်းတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူဦးရေပမာဏနှင့် လူဦးရေ တိုးတက်မှု

၃၀။ စီမံကိန်းတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် ၅ ခုတွင် ၂၀၁၄ သန်းခေါင်စာရင်းအရ စုစုပေါင်း လူဦးရေ ၁၇၈၆၅၄၈၁ ရှိပါသည် (ဇယား ၁၁) ။ ၁၉၈၃ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းရလဒ်ကို အခြေအဖြစ်အသုံးပြုလျင် ၎င်း တိုင်းဒေသကြီး/ပြည်နယ်များရှိ လူဦးရေတိုးနှုန်းမှာ တစ်နှစ်လျင် ၀.၉ % ရှိပါသည်။ ယင်းသည် အလားတူ ကာလအတွင်းတွင် တစ်နိုင်ငံလုံး လူဦးရေတိုးတက်နှုန်းဖြစ်သည့် ၁.၂% နှင့် နှိုင်းယှဉ်လျင် နည်းပါးပါသည်။

၃၁။ သို့သော် စီမံကိန်းတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များအကြားတွင် လူဦးရေတိုးတက်နှုန်းမှာ ကွာဟချက်ရှိပါသည်။ ရခိုင်ပြည်နယ်တွင် လူဦးရေတိုးတက်နှုန်းအမြင့်မားဆုံးဖြစ်ကာ ၁.၄% ဖြင့် တစ်နိုင်ငံလုံး ပျမ်းမျှတိုးနှုန်းအထက်တွင်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သည် ၀.၇% ဖြင့် လူဦးရေ တိုးနှုန်းအနိမ့်ဆုံးဖြစ်ကြသည်။ သို့သော် ဧရာဝတီတိုင်းဒေသကြီးသည် ၆၁၈၄၈၂၉ ဦးဖြင့် လူဦးရေအများဆုံး ဖြစ်သည်။ ၎င်း၏လူဦးရေသည် စီမံကိန်းတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် ၅ ခုရှိ လူဦးရေစုစုပေါင်း၏ ၃၄.၅% ဖြစ်သည်။ ကရင်ပြည်နယ်တွင် လူဦးရေ ၁၅၇၄၀၇၉ ဦးရှိပြီး လူဦးရေအနည်းဆုံးဖြစ်သည်။

ဇယား ၁၁ - စီမံကိန်းတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်အရေအတွက်၊ လူဦးရေပမာဏ နှင့် လူဦးရေတိုးနှုန်း

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ်စုစုပေါင်း အရေအတွက် | စီမံကိန်းခွဲများ ရှိရာ မြို့နယ် အရေအတွက် | ၁၉၈၃ လူဦးရေ | ၂၀၁၄ လူဦးရေ | နှစ်စဉ် တိုးနှုန်း |
|---|---|---|---|---|---|
| ဧရာဝတီတိုင်းဒေသကြီး | ၂၆ | ၁၀ | ၄၉၉၄၀၆၁ | ၆၁၈၄၈၂၉ | ၀.၇ |
| ပဲခူးတိုင်းဒေသကြီး | ၂၈ | ၁၂ | ၃၇၉၉၇၉၁ | ၄၈၆၇၃၇၃ | ၀.၈ |
| ကရင်ပြည်နယ် | ၇ | ၇ | ၁၀၅၅၃၅၉ | ၁၅၇၄၀၇၉ | ၁.၃ |
| မွန်ပြည်နယ် | ၁၀ | ၅ | ၁၆၈၀၁၅၇ | ၂၀၅၄၃၉၃ | ၀.၇ |
| ရခိုင်ပြည်နယ် | ၁၇ | ၇ | ၂၀၄၅၅၅၉ | ၃၁၈၈၈၀၇ | ၁.၄ |
| စုစုပေါင်း | ၈၈ | ၄၁ | ၁၃၅၇၄၉၂၇ | ၁၇၈၆၉၄၈၁ | ၀.၉ |

အကိုးအကား - ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်ထောင်စုအစီရင်ခံစာ။ ၂၀၁၄ ခုနှစ် မြန်မာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း။ သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ ၂ မေလ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ၁၉၈၆။ ၁၉၈၃ လူဦးရေသန်းခေါင်စာရင်း ဖွန်လ

## ၃.၃။ ထိခိုက်မှုခံရသော အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ အချက်အလက်များ

၃၂။ စစ်တမ်းကောက်ယူထားသော အိမ်ထောင်စုများတွင် ပျမ်းမျှအားဖြင့် အိမ်ထောင်စုဝင်အရေအတွက် ၄.၈ ဦး ရှိပါသည် (ဇယား ၁၂)။ အဆိုပါ အိမ်ထောင်စုအရွယ်အစားသည် ၂၀၁၄ ခုနှစ် သန်းခေါင်းစာရင်းအရ တစ်နိုင်ငံလုံးပျမ်းမျှဖြစ်သည့် ၄.၄ ဦးထက် ပိုမိုကြီးမားပါသည်။[2] ၎င်းအိမ်ထောင်စုများတွင် အမျိုးသမီးအရေအတွက် ပိုမိုများပြားပါသည်။ ပျမ်းမျှအားဖြင့် အမျိုးသား ၁၀၀ ဦးလျှင် အမျိုးသမီး ၁၂၇ ဦး ရှိပါသည်။ ရခိုင်ပြည်နယ်မှလွဲ၍ စစ်တမ်းကောက်ယူခဲ့သော ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် ယင်းသို့ အမျိုးသမီးအရေအတွက် ပိုမိုများပြားသော ကျား/မ အချိုး ရှိနေသည်ကို တွေ့ရပါသည်။ ရခိုင်ပြည်နယ်တွင်မူ အမျိုးသား ၁၀၀ လျှင် အမျိုးသမီး ၈၉ ဦးသာ ရှိသည်ကို တွေ့ရပါသည်။ ဘာသာရေးအရဆိုလျှင် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများအားလုံးသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်း တွေ့ရပါသည်။

[2] ပြည်သူ့အင်အားဦးစီးဌာန။ ၂၀၁၅ ခုနှစ်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေ နှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း။ ပြည်ထောင်စု သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ ၂။ မေလ။

## ၃.၄။ အိမ်ထောင်စုဝင်များ၏ ပညာရေး

၃၃။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုဝင်များအနက် ၉ % (အသက် ၆ နှစ်နှင့် အထက်) သည် ကျောင်းမနေဖူးကြကြောင်း တွေ့ရပါသည် (ဇယား ၁၃) ။ ယင်းရာခိုင်နှုန်းသည် အမျိုးသားများနှင့် အမျိုးသမီးများ အကြား ခြားနားမှုမရှိပါ။ သို့သော် ပညာသင်ကြားဖူးသူများအကြားတွင်မူ အမျိုးသားများထက် အမျိုးသမီးများသည် မူလတန်းအဆင့်တွင် ကျန်ရှိမှု ပိုမိုများပြားကြောင်းတွေ့ရသည်။ အမျိုးသမီးများအကြားတွင် ၄၄% သည် မူလတန်းအဆင့်သို့သာ ရောက်ရှိပြီး အမျိုးသားများအကြားတွင်မူ ၂၅% သာလျင် ယင်းအဆင့်တွင် ရှိကြသည်။ အမျိုးသားများတွင် ၂၇.၃% ခန့် (အမျိုးသမီးများအကြားတွင် ၁၀.၇%) သည် အလယ်တန်းသို့ ရောက်ရှိကြကာ၊ တက္ကသိုလ်သို့ ၉.၁% (အမျိုးသမီးများအကြားတွင် ၅.၄%) ရောက်ရှိပြီး တက္ကသိုလ်မှ ဘွဲ့ရရှိသူ ၁၁.၄% (အမျိုးသမီးများအကြားတွင် ၈.၉ %) ရှိကြသည်။

ဇယား ၁၂ - ထိခိုက်ခံရသော အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များ ကောက်နုတ်ဖော်ပြချက်။ ၂၀၁၇ ဒီဇင်ဘာ

| အကြောင်းအရာ | ရောဝတီ | မွန် | ကရင် | ရခိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၁ | ၆.၀ | ၆.၆ | ၃.၇ | ၄.၈ |
| ကျား/မ (%) | | | | | |
| ကျား | ၄၆% | ၃၃% | ၄၅% | ၅၃% | ၄၄% |
| မ | ၅၄% | ၆၇% | ၅၅% | ၄၇% | ၅၆% |
| စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |
| ကျား ၁၀၀ ဦးလျှင် မ ဦးရေ | ၁၁၇ | ၂၀၃ | ၁၂၂ | ၈၉ | ၁၂၇ |
| ဘာသာရေး (%) | | | | | |
| ဗုဒ္ဓဘာသာ | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာလ စစ်တမ်း | | | | | |

ဇယား ၁၃ - ထိခိုက်ခံရသော အိမ်ထောင်စုများအတွင်း ကျား/မ အလိုက် (အသက် ၆ နှစ်နှင့်အထက်) ပညာတတ်မြောက်မှု ။ ၂၀၁၇ ဒီဇင်ဘာ

| ပညာတတ်မြောက်မှု | ကျား (%) | မ (%) | စုစုပေါင်း (%) |
|---|---|---|---|
| ပညာတတ်မြောက်မှုမရှိ | ၉ .၀ | ၉ .၀ | ၉ .၀ |
| မူလတန်း | ၂၅.၀ | ၄၄.၆ | ၃၆.၀ |
| အလယ်တန်း | ၂၇.၃ | ၁၀.၇ | ၁၈.၀ |
| အထက်တန်း | ၁၈.၂ | ၂၁.၄ | ၂၀.၀ |
| တက္ကသိုလ်အဆင့် | ၉ .၁ | ၅.၄ | ၇.၀ |
| တက္ကသိုလ်ဘွဲ့ရ | ၁၁.၄ | ၈.၉ | ၁၀.၀ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | |

၃၄။ တိုင်းဒေသကြီး/ပြည်နယ်များအကြားတွင် ပညာတတ်မြောက်မှုမရှိသော စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းသည် ကရင်ပြည်နယ်တွင် ၁၂.၁% ဖြင့် အမြင့်မားဆုံး ဖြစ်ပါသည် (ဇယား ၁၄)။ ရခိုင်ပြည်နယ်တွင် ၆.၈% ဖြင့် ရာခိုင်နှုန်း အနည်းဆုံးဖြစ်ပါသည်။ တက္ကသိုလ်ဘွဲ့ရ ရာခိုင်နှုန်းအများဆုံးမှာ ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ဖြစ်သည်။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုဝင်များ၏ ၁၃.၃% သည် တက္ကသိုလ်ဘွဲ့ရများဖြစ်သည်။

## ၃.၅။ အိမ်ထောင်စုဝင်များ၏ အလုပ်အကိုင်

၃၅။ အသက် ၁၅ နှစ်နှင့် အထက်ရှိသော စစ်တမ်းကောက်ယူခဲ့သည့်အိမ်ထောင်စုဝင်များအကြားတွင် အလုပ်အကိုင်ရရှိမှုသည် ၉၅% ရှိပါသည် (ဇယား ၁၅)။ ဆိုလိုသည်မှာ အလုပ်လက်မဲ့ ၅% သာရှိခြင်းဖြစ်သည်။ အလုပ်အကိုင်မရှိသူများတွင် အမျိုးသမီးများက အမျိုးသားများထက် အရေအတွက်ပိုမိုများပြားသည် (၂.၃% နှင့် ၇.၁% အသီးသီး)။ ထို့အပြင် အမျိုးသမီးများ၏ ၂၅% သည် ၄င်းတို့၏ ပင်မအလုပ်အဖြစ် အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်ကြသည်။ ယင်းသို့အလုပ်အကိုင်မျိုးကို အမျိုးသားများအကြားလုပ်ဆောင်သူ မရှိပေ။

ဇယား ၁၄ - တိုင်းဒေသကြီး/ပြည်နယ်အလိုက် (အသက် ၆ နှစ်နှင့် အထက်) ပညာတတ်မြောက်မှု၊ ၂၀၁၇ ဒီဇင်ဘာ

| ပညာတတ်မြောက်မှု | ဧရာဝတီ (%) | မွန် (%) | ကရင် (%) | ရခိုင် (%) | စုစုပေါင်း (%) |
|---|---|---|---|---|---|
| ပညာတတ်မြောက်မှုမရှိ | ၈.၈ | ၀ | ၁၂.၁ | ၆.၈ | ၉ .၀ |
| မူလတန်း | ၃၀.၁ | ၆၆.၆ | ၄၈.၅ | ၁၃.၃ | ၃၆.၀ |
| အလယ်တန်း | ၁၅.၆ | ၀ | ၁၈.၂ | ၃၃.၃ | ၁၈.၀ |
| အထက်တန်း | ၂၄.၅ | ၁၆.၇ | ၁၂.၁ | ၂၀.၀ | ၂၀.၀ |
| တက္ကသိုလ်အဆင့် | ၆.၇ | ၁၆.၇ | ၃.၀ | ၁၃.၃ | ၇.၀ |
| တက္ကသိုလ်ဘွဲ့ရ | ၁၃.၃ | ၀ | ၆.၁ | ၁၃.၃ | ၁၀.၀ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | | | |

ဇယား ၁၅ - ထိခိုက်ခံရသောအိမ်ထောင်စုဝင်များ၏ ကျား/မ အလိုက် ပင်မအလုပ်အကိုင် ( ၁၅ နှစ်နှင့် အထက်)။ ၂၀၁၇ ဒီဇင်ဘာ

| အလုပ်အကိုင် | ကျား (%) | မ (%) | စုစုပေါင်း (%) |
|---|---|---|---|
| စိုက်ပျိုးရေး | ၄၀.၉ | ၁၇.၉ | ၂၈.၀ |
| ကိုယ်ပိုင်စီးပွားရေး | ၁၅.၉ | ၇.၁ | ၁၁.၀ |
| အစိုးရဝန်ထမ်း | ၀.၀ | ၃.၆ | ၂.၀ |
| ပုဂ္ဂလိကကဏ္ဍဝန်ထမ်း | ၀.၀ | ၁.၈ | ၁.၀ |
| နေ့စားအလုပ်သမား | ၁၁.၄ | ၁.၈ | ၆.၀ |
| အိမ်မှုအလုပ် | ၀.၀ | ၂၅.၀ | ၁၄.၀ |
| အလုပ်လက်မဲ့ | ၂.၃ | ၇.၁ | ၅.၀ |
| ကျောင်းသား/သူ | ၂၂.၇ | ၃၃.၉ | ၂၉.၀ |
| အခြား | ၆.၈ | ၁.၈ | ၄.၀ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | |

၃၆။ စီးပွားရေးအရ အကျိုးရှိသောအလုပ်အကိုင်အရဆိုလျှင် ကျား/မ နှစ်မျိုးလုံးအတွက် စိုက်ပျိုးရေးကဏ္ဍသည် အလုပ်အကိုင် အများဆုံးပေးသည့် ကဏ္ဍဖြစ်သည်။ ၎င်းသည် အမျိုးသား ၄၀.၉ % နှင့် အမျိုးသမီး ၁၇.၉ % တို့ကို အလုပ်အကိုင်ရရှိစေသည်။ စီးပွားရေးလုပ်ငန်းများ (ကျား ၁၅.၈% နှင့် မ ၇.၁%) နှင့် နေ့စားအလုပ်အကိုင်များ (ကျား ၁၁.၄% နှင့် မ ၁.၈%) တို့တွင် အမျိုးသားများက လွှမ်းမိုးထားသည်ကို တွေ့ရသည်။ အစိုးရအလုပ်အကိုင်များနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အမျိုးသမီးများက အမျိုးသားများထက် အလုပ်အကိုင်ခန့်ထားခြင်း ပိုမိုခံရဖွယ်ရှိသည်။

၃၇။ တိုင်းဒေသကြီး/ပြည်နယ်များကို နှိုင်းယှဉ်လျှင် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများအကြား အလုပ်အကိုင်ရှိမှုအဆင့်သည် ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၁၀၀% စီဖြင့် အမြင့်မားဆုံးဖြစ်သည် (ဇယား ၁၆)။ ရခိုင်ပြည်နယ်မှာ ၈၀% ဖြင့် အနိမ့်ဆုံးဖြစ်သည်။ စိုက်ပျိုးရေးအပေါ် အလွန်မှီခိုအားထားမှုပြနေရခြင်းကို တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် တွေ့ရသည်။ အမြင့်မားဆုံးမှာ ကရင်ပြည်နယ်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတွင် ၃၃.၃% လုပ်ကိုင်နေကြသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများသည် စွန့်ဦးတီထွင်စီးပွားရေးလုပ်ဆောင်မှု အမြင့်မားဆုံးဖြစ်ဖွယ်ရှိကာ ၁၅.၂% တို့သည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နေကြသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ဆောင်မှုများမှာ ကရင်ပြည်နယ်တွင် ၉.၁% နှင့် ရခိုင်ပြည်နယ်တွင် ၆.၇% သာရှိသည်။

ဇယား ၁၆ - ထိခိုက်ခံရသော အိမ်ထောင်စုဝင်များ (အသက် ၁၅ နှစ်နှင့် အထက်) ၏ ပင်မအလုပ်အကိုင်။ ၂၀၁၇ ဒီဇင်ဘာ

| အလုပ်အကိုင် | ဧရာဝတီ (%) | မွန် (%) | ကရင် (%) | ရခိုင် (%) | စုစုပေါင်း (%) |
|---|---|---|---|---|---|
| စိုက်ပျိုးရေး | ၂၈.၃ | ၁၆.၇ | ၃၃.၃ | ၂၀.၀ | ၂၈.၀ |
| ကိုယ်ပိုင်စီးပွားရေး | ၁၅.၂ | ၀ | ၉ .၁ | ၆.၇ | ၁၁.၀ |
| အစိုးရဝန်ထမ်း | ၀ | ၀ | ၃.၀ | ၆.၇ | ၂.၀ |
| ပုဂ္ဂလိကကဏ္ဍဝန်ထမ်း | ၂.၂ | ၀ | ၀ | ၀ | ၁.၀ |
| နေ့စားအလုပ်သမား | ၆.၅ | ၀ | ၆.၁ | ၆.၇ | ၆.၀ |
| အိမ်မှုအလုပ် | ၁၉ .၆ | ၁၆.၇ | ၉ .၁ | ၆.၇ | ၁၄.၀ |
| အလုပ်လက်မဲ့ | ၀ | ၀ | ၆.၁ | ၂၀.၀ | ၅.၀ |
| ကျောင်းသား/သူ | ၂၃.၉ | ၆၆.၆ | ၂၇.၃ | ၃၃.၂ | ၂၉ .၀ |
| အခြား | ၄.၃ | ၀ | ၆.၀ | ၀ | ၄.၀ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | | | |

## ၃.၆။ အိမ်ထောင်စုဝင်ငွေ နှင့် အသုံးစရိတ်

၃၈။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ ၂၀၁၆ ခုနှစ် ပျမ်းမျှဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၀၉၉၁ ဖြစ်ပါသည်။ ဝင်ငွေအများဆုံးအိမ်ထောင်စုများမှာ ဧရာဝတီတိုင်းဒေသကြီးတွင်ရှိပြီး ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၂၇၈၈၃ ဖြစ်ပါသည်။ ဝင်ငွေအနည်းဆုံးမှာ မွန်ပြည်နယ်တွင်ရှိကာ တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၉၉၆ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများအကြားတွင် အဓိကလုပ်ငန်း ဖြစ်သကဲ့သို့ အိမ်ထောင်စုအများစုတို့အတွက် ဝင်ငွေမှာလည်း စိုက်ပျိုးရေးလုပ်ငန်းမှသာဖြစ်ပါသည်။ ၄င်း အိမ်ထောင်စုများ၏ ၈၅.၇% သည် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေရရှိကြပါသည် (ဇယား ၁၇)။ မွန်ပြည်နယ်မှ အိမ်ထောင်စုတစ်စုနှင့် ဧရာဝတီတိုင်းဒေသကြီးမှ အိမ်ထောင်စုများ၏ ၉၀% တို့သည်လည်း စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေရရှိကြခြင်းဖြစ်ပါသည်။ ကရင်ပြည်နယ်တွင် စိုက်ပျိုးရေးမှ ဝင်ငွေသည် ၈၀% ဖြစ်ပြီး ရခိုင်ပြည်နယ်တွင် ၇၅% ဖြစ်ပါသည်။

၃၉။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများတွင် ကရင်ပြည်နယ်၌ ၈၀% နှင့် ရခိုင်ပြည်နယ်၌ ၅၀% တို့သည် လစာ နှင့် နေ့စာဝင်ငွေများအပေါ် မှီခိုကြပါသည်။ သို့သော် ဧရာဝတီတိုင်းဒေသကြီးတွင်မူ လစာ၊ နေ့စားဝင်ငွေ ရရှိသူများမှာ ၁၈.၂% သာရှိပါသည်။ ပျမ်းမျှအားဖြင့် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများသည် ဝင်ငွေကို နည်းလမ်း ၂ မျိုးဖြင့် ရရှိကြပါသည်။ ဝင်ငွေရဖွယ်နည်းလမ်းအများဆုံး အိမ်ထောင်စုများမှာ ကရင်ပြည်နယ်တွင်ရှိပြီး နည်းလမ်း ၄ မျိုးခန့်ရှိပါသည်။ ဧရာဝတီနှင့် ရခိုင်တွင် နည်းလမ်း ၂ မျိုးရှိကြပါသည်။ မွန်ပြည်နယ်ရှိ အိမ်ထောင်စု တစ်ခုသည် ယင်းပိုင်ဆိုင်သည့် ဈေးဆိုင်မှ ဝင်ငွေကို မထုတ်ဖော်ဘဲ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက ဝင်ငွေရလမ်း အဖြစ် ဖော်ပြခဲ့သည်။

၄၀။ အခြားကဏ္ဍများနှင့် နှိုင်းယှဉ်လျှင် စိုက်ပျိုးရေးကဏ္ဍသည် အိမ်ထောင်စုအရေအတွက်များစွာကို ပိုမိုထောက်ပံ့ ပေးနိုင်ပါသည်။ သို့သော် အခြားကဏ္ဍများ အထူးသဖြင့် စီးပွားရေးကဏ္ဍနှင့် နှိုင်းယှဉ်လျှင် စိုက်ပျိုးရေးကဏ္ဍသည် ဝင်ငွေနိမ့်ပါးသဖြင့် အိမ်ထောင်စုဝင်ငွေတွင် စိုက်ပျိုးရေးကဏ္ဍ၏ ပါဝင်မှုမှာ ၈.၁% သာရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေးသည် စီးပွားရေးလုပ်ငန်းများလောက် ဖြစ်ထွန်းမှုမရှိကြောင်း ယင်း ရာခိုင်နှုန်းက ညွှန်ပြနေသည်။ အိမ်ထောင်စုများ၏ ရာခိုင်နှုန်းအနည်းငယ်သာ စီးပွားရေးလုပ်ကိုင်ကြသော်လည်း ယင်းတို့မှ ဝင်ငွေသည် ပျမ်းမျှအိမ်ထောင်စုဝင်ငွေ၏ ၈၄.၅% ကို ကိုယ်စားပြုသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ၄င်း၏ ရာခိုင်နှုန်းသည် ၉၀.၅% ဖြင့် အိမ်ထောင်စုဝင်ငွေ၏ အမြင့်မားဆုံး ရာခိုင်နှုန်းဖြစ်နေသည်။ ၄င်းသည် ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အိမ်ထောင်စုဝင်ငွေ၏ ၇၅.၅% နှင့် ၃၄.၇% အသီးသီးတို့ဖြစ်ကြသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မွန်ပြည်နယ်ရှိ အိမ်ထောင်စုတစ်စုသည် ဈေးဆိုင်ဖွင့်လှစ်ထားသော်လည်း ယင်း၏ စီးပွားရေးဝင်ငွေကို ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိပေ။

ဇယား ၁၇ - ထိခိုက်ခံရသော အိမ်ထောင်စုများ၏ ဝင်ငွေဆိုင်ရာ ကောက်နှုတ်ဖော်ပြချက် ။ ၂၀၁၇ ဒီဇင်ဘာ

| အကြောင်းအရာ | ဧရာဝတီ | မွန် | ကရင် | ရခိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| နှစ်စဉ် အိမ်ထောင်စုပျမ်းမျှ ဝင်ငွေ (အမေရိကန်ဒေါ်လာ) | ၂၇၈၃၃ | ၃၅၅၂ | ၂၄၀၀၅ | ၂၇၇၁၃ | ၂၀၉၉၁ |
| ဝင်ငွေရလမ်းအလိုက် အိမ်ထောင်စု ရာခိုင်နှုန်းများ ( ဖြေဆိုမှုများစွာ) | | | | | |
| စိုက်ပျိုးမွေးမြူရေး | ၉၀.၀ | ၁၀၀.၀ | ၈၀.၀ | ၇၅.၀ | ၈၅.၇ |
| စီးပွားရေးလုပ်ငန်း | ၂၇.၃ | ၀ | ၆၀.၀ | ၅၀.၀ | ၃၈.၁ |

| | | | | | |
|---|---|---|---|---|---|
| နေ့စား နှင့် လစား အလုပ်အကိုင် | ၁၈.၂ | ၀ | ၈၀.၀ | ၅၀.၀ | ၃၈.၁ |
| တစ်ရပ်တစ်ကျေးမှ လွှဲပို့ငွေ | ၉.၁ | ၀ | ၆၀.၀ | ၀ | ၁၉.၀ |
| တိရစ္ဆာန်များ ရောင်းချခြင်း | ၂၇.၃ | ၀ | ၀ | ၀ | ၁၄.၀ |
| အခြား | ၁၈.၂ | ၀ | ၀ | ၀ | ၄.၇ |
| ပျမ်းမျှ ဝင်ငွေရလမ်းအရေအတွက် | ၂.၀ | ၁.၀ | ၃.၈ | ၂.၀ | ၂.၀ |
| ဝင်ငွေရလမ်းအလိုက် ပျမ်းမျှဝင်ငွေ၏ ရာခိုင်နှုန်းအဖြစ်ဖော်ပြချက် | | | | | |
| စိုက်ပျိုးမွေးမြူရေး | ၇.၃ | ၁၀၀.၀ | ၃.၀ | ၆၀.၃ | ၈.၁ |
| စီးပွားရေးလုပ်ငန်း | ၉၀.၅ | ၀ | ၇၅.၅ | ၃၄.၇ | ၈၄.၅ |
| နေ့စား နှင့် လစား အလုပ်အကိုင် | ၁.၄ | ၀ | ၄.၅ | ၅.၀ | ၂.၃ |
| တစ်ရပ်တစ်ကျေးမှ လွှဲပို့ငွေ | ၀.၅ | ၀ | ၁၇.၀ | ၀ | ၄.၉ |
| တိရစ္ဆာန်များ ရောင်းချခြင်း | ၀.၂ | ၀ | ၀ | ၀ | ၀.၂ |
| အခြား | ၀.၁ | ၀ | ၀ | ၀ | ၀ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အိမ်ထောင်စုများ၏ နှစ်စဉ်ဝင်ငွေ (မြန်မာကျပ်) ဖြန့်ဖြူးမှုအနေအထား (%) | | | | | |
| ၆၀၀၀၀၀ အောက် | ၉ .၁ | ၀ | ၀ | ၀ | ၄.၈ |
| ၆၀၀၀၀၀-၈၀၀၀၀၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၀၀၀၀၀-၁၀၀၀၀၀၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၀၀၀၀၀၀-၁၂၀၀၀၀၀ | ၉ .၁ | ၀ | ၀ | ၀ | ၄.၈ |
| ၁၂၀၀၀၀၀-၁၄၀၀၀၀၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀၀၀၀၀ အထက် | ၈၁.၈ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၉၀.၄ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | | | |

၄၁။ ဝင်ငွေပမာဏအရ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ ၉၀.၄% သည် ဝင်ငွေဖြန့်ဖြူးမှုတွင် ထိပ်ဆုံးအလွှာ၌ ပါရှိကြသည်။ ၎င်းတို့သည် တစ်နှစ်လျှင် ဝင်ငွေ ၁၄၀၀၀၀၀ ကျပ် အထက် ရရှိကြသည်။ ၄.၈% သည်သာလျှင် အောက်ဆုံးအလွှာတွင် ပါဝင်ပြီး တစ်နှစ်လျှင် ၆၀၀၀၀၀ ကျပ်အောက် သို့မဟုတ် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၂ ဒေါ်လာအောက် ဝင်ငွေရှိသည်။ သို့သော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၎င်းအိမ်ထောင်စုသည် ၂၀၁၆ ခုနှစ်တွင် ကောက်ပဲသီးနှံပျက်စီးမှုကြီးကြီးမားမားတွေ့ကြုံခဲ့ရသောကြောင့် ဝင်ငွေဖော်ပြရာတွင် နည်းပါးခဲ့ရခြင်းဖြစ်သည်။

၄၂။ ပျမ်းမျှ ဝင်ငွေနှင့် အသုံးစရိတ်များအရ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများသည် ယေဘုယျအားဖြင့် ပိုပိုလျှံလျှံရှိကြပါသည်။ ၂၀၁၆ စာရင်းအရ ပိုလျှံငွေမှာ အမေရိကန်ဒေါ်လာ ၁၃၆၁၈ ရှိပါသည် (ဇယား ၂၀) ။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများသည် ယေဘုယျအားဖြင့် ပြည့်စုံကြွယ်ဝကြကြောင်း ပိုလျှံငွေပမာဏက

ညွှန်ပြနေပါသည်။ သို့သော် ပိုလျှံငွေပမာဏသည် အိမ်ထောင်စု တစ်စုနှင့် တစ်စုကြား များစွာ ခြားနားချက်ရှိပြီး မွန်ပြည်နယ်အတွင်းရှိ အိမ်ထောင်စုတစ်ခုတွင်မူ လိုငွေပြလျက်ပင်ရှိပါသည်။ ရခိုင်ပြည်နယ်ရှိ အိမ်ထောင်စုများတွင် ပိုလျှံမှုအများဆုံးရှိပြီး အမေရိကန်ဒေါ်လာ ၂၄၈၃၆ ရှိပါသည်။ ခြားနားချက်အနေဖြင့် မွန်ပြည်နယ်ရှိအိမ်ထောင်စုတွင်မူ လိုငွေ အမေရိကန်ဒေါ်လာ ၄၄၄ ရှိနေပါသည်။ ယင်းလိုငွေကို ဖြည့်နိုင်ရန်အတွက် ၎င်းအိမ်ထောင်စုသည် အကြွေးယူထားရပြီး ဆွေမျိုးများ၏ အပြန်အလှန်ကူညီမှုအပေါ် မှီခိုနေရပါသည်။

ဇယား ၁၈ - ထိခိုက်ခံရသော အိမ်ထောင်စုများအကြား အသုံးစရိတ်ဆိုင်ရာ ကောက်နုတ်ဖော်ပြချက်။ ၂၀၁၇ ဒီဇင်ဘာ

| **အကြောင်းအရာ** | **ဧရာဝတီ** | **မွန်** | **ကရင်** | **ရခိုင်** | **စုစုပေါင်း** |
|---|---|---|---|---|---|
| တစ်နှစ် ပျမ်းမျှအသုံးစရိတ် (အမေရိကန်ဒေါ်လာ) | ၇၁၃၁ | ၃၉၉၆ | ၁၂၂၀၀ | ၂၈၅၀ | ၇၃၇၃ |
| တစ်နှစ်ပျမ်းမျှစုငွေ (အမေရိကန်ဒေါ်လာ) | ၂၀၇၀၂ | (၄၄၄) | ၁၁၈၀၅ | ၂၄၈၆၃ | ၁၃၆၁၈ |
| အသုံးစရိတ်ဖြန့်ဖြူးမှု ရာခိုင်နှုန်း | | | | | |
| အစားအစာ | ၃၄.၆ | ၄၆.၃ | ၁၇.၁ | ၃၁.၁ | ၂၇.၈ |
| ပညာရေး | ၂၉.၃ | ၃၇.၀ | ၆.၁ | ၁၉.၅ | ၁၉.၆ |
| ကျန်းမာရေး | ၁၀.၆ | ၅.၆ | ၁.၈ | ၀.၇ | ၆.၃ |
| အိုးအိမ် | ၆.၈ | ၀ | ၅၃.၂ | ၁၃.၀ | ၂၅.၄ |
| အဝတ်အစားနှင့် တစ်ကိုယ်ရည်အသုံး | ၃.၉ | ၃.၇ | ၆.၅ | ၇.၈ | ၅.၂ |
| ဖျော်ဖြေမှုနှင့် ပွဲလမ်းသဘင်ဆင်နွှဲမှု | ၄.၅ | ၅.၆ | ၁၃.၇ | ၂၆.၆ | ၉.၈ |
| အခြား | ၁၀.၃ | ၁.၈ | ၁.၆ | ၁.၃ | ၅.၉ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | | | |

၄၃။ ပျမ်းမျှအားဖြင့် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ အသုံးစရိတ်၏ ၂၇.၈% သည် အစားအစာ အတွက် သုံးစွဲသည်ကို တွေ့ရသည်။ အစားအစာသည် ဝင်ငွေ၊ ဈေးနှုန်းပြောင်းလဲမှုအပေါ် များစွာမှီတည်ခြင်းမရှိသည့် စားသုံးမှုတစ်ခုဖြစ်သဖြင့် ယင်းအချက်အလက်သည် နှိုင်းရအားဖြင့် ဝင်ငွေမြင့်မားပြီး ပိုလျှံငွေရှိသော အခြေအနေနှင့် ကိုက်ညီသည်။ ဆိုလိုသည်မှာ အစားအစာအတွက်သုံးစွဲမှုတွင် အကန့်အသတ် အတိုင်းအတာတစ်ခုရှိပြီး ယင်းအတိုင်းအတာကိုရောက်ရှိခဲ့ပြီးဖြစ်လျှင် သုံးစွဲငွေသည် အခြားစားသုံးမှု အမျိုးအစားများဆီသို့ ရွေ့လျားသွားသည်။ ရလဒ်အားဖြင့် အခြားစားသုံးမှုအမျိုးအစားများနှင့် နှိုင်းယှဉ်လျှင် အစားအစာအတွက် အသုံးစရိတ် ရာခိုင်နှုန်းသည် ကျဆင်းသွားသည်။

၄၄။ မွန်ပြည်နယ်အတွင်းရှိ အိမ်ထောင်စုတွင်သာ ယင်းစုစုပေါင်း သုံးစွဲငွေ၏ ထက်ဝက်ခန့်ကို အစားအစာအတွက် အသုံးပြုနေရသည်ကို တွေ့ရသည်။ ကရင်ပြည်နယ်တွင် သုံးစွဲငွေ၏ ထက်ဝက်ကျော်ကို အိုးအိမ်အတွက်

အသုံးပြုနေရသည်ကို တွေ့ရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ပညာရေးအတွက် သုံးငွေသည် ၂၉ .၃% ရှိပြီး အစားအစာအတွက် သုံးစွဲငွေပြီးနောက်တွင် ဒုတိယလိုက်နေသည်။ ရခိုင်ပြည်နယ်တွင် ဒုတိယလိုက်သော အသုံးစရိတ် အမျိုးအစားမှာ ဖြေဖျော်မှုနှင့် ပွဲလမ်းသဘင်ဆင်နွှဲမှုများဖြစ်သည်။

## ၃.၇။ မြေပိုင်ဆိုင်မှု

၄၅။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများတွင် ပိုင်ဆိုင်သည့်မြေယာ၏ ပျမ်းမျှအကျယ်အဝန်းမှာ ၈.၁ ဟက်တာဖြစ်သည် (ဇယား ၁၉ ) ။ ယင်းသည် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျမ်းမျှမြေယာပိုင်ဆိုင်မှု အကျယ်အဝန်းဖြစ်သည့် ၂.၇ ဟက်တာ ၏ သုံးဆခန့်ဖြစ်သည်။[3] ၎င်းအိမ်ထောင်စုများ ပိုင်ဆိုင်သည့် မြေယာ အကျယ်အဝန်းကလည်း အဆိုပါအိမ်ထောင်စုများသည် ကြွယ်ဝပြည့်စုံကြကြောင်း ထပ်မံညွှန်ပြနေပါသည်။ ဧရာဝတီတိုင်းရှိ အိမ်ထောင်စုများသည် ပျမ်းမျှမြေပိုင်ဆိုင်မှု ၁၀.၅ ဟက်တာဖြင့် အများဆုံးပိုင်ဆိုင်ကြသည်။ မွန်နှင့် ကရင်ပြည်နယ်ရှိ အိမ်ထောင်စုများသည် ယင်းပျမ်းမျှပမာဏ၏ ထက်ဝက်ခန့်ပိုင်ဆိုင်ကြပြီး ၅.၁ ဟက်တာ အသီးသီးရှိကြသည်။ ရခိုင်ပြည်နယ်ရှိ ပျမ်းမျှပိုင်ဆိုင်မှုမှာ ၅.၆ ဟက်တာ ဖြစ်သည်။

ဇယား ၁၉ - ထိခိုက်ခံရသော အိမ်ထောင်စုများအကြား မြေပိုင်ဆိုင်မှုအရွယ်အစားနှင့် အသုံးပြုမှုဆိုင်ရာ ကောက်နှုတ်ဖော်ပြချက် ။ ၂၀၁၇ ဒီဇင်ဘာ

| အကြောင်းအရာ | ဧရာဝတီ | မွန် | ကရင် | ရခိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| ပိုင်ဆိုင်သောမြေ၏ ပျမ်းမျှအကျယ်အဝန်း (ဟက်တာ) | ၁၀.၅ | ၅.၁ | ၅.၁ | ၅.၆ | ၈.၁ |
| ပိုင်ဆိုင်သောမြေအသုံးပြုမှုအလိုက် ရာခိုင်နှုန်းဖြင့် ဖော်ပြချက် | | | | | |
| ရာသီသီးနှံ | ၉၄.၇ | ၁၉.၈ | ၂၀.၅ | ၈၈.၇ | ၈၀.၄ |
| ဉယျာဉ်ခြံ | ၀.၃ | ၀ | ၂၃.၇ | ၉.၁ | ၅.၀ |
| ရာဘာစိုက်ခင်း | ၀ | ၇၉.၄ | ၅၂.၈ | ၀ | ၁၀.၄ |
| လူနေ | ၄.၄ | ၀.၈ | ၃.၀ | ၂.၂ | ၃.၈ |
| စီးပွားရေးလုပ်ငန်းသုံး | ၀.၆ | ၀ | ၀ | ၀ | ၄.၀ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | | | |

၄၆။ သီးနှံစိုက်ပျိုးမှုပုံစံများတွင် ဧရာဝတီနှင့် ရခိုင်က တစ်အုပ်စု၊ မွန်နှင့် ကရင်က တစ်အုပ်စု ခြားနားကွဲပြားမှုများရှိကြသည်။ ပထမအုပ်စုတွင် ရာသီအလိုက်သီးနှံများကို အဓိကစိုက်ပျိုးကြသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် မြေပိုင်ဆိုင်မှု၏ ၉၄.၇%၊ ရခိုင်ပြည်နယ်တွင် မြေပိုင်ဆိုင်မှု၏ ၈၈.၇% ခန့်တွင် ရာသီအလိုက်သီးနှံများ စိုက်ပျိုးကြသည်။ မွန်နှင့် ကရင်ပြည်နယ်တို့တွင်မူ ရာဘာသည် အဓိကစိုက်ပျိုးပင်ဖြစ်သည်။ မွန်ပြည်နယ်မြေများ၏ ၇၉.၄% နှင့် ကရင်ပြည်နယ်မြေများ၏ ၅၂.၈% တို့တွင် ရာဘာစိုက်ပျိုးကြသည်။

---

[3] လယ်စိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၃။ Raitzer, D, နှင့် အခြားပုဂ္ဂိုလ်များ၊ ၂၀၁၅။ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး ကဏ္ဍ - အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကို ဖွင့်လှစ်ပေးခြင်း။ ADB စီးပွားရေး လုပ်ငန်းစာတမ်းအတွဲ အမှတ် ၄၇၀။ ADB. ဒီဇင်ဘာ။

၄၇။ စစ်တမ်းကောက်ယူထားသော အိမ်ထောင်စုများပိုင်ဆိုင်သည့် မြေ ၉၇.၇% တွင် LUC ရှိသည်။ ကရင်ပြည်နယ်တွင် LUC ရှိမှုအနည်းဆုံးဖြစ်ပြီး ၈၈.၂% တွင်သာ LUC ရှိသည်။ မြေယာအသုံးပြုမှုလက်မှတ် LUC မရှိသည့် မြေယာများကို အခမဲ့ အလွတ်ရယူထားသည်။ ယင်းမြေသည် စုစုပေါင်း၏ ၂.၃% သာ ရှိသည်။

ဇယား ၂၀ - ထိခိုက်ခံရသော အိမ်ထောင်စုများ၏ မြေယာပိုင်ဆိုင်မှုအမျိုးအစား

| မြေပိုင်ဆိုင်မှု အမျိုးအစား | ဧရာဝတီ | မွန် | ကရင် | ရခိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| LUC | ၉၉.၃ | ၁၀၀.၀ | ၈၈.၂ | ၉၉.၈ | ၉၇.၇ |
| အလွတ်ရယူ ထားခြင်း | ၀.၇ | ၀ | ၁၁.၈ | ၀.၂ | ၂.၃ |
| စုစုပေါင်း | ၁၀၀.၀% | ၁၀၀.၀% | ၁၀၀.၀% | ၁၀၀.၀% | ၁၀၀.၀% |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | | | |

## ၃.၈။ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်မှုများ

၄၈။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများအတွက် မုတ်သုန်ရာသီသည် အဓိက စိုက်ပျိုးသောရာသီဖြစ်ပါသည်။ စစ်တမ်းကောက်ယူခဲ့သောအိမ်ထောင်စုများ၏ ၆၆.၇% သည် ယင်းရာသီအတွင်းတွင် ရာသီအလိုက်သီးနှံများ စိုက်ပျိုးကြပါသည် (ဇယား ၂၁)။ ယင်း ရာခိုင်နှုန်း၏ ထက်ဝက်ခန့်သာလျှင် ခြောက်သွေ့ရာသီအတွင်း စိုက်ပျိုးကြသည်။ အဓိက ရာသီသီးနှံမှာ စပါးဖြစ်သည်။ ယင်းသည် မွန်၊ ကရင်နှင့် ရခိုင်ပြည်နယ်များတွင် ရာသီအလိုက်စိုက်ပျိုးသည့် တစ်ခုတည်းသောသီးနှံဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ၈၅.၇% က ဆန်စပါးစိုက်ပျိုးကြသည်။ ၄င်းတို့စိုက်ပျိုးသော အခြားရာသီအလိုက်သီးနှံမှာ ပဲအမျိုးမျိုးဖြစ်သည်။ ခြောက်သွေ့ရာသီတွင်စိုက်ပျိုးသော အိမ်ထောင်စုများအတွက် နှမ်းနှင့် မြေပဲတို့သည် အဓိက သီးနှံများဖြစ်သည်။

## ၃.၉ ။ ရေနှင့်မိလ္လာစနစ်

၄၉။ ရေနှင့်မိလ္လာစနစ် အဆင့်အတန်းသည် လူနေမှုအဆင့်အတန်း၏ အညွှန်းကိန်းတစ်ခုဖြစ်သည်။ အိမ်ထောင်စုများ၏ ရေနှင့်မိလ္လာစနစ်အခြေအနေကို ယင်းတို့၏ ရေနှင့် အိမ်သာအဆောက်အအုံများတွင် တွေ့နိုင်သည်။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများသည် ယေဘုယျအားဖြင့် ပြည့်စုံကြသော်လည်း သန့်ရှင်းသော ရေအရင်းအမြစ်ရယူသုံးစွဲနိုင်မှုမှာ နည်းပါးသည်။ မည်သည့် အိမ်ထောင်စုမျှ ဘုံဘိုင်ရေ၊ ပိုက်ဖြင့် သွယ်တန်းသောရေ သုံးစွဲနိုင်မှုမရှိပေ။ ၂၃.၈% သာလျှင် အဝီစိတွင်းရေကို သုံးစွဲနိုင်ကြသည် (ဇယား ၂၂)။ အဝီစိတွင်းရေ သုံးစွဲနိုင်ကြသူများမှာ ဧရာဝတီတိုင်းဒေသကြီးတွင်သာ ရှိသည်။ ပြည်နယ်သုံးခုမှ အိမ်ထောင်စုများမှာ ရေတွင်းမှ ရေကိုဖြစ်စေ၊ အခြား မြစ်ချောင်း၊ အင်းအိုင်၊ ရေကန် စသည်တို့မှရေကိုဖြစ်စေ ရယူအသုံးပြုကြသည်။ သို့သော် ဧရာဝတီတိုင်းဒေသကြီးတွင်ပင် ၃၆.၃% သော အိမ်ထောင်စုများသည် ရေတွင်းမှ ရေကို ရယူအသုံးပြုကြသည်။ ၁၈.၂% ခန့်သည် ရေကို ဆည်ရေပေးမြောင်းများမှ ရယူကြသည်။ အိမ်သာအဆောက်အအုံများနှင့် ပတ်သက်လျှင် ရခိုင်ပြည်နယ်မှလွဲ၍ ကျန်နေရာများရှိ စစ်တမ်းကောက်ယူခဲ့သောအိမ်ထောင်စုများအားလုံးသည် ရေလုံအိမ်သာကို အသုံးပြုကြသည်။ ရခိုင်ပြည်နယ်ရှိ အိမ်ထောင်စုများ၏ ၃၃.၃% တွင် အိမ်သာမရှိပေ။

## ၃.၁၀။ ထိခိုက်လွယ်မှုနှင့် အဆိုးကြုံနိုင်ခြေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာချက်

၅၀။ ထိခိုက်လွယ်သည်ဟု သတ်မှတ်သော အိမ်ထောင်စုများတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ သို့မဟုတ် မသန်စွမ်းသူပါဝင်သော အိမ်ထောင်စုများ သို့မဟုတ် တစ်ရက်လျင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒေါ်လာအောက် ရရှိသော အိမ်ထောင်စုများပါဝင်သည်။ စစ်တမ်းကောက်ယူခဲ့သောအိမ်ထောင်စုများတွင် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုတစ်စုနှင့် တစ်ရက်ဝင်ငွေ ၂ ဒေါ်လာအောက်ရှိသော အိမ်ထောင်စု တစ်စုသာ ပါရှိသည် (ဇယား ၂၃)။ မသန်းစွမ်းသူပါဝင်သော အိမ်ထောင်စု မရှိချေ။ အလုပ်လုပ်နိုင်စွမ်းအားကင်းမဲ့သော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုသည် အလားအလာရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများကို လက်လွတ်ဆုံးရှုံးဖွယ်ရှိသည်။ ယခင်က ဖော်ပြခဲ့သည့်အတိုင်း တစ်ရက်လျင် ဝင်ငွေ ၂ ဒေါ်လာအောက်သာ ရရှိသော အိမ်ထောင်စုသည် ၂၀၁၆ တွင် သီးနှံပျက်စီးမှုနှင့် ကြုံခဲ့ရသဖြင့်သာ ယင်းသို့ဖြစ်ခဲ့ရခြင်းဖြစ်သည်။

ဇယား ၂၁ - ထိခိုက်ခံရသောအိမ်ထောင်စုများ၏ သီးနှံစိုက်ပျိုးမှုပုံစံများ ။ ၂၀၁၇ ဒီဇင်ဘာ

| **အကြောင်းအရာ** | **ရောဝတီ** | **မွန်** | **ကရင်** | **ရခိုင်** | **စုစုပေါင်း** |
|---|---|---|---|---|---|
| ရာသီအလိုက်သီးနှံစိုက်ပျိုးသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း | | | | | |
| မုတ်သုန်ရာသီ | ၆၃.၆ | ၁၀၀.၀ | ၆၀.၀ | ၇၅.၀ | ၆၆.၇ |
| ခြောက်သွေ့ရာသီ | ၅၄.၅ | ၀ | ၀ | ၂၅ | ၃၃.၃ |
| မုတ်သုန်သီးနှံ အမျိုးအစားအလိုက် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း (ဖြေဆိုမှုများစွာ) | | | | | |
| စပါး | ၈၅.၇ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၉၂.၃ |
| အခြား | ၁၄.၃ | ၀ | ၀ | ၀ | ၇.၁ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| ခြောက်သွေ့ရာသီသီးနှံ အမျိုးအစားအလိုက် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း (ဖြေဆိုမှုများစွာ) | | | | | |
| စပါး | ၃၃.၃ | ၀ | ၀ | ၀ | ၂၈.၆ |
| အခြား | ၆၆.၇ | ၀ | ၀ | ၁၀၀.၀ | ၇၁.၄ |
| စုစုပေါင်း | ၁၀၀.၀ | ၀ | ၀ | ၁၀၀.၀ | ၁၀၀.၀ |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | | | |

ဇယား ၂၂ - ထိခိုက်ခံရသောအိမ်ထောင်စုများ၏ ရေနှင့် မိလ္လာဆိုင်ရာ အဆောက်အအုံအမျိုးအစားများ

| အကြောင်းအရာ | ရေဝတီ | မွန် | ကရင် | ရခိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| ရေအရင်းအမြစ် | | | | | |
| အဝီစိတွင်း | ၄၅.၅ | ၀ | ၀ | ၀ | ၂၃.၈ |
| ရေတွင်း | ၃၆.၃ | ၁၀၀.၀ | ၈၃.၃ | ၁၀၀.၀ | ၆၁.၉ |
| စမ်းချောင်း | ၀ | ၀ | ၁၆.၇ | ၀ | ၄.၈ |
| ဆည်ရေပေးမြောင်း | ၁၈.၂ | ၀ | ၀ | ၀ | ၉ .၅ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အိမ်သာ | | | | | |
| ကျန်းမာရေးနှင့်ညီညွတ်သောအိမ်သာ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၆၆.၇ | ၉၀.၅ |
| မရှိ | ၀ | ၀ | ၀ | ၃၃.၃ | ၉.၅ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | | | |

ဇယား ၂၃ - ထိခိုက်လွယ်မှုအမျိုးအစားအလိုက် ထိခိုက်ခံရသောအိမ်ထောင်စုများ၏ ရာခိုင်နှုန်း

| အကြောင်းအရာ | ရေဝတီ | မွန် | ကရင် | ရခိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| အမျိုးသမီးဦးဆောင် | ၀ | ၀ | ၁ | ၀ | ၁ |
| မသန်စွမ်းသူပါဝင် | ၀ | ၀ | ၀ | ၀ | ၀ |
| တစ်ရက် ၂ ဒေါ်လာအောက်သာ ၂ဝင်ငွေရှိ | ၁ | ၀ | ၀ | ၀ | ၁ |

# ၄။ စီမံကိန်းနယ်မြေအတွင်းရှိ တိုင်းရင်းသားအုပ်စုများ

## ၄.၁။ တိုင်းရင်းသားအုပ်စုများအတွက် ထိခိုက်မှုဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်

၅၁။ SPS အရ ဌာနေတိုင်းရင်းသားများသည် (၁) အစဉ်အလားယဉ်ကျေးမှုအရ ဆီလျော်သော လူမှုရေး နှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများရရှိရန် (၂) စီမံကိန်းကြောင့် ဆိုးကျိုးများ ခံစားရခြင်းမရှိစေရန် (၃) ယင်းတို့အပေါ် သက်ရောက်မှုရှိသော စီမံကိန်းများတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ခွင့် ရရှိရန် လိုအပ်သည်။ ယင်းလိုအပ်ချက်အရ မွန်၊ ကရင်နှင့် ရခိုင်ပြည်နယ်များတွင် အချက်အလက်များ ကောက်ယူခဲ့သည်။ ၄င်းတို့သည် စီမံကိန်းနယ်မြေရှိ တိုင်းရင်းသား အုပ်စုများဖြစ်ကြသည်။ အဆိုပါတိုင်းရင်းသားများကို ၄င်းတို့ အမည်ဖြင့်ခေါ်တွင်သည့် ပြည်နယ်များတွင် အဓိက တွေ့ရှိရသည်။ အဆိုပါပြည်နယ်များသည် ၄င်းတိုင်းရင်းသားများ၏ ရိုးရာအစဉ်အလာအရ နေထိုင်ကြီးပြင်းရာ မြေ၏ အဓိကအစိတ်အပိုင်းလည်းဖြစ်သည်။

## ၄.၂။ အချက်အလက်ကောက်ယူသည့် နည်းစနစ်

၅၂။ တိုင်းရင်းသားအုပ်စုများနှင့် ပတ်သက်သည့် အချက်အလက်များကို မူလရင်းမြစ်နှင့် တဆင့်ခံရင်းမြစ်များမှ ရယူသည်။ မူလရင်းမြစ်မှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၃၀ နှင့် အောက်တိုဘာလ ၂၀ အကြား အိမ်ထောင်စုစစ်တမ်းကောက်ယူမှု နှင့် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများ ဖြစ်သည်။ အိမ်ထောင်စုစစ်တမ်းကောက်ယူမှုကို မြန်မာဘာသာစကားဖြင့် ပြုလုပ်ခဲ့သော်လည်း မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် ကျင်းပခဲ့သော အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးပွဲများတွင် မြန်မာဘာသာအပြင် ဒေသခံဘာသာစကားများကိုပါ အသုံးပြုခဲ့သည်။ တဆင့်ခံရရှိသောအချက်အလက်များကို ယခင်ကပြုလုပ်ခဲ့သော လေ့လာမှုများ၊ အစိုးရ စာရွက်စာတမ်းများနှင့် ADB အစီရင်ခံစာများမှ ရယူခဲ့သည်။

## ၄.၃။ စီမံကိန်းနယ်မြေအတွင်းရှိ တိုင်းရင်းသားအုပ်စုများ

၅၃။ မြန်မာနိုင်ငံတွင် အဓိကလူမျိုးအုပ်စုကြီး ၉ စု ရှိပြီး ဗမာလူမျိုးသည် အကြီးမားဆုံးအုပ်စုဖြစ်ကာ စုစုပေါင်းလူဦးရေ၏ ၆၈% ရှိသည်။[4] အခြား အုပ်စု ၈ စုတွင် မွန်၊ ကရင် နှင့် ရခိုင်တို့ ပါဝင်သည်။ စစ်တမ်းကောက်ယူခဲ့သောအိမ်ထောင်စုများ၏ ၄၁% ခန့်သည် မိမိတို့ကိုယ်ကို ယင်းအုပ်စုများ၏ အစိတ်အပိုင်းအဖြစ် ဆိုကြသည် (ဇယား ၂၄)။ မွန် နှင့် ရခိုင်ပြည်နယ်များတွင် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ ၁၀၀% သည် မွန် နှင့် ရခိုင်လူမျိုးများဖြစ်ကြပြီး ကရင်ပြည်နယ်တွင်မူ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ ၃၆.၄% သည် ကရင်လူမျိုးများဖြစ်ကြသည်။ ကရင်ပြည်နယ်အတွင်းတွင် မွန်လူမျိုးအိမ်ထောင်စုများလည်း တွေ့ရှိခဲ့ရပြီး ၂၄.၂% ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ ၁၀၀% သည် ဗမာလူမျိုးများဖြစ်ကြသည်။

၅၄။ မွန်လူမျိုးနှင့် ရခိုင်လူမျိုးတို့သည် သမိုင်းတစ်ချိန်က အားကောင်းသောဘုရင့်နိုင်ငံများ၊ ခေတ်မီသော လူ့အဖွဲ့အစည်းများ ထူထောင်နိုင်ခဲ့ကြပြီး ယင်းသမိုင်းသည် ၄င်းတို့တွင် အားကောင်းသော ကိုယ်ပိုင်ဝိသေသ လက္ခဏာဆိုင်ရာ ခံစားမှုများဖြစ်ပေါ်စေခဲ့သည်။[5] ကရင်လူမျိုးများတွင် မြန်မာနိုင်ငံအရှေ့ဘက် တောင်တန်းဒေသနှင့်

---

4 ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း။ ၂၀၀၅။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ စိစစ်လေ့လာချက် - ရွှေ့ပြောင်းလုပ်သားများအတွက် ကိရိယာတစ်ခု။ http://www.oxfordburmaalliance.org/ethnic-groups.html

5 မွန်လူမျိုးတို့သည် ယနေ့ခေတ် ထိုင်းနိုင်ငံ၏ အစိတ်အပိုင်းအချို့ ပါဝင်သော ဒွါရဝတီနိုင်ငံတော် (အေဒီ ၅၀၀-၁၀၀၀) နှင့် မြန်မာနိုင်ငံအောက်ပိုင်းရှိ ပဲခူး နှင့် သထုံနိုင်ငံတော် (အေဒီ ၈၀၀-၁၂၀၀) တို့ကို တည်ထောင်ခဲ့ကြသည်။

ရောဝတီမြစ်ဝကျွန်းပေါ်ဒေသမှ သီသာစွာကွဲပြားသော ယဉ်ကျေးမှုများရှိသည့် အုပ်စုများစွာတို့ဖြင့် ဖွဲ့စည်းထားပြီး ၄င်းတို့၏ ယင်းတို့၏ စုပေါင်းဝိသေသလက္ခဏာသည် မြန်မာနိုင်ငံကို ဗြိတိသျှအုပ်စိုးစဉ်ကာလ ၁၈၀၀ ခုနှစ်များအတွင်းတွင်ကမှ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။[6]

(http://factsanddetails.com/southeast-asia/Myanmar/sub5_5a/entry-2997.html). ရခိုင်လူမျိုးတို့သည် ဒညဝတီ (ဘီစီ ၃၅၂၅ - အေဒီ ၃၂၆) နှင့် မြောက်ဦး (အေဒီ ၁၄၃၀ -၁၇၈၄) တို့ကို တည်ထောင်ခဲ့သည်။ (https://en.wikipedia.org/wiki/Rakhine_people).

[6] https://en.wikipedia.org/wiki/Karen_people

ဇယား ၂၄ - ဓါတ်အားခွဲရုံများကြောင့် ထိခိုက်ခံရသော အိမ်ထောင်စုများ၏ လူမျိုး

| တိုင်းရင်းသားအုပ်စုများ | ဧရာဝတီ | မွန် | ကရင် | ရခိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| ဗမာ | ၁၀၀.၀ | ၀ | ၃၉.၄% | ၀ | ၅၉.၉ |
| မွန် | ၀ | ၀ | ၂၄.၂% | ၀ | ၈.၀ |
| ကရင် | ၀ | ၁၀၀.၀ | ၃၆.၄% | ၀ | ၁၈.၀ |
| ရခိုင် | ၀ | ၀ | ၀ | ၁၀၀.၀ | ၁၅.၀ |
| စုစုပေါင်း | ၁၀၀.၀% | ၁၀၀.၀% | ၁၀၀.၀% | ၁၀၀.၀% | ၁၀၀.၀% |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | | | |

၅၅။ လက်ရှိတွင် နိုင်ငံ၏နယ်နိမိတ်များသတ်မှတ်ထားသော်လည်း တိုင်းရင်းသားအုပ်စုသုံးစု၏ အစဉ်အလာအရ ပင်မအခြေချ နေထိုင်ခဲ့ရာနေရာများသည် လက်ရှိ ပြန့်နှံ့နေထိုင်ပုံအရ မြင်သာထင်ရှားဆဲဖြစ်သည်။ မွန်လူမျိုးများသည် မြန်မာနိုင်ငံအောက်ပိုင်းတွင်တည်ရှိပြီး ရခိုင်လူမျိုးများမှာမူ ယနေ့ခေတ် ရခိုင်ပြည်နယ်ရှိရာ ကမ်းရိုးတန်းဒေသတွင် တည်ရှိကြသည် (ဇယား ၂၅)။ ကရင်လူမျိုးများမှာမူ အရှေ့ပိုင်းတောင်တန်းဒေသများနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် ပျံ့နှံ့နေထိုင်ကြသည်။ မွန်လူမျိုးများသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၁၅.၄% ရှိသည်ဟု ခန့်မှန်းရပြီး တိုင်းရင်းသားလူနည်းစုများအနက်တွင် လူဦးရေအများဆုံးဖြစ်သည်။ ကရင်လူမျိုး နှင့် ရခိုင်လူမျိုးများမှာ တစ်နိုင်ငံလုံးလူဦးရေ၏ ၇.၀% နှင့် ၅.၅% အသီးသီး ရှိကြသည်။

၅၆။ ဗမာလူမျိုးများနည်းတူ မွန်လူမျိုးနှင့်ရခိုင်လူမျိုးများအပေါ်တွင် အိန္ဒိယယဉ်ကျေးမှု၏ အားကောင်းသော လွှမ်းမိုးမှုကို တွေ့ရသည်။ ၎င်းတို့သည် ထေရဝါဒဗုဒ္ဓဝါဒကို ကိုးကွယ်ကြပြီး ဆန်စပါးစိုက်ပျိုးကြသည်။ ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အခြေခံအစိတ်အပိုင်းများသည် ပင်မဗမာယဉ်ကျေးမှု၏ အစိတ်အပိုင်းများဖြစ်သွားကြသည်။ ယင်းတို့အနက် အထင်ရှားဆုံးမှာ မွန်လူမျိုးများ၏ စာရေးသားသည့်စနစ်နှင့် ရခိုင်လူမျိုးများ၏ ဗိသုကာပုံစံများဖြစ်ကြသည်။

၅၇။ ကရင်လူမျိုးများသည် ဗမာလူမျိုးနှင့် ရခိုင်လူမျိုးများကဲ့သို့ပင် ဆိုင်နိ-တိဘက်တန် ဘာသာစကားအခြေခံရှိသည်။ ကရင်လူမျိုးအများသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်ကြသော်လည်း နတ်ကိုးကွယ်မှုများနှင့် ရောယှက်လျက်ရှိသည်။ ထို့အပြင် အနောက်တိုင်း သာသနာပြုများ သယ်ဆောင်လာခဲ့သည့် ခရီယာန်ဝါဒကို ကိုးကွယ်သော ကရင်လူမျိုးများလည်း များစွာရှိသည်။ ၎င်းတို့၏ အစဉ်အလာအသက်မွေးဝမ်းကျောင်းမှုသည် သီးနှံများကို အလှည့်ကျစိုက်ပျိုးသည့် စနစ်ပေါ်တွင် အခြေပြုသည်။

၅၈။ ၎င်း တိုင်းရင်းသားအုပ်စု ၃ စုတွင် မိမိတို့၏ ပင်ကိုယ်ဝိသေသလက္ခဏာဆိုင်ရာခံစားချက်များ အားကောင်းသည်။ မကြာသေးသော သမိုင်းကာလအတွင်းတွင် ယင်း ဝိသေသလက္ခဏာများ နိုင်ငံရေးအသွင်ဆောင်လာခြင်းက အဆိုပါခံစားချက်များကို ထင်ရှားစေသည်။ အတိတ်က အုပ်စုများအတွင်းတွင် ကြိုကြားကြိုကြား ပဋိပက္ခများရှိခဲ့သော်လည်း လူအများပြောင်းရွှေ့နေထိုင်မှု၊ ရာစုနှစ်ချီ အပြန်အလှန်ထိတွေ့ပတ်သက်ခဲ့မှု၊ အတူတကွ တစ်ပါးသူလက်အောက်ခံဖြစ်ခဲ့ရမှု နှင့် လွတ်လပ်ရေးအလွန် အစိုးရမူဝါဒများကြောင့် ၎င်းတို့ ယဉ်ကျေးမှုများအကြား ပေါင်းစည်းမှုအားကောင်းလာခဲ့သည်။[7]

[7] မင်းဇင်။ ၂၀၁၇။ Mon Culture: Dying or Reviving? ဧရာဝတီသတင်းဌာန၊ စက်တင်ဘာလ

ဇယား ၂၅။ စီမံကိန်းနယ်မြေများရှိ တိုင်းရင်းသားအုပ်စုများ၏ အဓိက လက္ခဏာများ

| အုပ်စု | မွန် | ကရင် | ရခိုင် |
|---|---|---|---|
| ပျံ့နှံ့နေထိုင်မှု | မြန်မာပြည်အောက်ပိုင်း | မြန်မာနိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်း | မြန်မာနိုင်ငံအနောက်တောင်ပိုင်းရှိ ကမ်းရိုးတန်းဒေသ |
| တစ်နိုင်ငံလုံးလူဦးရေ၏ ရာခိုင်နှုန်း | ၁၅.၄% | ၇.၀% | ၅.၅၃% |
| ဘာသာစကား အရင်းအမြစ် | ဩစတြိုအေရှားတစ် | ဆိုင်နို-တိဘက်တန် | ဆိုင်နို-တိဘက်တန် |
| ကိုးကွယ်သည့်ဘာသာ | ထေရဝါဒ ဗုဒ္ဓဘာသာ | နတ်ကိုးကွယ်မှုပါသော ဗုဒ္ဓဘာသာ နှင့် ခရီယာန်ဝါဒ | ထေရဝါဒ ဗုဒ္ဓဘာသာ |
| အစဉ်အလာအဓိက အသက်မွေးဝမ်းကျောင်းမှု | စပါးစိုက်ပျိုးမှု | သီးနှံအလှည့်ကျစိုက်ပျိုးမှု | စပါးစိုက်ပျိုးမှု၊ ငါးဖမ်းလုပ်ငန်း |
| သိသာထင်ရှားသော ယဉ်ကျေးမှု အသွင် | မွန်ဘာသာစကားနှင့် စာရေးသားသည့်စနစ် | အုပ်စုခွဲများစွာရှိ- စာပေမှတ်တမ်းနည်းပါး | ဘုရားပုထိုးတည်ဆောက်ခြင်းနှင့် ဗိသုကာ အဆင်အယင်များ၊ အိန္ဒိယ ယဉ်ကျေးမှု အားကောင်းစွာလွှမ်းမိုး။ |
| အရင်းအမြစ်များ - Pon, Nyo Mon. 2010. မြန်မာနိုင်ငံရှိ ဝိသေသလက္ခဏာ၊ ပုံရိပ်နှင့် တိုင်းရင်းသား ပဋိပက္ခ - မွန်လူမျိုးများ အကြောင်း လေ့လာချက်။ ပါရဂူဘွဲ့ စာတမ်း. Washington State University;  Gupta, S. Undated. အကူးအပြောင်းကာလရှိ ဖွံ့ဖြိုးမှု။ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၏ လူမှုစီးပွားအခြေအနေ။ ရေးသားဆဲစာတမ်း၊ Livelihood and Food Security Trust Fund; Okell, J. 1995. Three Burmese Dialects. Papers in Southeast Asian Linguistics. Karen Buddhist Dhamma Dhutta Foundation. 2011, ကရင်လူမျိုးများ- ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုသမိုင်း http://factsanddetails.com/southeast-asia/Myanmar/sub5_5a/entry-2997. html;https://en.wikipedia.org/wiki/Mon_people;https://en.wikipedia.org/wiki/Karen_people; https://en.wikipedia.org/wiki/ Rakhine_ people | | | |

## ၄.၄။ တိုင်းရင်းသားအုပ်စုများနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များအပေါ် ဓါတ်အားခွဲရုံများ၏ သက်ရောက်မှု

၅၉။ အကယ်၍ စီမံကိန်းတစ်ခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တိုင်းရင်းသားလူနည်းစုများ၏ သိက္ခာရှိစွာနေထိုင်နိုင်မှု၊ လူ့အခွင့်အရေး၊ အသက်မွေးဝမ်းကျောင်းမှုများ သို့မဟုတ် ယဉ်ကျေးမှုများကို ထိခိုက်ခဲ့လျှင် သို့မဟုတ် ၎င်းတို့ပိုင်ဆိုင်၊ အသုံးပြု၊ လက်ဝယ်ရှိ သို့မဟုတ် ၎င်းတို့ ဘိုးဘေးများ ပိုင်ဆိုင်ခဲ့သည်ဟု ဆိုကြသော နယ်နိမိတ်များ၊ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များကို ထိခိုက်ခဲ့လျှင် ADB ၏ ဌာနေတိုင်းရင်းသားများဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများသည် စတင်အသက်ဝင် လုပ်ဆောင်ရပါသည်။[8] ဓါတ်အားခွဲရုံများသည် တိုင်းရင်းသားအုပ်စုများတွင် ပါဝင်သော သတ်မှတ်အိမ်ထောင်စုများအသုံးပြုနေသည့် မြေယာများကို တိုက်ရိုက်ထိခိုက်မည်ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုကို ထိခိုက်ပါမည်။ သို့သော် ၎င်းတို့၏ သိက္ခာရှိစွာနေထိုင်နိုင်မှု၊ လူ့အခွင့်အရေးများ နှင့် ယဉ်ကျေးမှု တို့ကို

[8] အာရှဖွံ့ဖြိုးရေးဘဏ်၊ ၂၀၀၉။ ကာကွယ်စောင့်ရှောက်မှုမူဝါဒထုတ်ပြန်ကြေညာချက်။ နောက်ဆက်တွဲ ၃ အပိုဒ် ၉။

ထိခိုက်ခြင်းမရှိပါ။ ထို့ကြောင့် ADB ၏ ဌာနေတိုင်းရင်းသားများဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အသက်ဝင်မည် မဟုတ်ဘဲ ထိခိုက်ခံရသော အိမ်ထောင်စုများကို တိုင်းရင်းသားအုပ်စုများအဖြစ် အသိအမှတ်ထားပါသည်။

၆၀။ အဓိကအချက်အလက်ပေးနိုင်သောသူများနှင့်ပြုလုပ်သော အင်တာဗျူးများနှင့် တိုင်ပင်ဆွေးနွေးပွဲ ၅ ခုတွင် ဓါတ်အားလိုင်းများနှင့် ဓါတ်အားခွဲရုံများကြောင့် ထိခိုက်သွားနိုင်သည့် လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာအရ တိုင်းရင်းသားအုပ်စုများအတွက် အရေးကြီးသောနေရာများရှိကြောင်း မည်သူ တစ်ဦးတစ်ယောက်ကမျှ ညွှန်ပြပြောဆိုခြင်းမရှိပါ။ ၎င်းအုပ်စုများ၏ ရိုးရာ၊ ယုံကြည်မှု နှင့် ထုံးတမ်းစဉ်လာ အပြုအမူများအပေါ် ဓါတ်အားခွဲရုံများနှင့် ဓါတ်အားလိုင်းများကြောင့် ဖြစ်လာနိုင်သော ဆိုးကျိုးများအကြောင်းကိုလည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ပြောဆိုကြခြင်းမရှိပါ။ တိုင်ပင်ဆွေးနွေးပွဲများ၊ အဓိကအချက်အလက် ပေးနိုင်သောသူများနှင့် အင်တာဗျူးများ နှင့် အိမ်ထောင်စုစစ်တမ်းကောက်ယူမှုများတွင် လူမျိုးနှင့်သက်ဆိုင်သော မည်သည့်ထိခိုက်လွယ်မှုမျိုး သို့မဟုတ် စီမံကိန်းကြောင့် ပိုမိုဆိုးရွားသွားနိုင်သော မည်သည့်ထိခိုက်လွယ်မှုမျိုးကိုမှ မတွေ့ရှိခဲ့ရပါ။ ယင်းအစား စီမံကိန်းကို ထောက်ခံကြောင်း၊ စီမံကိန်းကို အလျင်အမြန်လိုအပ်ကြောင်းများကိုသာ အစည်းအဝေးများတွင် ပြောဆိုခဲ့ကြပါသည်။ ဓါတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓါတ်အားခွဲရုံများသည် စီမံကိန်းနယ်မြေအတွင်းရှိ တိုင်းရင်းသားအုပ်စုများ၏ အိမ်ထောင်စုများထံသို့ ကွန်ရက်အတွင်းမှ လျှပ်စစ်ဓါတ်အားကို တိုက်ရိုက်ယူဆောင်လာမည်ဟု မျှော်လင့်ရပါသည်။ လျှပ်စစ်ဓါတ်အားသည် ၎င်းတို့၏ စီးပွားရေးအရ စွမ်းဆောင်နိုင်မှုကို ပိုမိုကောင်းမွန်လာစေပြီး ဖွံ့ဖြိုးရေးတွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်ရန် ၎င်းတို့၏ တောင်းဆိုချက်များကို ပြည့်ဝစေပါလိမ့်မည်။

၆၁။ မည်သို့ပင်ဆိုစေ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်ပုံစံများကို ရေးဆွဲပြီးသောအခါတွင် တိုင်းရင်းသားအုပ်စုများအပေါ် စီမံကိန်း၏ သက်ရောက်မှုများနှင့် ပတ်သက်၍ အဓိကအချက်အလက်ပေးသော အင်တာဗျူးများ နှင့် တိုင်ပင်ဆွေးနွေးပွဲများမှ ရရှိသောအချက်အလက်များကို ထပ်မံအတည်ပြုရန် လုပ်ဆောင်ပါမည်။ တိုင်းရင်းသားအုပ်စုများအပေါ် ဆိုးကျိုးသက်ရောက်မှုတစ်စုံတစ်ရာရှိမရှိကို GAD က စစ်ဆေးမှုပြုမည်ဖြစ်ပြီး စီမံကိန်းတွင် ထိခိုက်မှုများ ကင်းစင်ကြောင်းကို ထောက်ခံပေးရမည်ဖြစ်ကြောင်း ထပ်မံမွမ်းမံထားသော REGDP တွင်ဖော်ပြထားသည်။ ယင်းထောက်ခံချက်ကို အဆိုပါဒေသအတွင်းရှိ တိုင်းရင်းသားအုပ်စုက အသိအမှတ်ပြုထားသော ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ နိုင်ငံတော်ဌာနတစ်ခုက ထပ်မံလက်မံရေးထိုးပေးရမည်ဖြစ်သည်။

# ၅။ အချက်အလက်များထုတ်ပြန်ကြေညာမှုနှင့် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းများ

## ၅.၁။ အများပြည်သူပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများ၏ ရည်ရွယ်ချက်

၆၂။ သတင်းအချက်အလက်များဖြန့်ဖြူးခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ဆောင်မှုများကို အောက်ပါရည်ရွယ်ချက်များဖြင့် လုပ်ဆောင်သည် (၁) စီမံကိန်းဆိုင်ရာ ရရှိနိုင်သော အချက်အလက်များကို ထိခိုက်ခံရသော ပုဂ္ဂိုလ်များနှင့် မျှဝေရန် (၂) အဆိုပြုထားသော လုပ်ဆောင်ချက်များအပေါ် ၄င်းတို့၏ ကနဦးတုန့်ပြန်ချက်များ ရယူရန် (၃) စီမံကိန်းကြိုတင်ပြင်ဆင်မှုများတွင် ထိခိုက်ခံရသောသူများနှင့် လူ့အဖွဲ့အစည်းများကို ပါဝင်စေရန် (၄) ပြန်လည်နေရာချထားရေးဆိုင်ရာ ထိခိုက်မှုများ၊ သက်သာလျော့ပါးစေရန် ဆောင်ရွက်မှုများ၊ လျော်ကြေးပေးမှုများနှင့် သက်ဆိုင်သော လုပ်ဆောင်မှုများအားလုံးတွင် ပွင့်လင်းမြင်သာမှုရှိစေရန် တို့ဖြစ်သည်။ ဓါတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓါတ်အားခွဲရုံလုပ်ငန်းများနှင့် အကျုံးဝင်ပတ်သက်သူများမှာ ထိခိုက်ခံရသော အိမ်ထောင်စုများနှင့် ဓါတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ချိတ်ဆက်မည့်အိမ်ထောင်စုများဖြစ်သည်။ အခြားအကျုံးဝင်ပတ်သက်သူများမှာ MOEE ၊ စီးပွားရေးလုပ်ကိုင်သောအုပ်စုများ နှင့် ဒေသန္တရအစိုးရ အာဏာပိုင်များတို့ဖြစ်သည်။

## ၅.၂။ သတင်းအချက်အလက်ဖြန့်ချီခြင်း

၆၃။ အဆိုပြုထားသော ဓါတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓါတ်အားခွဲရုံများနှင့် ပတ်သက်သည့် အချက်အလက်များကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ကျင်းပခဲ့သော ဒေသန္တရအာဏာပိုင်များနှင့်အစည်းအဝေးများ၊ အဓိကအချက်အလက်ပေးနိုင်သောသူများနှင့် အင်တာဗျူးများ၊ ဆွေးနွေးတိုင်ပင်ပွဲများသည် တည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်လုပ်ဆောင်သောအဆင့်များတွင် ဖြစ်လာနိုင်သော ဆိုးကျိုးထိခိုက်မှုများနှင့် ပတ်သက်သည့် အချက်အလက်များကို ရှာဖွေနိုင်ရန် နှင့် ယင်းထိခိုက်မှုများကို လျော့ပါးသက်သာစေရန်၊ ကုစားလျော်ကြေးပေးရန်အတွက် အကြံဉာဏ်များကို ရယူရန် အခွင့်အလမ်းဖြစ်စေခဲ့ပါသည်။

## ၅.၃။ အိမ်ထောင်စုဆိုင်ရာ စစ်တမ်းကောက်ယူမှုများ၏ ရလဒ်

၆၄။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများသည် စီမံကိန်းအကြောင်း သိရှိပြီးဖြစ်ကြောင်း လူမှုစီးပွားစစ်တမ်းရလဒ်များက ပြသနေပါသည် (ဇယား ၂၆)။ ပုဂ္ဂိုလ်တစ်ဦးမှလွဲ၍ ကျန်ဖြေဆိုသူအားလုံးတို့သည် စီမံကိန်းဆိုင်ရာ အကျိုးကျေးဇူးတစ်ခု သို့မဟုတ် နှစ်ခုကို ဖော်ပြပြောဆိုခဲ့ကြပါသည်။ အကျိုးကျေးဇူးကို ထုတ်ဖော်ပြောကြားခြင်းမပြုသော အိမ်ထောင်စုဝင်က ၄င်းအနေဖြင့် လုံလောက်စွာမသိရှိကြောင်း ပြောဆိုခဲ့သည်။

၆၅။ အကျိုးကျေးဇူးများအကြောင်းပြောဆိုခဲ့သူများအနက် လုံလောက်ပြီး တတ်စွမ်းနိုင်သောဈေးနှုန်းဖြင့် ရရှိနိုင်သည့် စွမ်းအင်ကို အဓိက အကျိုးကျေးဇူးအဖြစ် ၇၆.၁% က ပြောဆိုခဲ့ကြသည်။ ယင်းအကျိုးကျေးဇူးကို ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ဖြေဆိုသူ ၈၁.၈% နှင့် မွန်နှင့်ကရင်ပြည်နယ်အတွင်းရှိ ဖြေဆိုသူအားလုံးတို့ကလည်း ပြောကြားခဲ့ကြသည်။ ရခိုင်ပြည်နယ်တွင် စီမံကိန်း၏ အကျိုးကျေးဇူးအဖြစ် ဖွံ့ဖြိုးမှုတိုးတက်ခြင်းကိုသာ ဖြေဆိုသူအားလုံးက ဖော်ပြကြသည်။ ယင်းအကျိုးကျေးဇူးကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၈၁.၈% သောဖြေဆိုသူများကလည်း ဖော်ပြကြသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ပြောဆိုဖြေကြားကြသော အခြားအကျိုးကျေးဇူးမှာ ယုံကြည်အားထားရသော လျှပ်စစ်ဓါတ်အားရရှိမှုဖြစ်သည်။

၆၆။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ ၉ ၅% ခန့်တို့က စီမံကိန်းထံတွင် ဆိုးကျိုးရှိသည်ဟု မမြင်ကြပေ။ ကျန် ၅% က ပြောဆိုကြသော စီမံကိန်းကြောင့်ဖြစ်နိုင်သည့် တစ်ခုတည်းသော ဆိုးကျိုးမှာ လျှပ်စစ်အန္တရာယ်ဖြစ်သည်။ ယင်းကို ရေဝတီတိုင်းဒေသကြီးအတွင်းပြောဆိုကြသည်။ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် မည်သည့် ဆိုးကျိုးကိုမျှ ပြောဆိုကြခြင်းမရှိပေ။ ဓါတ်အားခွဲရုံများတည်ဆောက်ရန်အတွက် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများထံမှ မြေယာသိမ်းဆည်းရယူမှုများပြုခဲ့ရသော်လည်း ၎င်းအိမ်ထောင်စုများ အတွင်းမှ တစ်ဦးတစ်ယောက်ကမျှ ယင်းကို ဆိုးကျိုးအဖြစ် မပြောဆိုခဲ့ကြကြောင်းလည်း မှတ်သားရသည်။

ဇယား ၂၆ - ဓါတ်အားခွဲရုံများကြောင့် ထိခိုက်ခံရသောအိမ်ထောင်စုများအကြားတွင် စီမံကိန်းအကြောင်းနှင့် ထိခိုက်မှုများအကြောင်းသိရှိမှု။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ

| အကြောင်းအရာ | ရေဝတီ | မွန် | ကရင် | ရခိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| စီမံကိန်းအကြောင်းသိရှိသော အိမ်ထောင်စုများ (%) | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| သိမြင်ကြသော အကျိုးကျေးဇူးများ (ဖြေဆိုမှုများစွာ) (%) | | | | | |
| လုံလောက်ပြီး တတ်စွမ်းနိုင်သောဈေးနှုန်းဖြင့် ရရှိနိုင်သည့် စွမ်းအင် | ၈၁.၈ | ၁၀၀.၀ | ၁၀၀.၀ | ၀ | ၇၆.၁ |
| ယုံကြည်အားထားရသော လျှပ်စစ်ဓါတ်အားရရှိမှု | ၁၈.၂ | ၀ | ၀ | ၀ | ၉.၅ |
| ဖွံ့ဖြိုးမှုတိုးတက်ခြင်း | ၈၁.၂ | ၀ | ၀ | ၁၀၀.၀ | ၅၇.၁ |
| သတ်မှတ်ထားသော ဆိုးကျိုး (%) | | | | | |
| မရှိပါ | ၉၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၉၅.၀ |
| လျှပ်စစ်အန္တရာယ် | ၁၀.၀ | ၀ | ၀ | ၀ | ၀ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| အကိုးအကား - ၂၀၁၇ ဒီဇင်ဘာ စစ်တမ်း | | | | | |

## ၅.၄။ တိုင်ပင်ဆွေးနွေးပွဲများ

၆၇။ စီမံကိန်းနေရာရှိ စီမံကိန်းနှင့် အကျိုးဝင်ဆက်စပ်သူများ၊ ထိခိုက်ခံရသူများတို့နှင့် တိုင်ပင်ဆွေးနွေးပွဲ ၈ ပွဲကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာလ ၂၀ ရက်နေ့အတွင်း ကျင်းပခဲ့ပါသည် (ဇယား ၂၇)။ ၎င်းအစည်းအဝေးပွဲများကို အမျိုးသား ၃၃၃ ဦး၊ အမျိုးသမီး ၁၂၁ ဦး၊ စုစုပေါင်း ၄၅၄ ဦးတက်ရောက်ခဲ့ပါသည်။ ၎င်းဆွေးနွေးပွဲများတွင် ESE ဝန်ထမ်းများက စီမံကိန်းပိုင်ရှင်အဖြစ် ဦးဆောင်ခဲ့ပါသည်။

ဇယား ၂၇ - အများပြည်သူတက်ရောက်နိုင်သော တိုင်ပင်ဆွေးနွေးပွဲများတွင် တက်ရောက်သူများ။ နေရာနှင့် ကျား/မ အလိုက်ဖော်ပြချက်

| တည်နေရာ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| သဲကုန်းမြို့နယ်၊ ပဲခူး | ၅၁ | ၉ | ၆၀ |
| ပဲခူးမြို့နယ်၊ ပဲခူး | ၂၆ | ၁၂ | ၃၈ |
| ပုသိမ်မြို့နယ်၊ ဧရာဝတီ | ၅၄ | ၁၈ | ၇၂ |
| ဇလွန်မြို့နယ်၊ ဧရာဝတီ | ၃၅ | ၁၀ | ၄၅ |
| ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် | ၃၃ | ၁၉ | ၅၂ |
| မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ၂၉ | ၇ | ၃၆ |
| ဖာသပြင်မြို့နယ်၊ ကရင်ပြည်နယ် | ၈၄ | ၃၄ | ၁၁၈ |
| ဘားအံမြို့နယ်၊ ကရင်ပြည်နယ် | ၂၁ | ၁၂ | ၃၃ |
| စုစုပေါင်း | ၃၃၃ | ၁၂၁ | ၄၅၄ |

၆၈။ စီမံကိန်းအစိတ်အပိုင်းများနှင့် အလားအလာရှိသော ပြန်လည်နေရာချထားရေးဆိုင်ရာ ထိခိုက်မှု အတိုင်းအတာတို့ကို ၎င်း အစည်းအဝေးများအတွင်းတွင် ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ အဓိက ဆွေးနွေးပြောဆိုကြသော လူမှုရေးဆိုင်ရာကိစ္စမှာ ထိခိုက်သွားသော မြေနှင့် သီးနှံများအတွက် လျော်ကြေးအကြောင်းသာဖြစ်ပါသည် (ဇယား ၂၈) ။ အခြားဆွေးနွေးပြောဆိုကြသော အကြောင်းအရာများမှာ အန္တရာယ်ကင်းရှင်းရေး၊ စီမံကိန်းအတွင်းအလုပ်အကိုင် ရရှိရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများဖြစ်ကြပါသည်။ အစည်းအဝေးမှတ်တမ်းများကို နောက်ဆက်တွဲ ၁ တွင် ကြည့်ရှုနိုင်ပါသည်။

ဇယား ၂၈ - ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်းအတွက် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းများ နှင့် ဆွေးနွေးပြောဆိုကြသော အကြောင်းအရာများ

စက်တင်ဘာ-အောက်တိုဘာ ၂၀၁၇

| ရက်စွဲ | တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ကျေးရွာ | ဆွေးနွေးပြောဆိုကြသော အကြောင်းအရာများ |
|---|---|---|
| | **ပဲခူးအနောက်ပိုင်း** | |
| စက်တင်ဘာ ၃၀၊ ၂၀၁၇ | သဲကုန်း | • အလုပ်အကိုင်ရရှိရေး<br>• သီးနှံလျော်ကြေး<br>• လျော်ကြေးပေးရန် တာဝန်ရှိသောဌာန<br>• လုပ်ဆောင်ထားသော ကာကွယ်စောင့်ရှောက်မှုများ |
| အောက်တိုဘာ ၉ | **ပဲခူး** | • ဝန်ဆောင်မှုရရှိနိုင်သောနယ်မြေကို ချဲ့ထွင်ရန်လိုအပ် |
| | **ရောဝတီ** | |
| အောက်တိုဘာ ၁၁ ၂၀၁၇ | ပုသိမ် | • လျော်ကြေးနှုန်းထား |
| အောက်တိုဘာ ၁၂ ၂၀၁၇ | ဇလွန် | • ဓါတ်အားလိုင်းနှင့် ဓါတ်ဆီဆိုင်အကွာအဝေး |
| | **ကရင်ပြည်နယ်** | |
| အောက်တိုဘာ ၂၀ ၂၀၁၇ | ဖာသပြင် | • မြေယာလျော်ကြေးနှုန်းထား |
| အောက်တိုဘာ၁၉ ၂၀၁၇ | ဘားအံ | • သီးနှံများအပေါ်ထိခိုက်မှု<br>• လိုအပ်သော မြေယာသိမ်းဆည်းရယူမှု<br>• အန္တရာယ်ကင်းရှင်းရေး လုပ်ဆောင်မှုများ<br>• ဓါတ်အားခွဲရုံများနှင့် လူနေအိမ်များအကွာအဝေး |
| | **မွန်ပြည်နယ်** | |
| အောက်တိုဘာ ၁၆ | ကျိုက်ထို | • ကြိုတင်အသိပေးရန် လိုအပ်မှု<br>• သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု |
| အောက်တိုဘာ ၁၇ | မော်လမြိုင် | • သစ်ပင်များဆုံးရှုံးမှု<br>• လျော်ကြေးကို အလွန်အကျွံတောင်းဆိုခြင်း<br>• သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု |

## ၅.၅။ အချက်အလက် ထုတ်ပြန်ကြေညာခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ လုပ်ဆောင်မှုများ

၆၉။ အင်ဂျင်နီယာပိုင်းဆိုင်ရာအသေးစိတ်ပုံစံဒီဇိုင်းနှင့် DMS ရလဒ်များအပေါ်အခြေခံကာ REGDP ကို ပြန်လည်မွမ်းမံမည် ဖြစ်ပါသည်။ ထိုအစီအစဉ်နှင့် အကျဉ်းချုပ်တို့ကို မြန်မာ၊ မွန်၊ ကရင်နှင့် ရခိုင်ဘာသာများသို့

ပြန်ဆိုကာ ထိခိုက်ခံရသောသူများ ရရှိဖတ်ရှုနိုင်ရန် မြို့နယ်နှင့် ကျေးရွာအာဏာပိုင်များမှတဆင့် စီစဉ်ဆောင်ရွက်သွားပါမည်။

၇၀။ REGDP ပြန်လည်သုံးသပ်ပြီးနောက်တွင် နောက်ဆက်တွဲ ၄ တွင် ပါရှိသည့် PIB မူကြမ်းကို ပြန်လည်မွမ်းမံကာ ထိခိုက်ခံရသောသူများထံသို့ ဖြန့်ချီသွားပါမည်။ ထိုစာအုပ်ငယ်တွင် အောက်ပါ အချက်အလက်များ ပါဝင်ပါသည် (၁) စီမံကိန်းအကြောင်းဖော်ပြချက် (၂) မျှော်လင့်ထားသော စီမံကိန်းဆိုင်ရာ သက်ရောက်မှုများ (၃) လျော်ကြေးနှင့် ခံစားခွင့်ဆိုင်ရာမူဝါဒ (၄) လျော်ကြေးနှုန်းထားသတ်မှတ်ခြင်းနှင့် ပေးလျော်ခြင်းအတွက် တာဝန်ရှိသော အဖွဲ့အစည်းများ (၅) လျော်ကြေးနှုန်းထားသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းများ (၆) လျော်ကြေးရပိုင်ခွင့်အတွက် အကျုံးဝင်မှု (၇) အဆင်မပြေမကျေလည်မှုဖြေရှင်းခြင်းနှင့် အယူခံဝင်ခြင်းလုပ်ထုံးလုပ်နည်းများ (၈) လျော်ကြေးလုပ်ငန်းစဉ်ကို ထောက်ကူဆောင်ရွက်ရာတွင် ထိခိုက်ခံရသော အိမ်ထောင်စုများ၏ အခန်းကဏ္ဍ။ PIB ကို မြန်မာ၊ မွန်၊ ကရင် နှင့် ရခိုင် ဘာသာများဖြင့် ထုတ်ဝေမည်ဖြစ်သည်။ PIB ကို DMS ဆောင်ရွက်ပြီးနောက် REGDP ကို မွမ်းမံအပြီးတွင် ထုတ်ဝေသွားမည်။

၇၁။ REGDP မွမ်းမံစဉ်ကာလအတွင်း၊ တည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်လုပ်ဆောင်စဉ်ကာလများ အတွင်းတွင် အဆင့်များစွာပါဝင်သော တိုင်ပင်ဆွေးနွေးပွဲများကို ကာလအပိုင်းအခြားအလိုက်ကျင်းပသွားမည် (ဇယား ၂၉) ။ စီမံကိန်းပြီးမြောက်မှုအစီရင်ခံစာကို ADB က ထုတ်ပြန်မှုမပြုရသေးမီအချိန်အထိ ယင်းသို့ တိုင်ပင်ဆွေးနွေးခြင်း၊ တုန့်ပြန်အကြံပြုခြင်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ လျော်ကြေး၊ အထောက်အပံ့နည်းလမ်းများ၊ ခံစားခွင့် ရပိုင်ခွင့်များ၊ အဆင်မပြေမှုများဖြေရှင်းခြင်း နှင့် ဝင်ငွေပြန်လည်ထူထောင်ခြင်းဆိုင်ရာ သဘောတူညီချက်များ ရေးဆွဲရာတွင် တိုင်း/ပြည်နယ်၊ မြို့နယ် နှင့် ကျေးရွာအာဏာပိုင်များလည်း ပါဝင်လုပ်ဆောင်ကြမည်ဖြစ်သည်။ ထိခိုက်လွယ်သော အိမ်ထောင်စုများထံမှ အကြံဉာဏ်များရယူရန် အထူးအစည်းအဝေးများကိုလည်း ကျင်းပလုပ်ဆောင်မည်ဖြစ်သည်။ အကောင်အထည်ဖော်လုပ်ဆောင်မှုများကို ဒေသဆိုင်ရာအာဏာပိုင်များနှင့် ထိခိုက်ခံရသောပြည်သူများထံသို့ စီမံကိန်းဘက်မှ ပုံမှန် အစီရင်ခံသွားမည်ဖြစ်သည်။ ပေါ်ပေါက်လာသော ကိစ္စရပ်များကိုလည်း အစဉ်မပြတ် ရှာဖွေသတ်မှတ်ကာ လုပ်ကိုင်ဆောင်ရွက်ဖွယ်အစီအမံများကို တိုင်ပင်ဆွေးနွေးပွဲများတွင် သတ်မှတ်ဆုံးဖြတ်သွားမည်ဖြစ်သည်။

ဇယား ၂၉ - လျှပ်စစ်ဓါတ်အားကွန်ရက်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် စီစဉ်ထားသော တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ လုပ်ဆောင်မှုများ - ဓါတ်အားဖြန့်ဖြူးရေး အစိတ်အပိုင်း

| **လုပ်ဆောင်ချက်များ** | **အကျုံးဝင်ပတ်သက်သည့်အုပ်စုများ** |
|---|---|
| **က။ ပြင်ဆင်သည့်အဆင့် (REGDP မွမ်းမံခြင်း)** | |
| ၁။ စီမံကိန်းတိုးတက်မှုများကို သက်ဆိုင်ရာ နိုင်ငံတော်အစိုးရဌာနများသို့ တင်ပြခြင်း<br>၂။ ဓါတ်အားလိုင်းများဖြတ်သန်းသွားသော၊ ဓါတ်အားခွဲရုံများကြောင့် ထိခိုက်မှုရှိသော ကျေးရွာများတွင် အိမ်ထောင်စုစစ်တမ်း၊ DMS နှင့် တိုင်ပင်ဆွေးနွေးပွဲများကျင်းပလုပ်ဆောင်ရန် ခွင့်ပြုချက်ရယူခြင်း<br>၃။ စီမံကိန်းနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုစေခြင်း၊ ယင်းကိစ္စများကို ဖြေရှင်းလုပ်ဆောင်ရန် အကြံပြုချက်များရယူခြင်း | • MOEE; (နေပြည်တော်)<br>• သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC)<br>• MOF: (နေပြည်တော်) |

| | |
|---|---|
| ၄။ စီမံကိန်းလုပ်ငန်းတိုးတက်မှုအခြေအနေကိုဒေသန္တရ အစိုးရအဖွဲ့များထံ အစီရင်ခံရန်နှင့် ပြည်ထောင်စုအဆင့်မှ အစိုးရဌာနများနှင့် တိုင်ပင်ဆွေးနွေးမှုရလဒ်များ၊ လုပ်ငန်းခွင်အတွက် လုပ်ငန်းအစီအစဉ်တို့ကို ယင်းတို့ထံ အကြောင်းကြားရန်။<br>၅။ စီမံကိန်းနှင့် ပတ်သက်သည့် ၄င်းတို့၏ စိုးရိမ်ပူပန်မှုများကို ကြားသိရန် နှင့် ယင်းတို့ကို ဖြေရှင်းရန် အကြံပြုချက်များ ရယူရန် | • တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးချုပ်ရုံးများ<br>• GAD ထွေ/အုပ်<br>• MONREC နှင့် MOF တို့၏ ဒေသန္တရရုံးများ |
| ၆။ စီမံကိန်းလုပ်ငန်းတိုးတက်မှုကို မြို့နယ်အရာရှိများကို အစီရင်ခံရန်၊ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ရှိ တိုင်ပင်ဆွေးနွေးမှုရလဒ်များ၊ လုပ်ငန်းခွင်အတွက် လုပ်ငန်းအစီအစဉ်တို့ကို ယင်းတို့ထံ အကြောင်းကြားရန်။<br>၇။ ကျေးရွာအုပ်စုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရက မိတ်ဆက်ပေးသောစာကို ရယူရန် စီမံကိန်းနှင့် ပတ်သက်သည့် ၄င်းတို့၏ စိုးရိမ်ပူပန်မှုများကို ကြားသိရန် နှင့် ယင်းတို့ကို ဖြေရှင်းရန် အကြံပြုချက်များ ရယူရန် | • ခရိုင်/မြို့နယ် ထွေ/အုပ်<br>• MONREC နှင့် MOF မြို့နယ်ရုံးများ<br>• မြို့နယ်စည်ပင်သာယာရေးကော်မတီ<br>• NGO များ |
| ၈။ ကျေးရွာအုပ်စုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရက မိတ်ဆက်ပေးသောစာကို ပေးအပ်ရန် နှင့် ကွင်းဆင်းလုပ်ကိုင်မှုများအတွက် ခွင့်ပြုချက်ရယူရန်၊<br>၉။ နောက်ဆုံးသတ်မှတ်ရက်ကြေညာခြင်းအတွက် စီစဉ်ရန် စာရင်းပိတ်သည့် နောက်ဆုံးရက်ကို ရပ်ရွာလူထုကို အကြောင်းကြားရန်၊ စစ်တမ်းကောက်ယူရန်၊ DMS နှင့် တိုင်ပင်ဆွေးနွေးမှုများလုပ်ဆောင်ရန်<br>၁၀။ စစ်တမ်းနှင့် DMS ရလဒ်များကို အတည်ပြုရန်နှင့် တုန့်ပြန်ပြောဆိုမှု၊ အကြံပြုမှုများရယူရန်အတွက် ရလဒ်များကို ရပ်ရွာလူထုထံတင်ပြရန်<br>၁၁။ လျော်ကြေးနှုန်းထားသတ်မှတ်သည့် စနစ်၊ လျော်ကြေးပေးသည့်စနစ်၊<br>၁၂။ အဆင်မပြေမှုများကိုင်တွယ်ဖြေရှင်းပေးသည့်စနစ်တို့ကို ရှင်းပြကာ တုန့်ပြန်ပြောဆိုမှု၊ အကြံပြုမှုများရယူရန်<br>၁၃။ အကျိုးဝင်ပတ်သက်သူများထံမှ စနစ်ပုံစံအတွက် အလုပ်ဖြစ်နိုင်သည့် အကြံပြုချက်များကို ထည့်သွင်းပေါင်းစပ်ရန် | • ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ<br>• ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>• အမျိုးသမီးများ<br>• လယ်သမားများ<br>• ဒေသခံ အိမ်ထောင်စုများ<br>• ထိခိုက်လွယ်သော အုပ်စုများ |
| **ခ။ တည်ဆောက်ရေးအဆင့်** | |
| ၁။ လေ့လာစောင့်ကြည့်သည့် အစီရင်ခံစာများကို အသုံးပြုကာ စီမံကိန်းလုပ်ငန်းတိုးတက်မှုအခြေအနေကို သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဌာနများကို ကာလအပိုင်းအခြားအလိုက် အစီရင်ခံရန်<br>၂။ စီမံကိန်းနှင့် ပတ်သက်သည့် ၄င်းတို့၏ စိုးရိမ်ပူပန်မှုများကို ကြားသိရန် နှင့် ယင်းတို့ကို ဖြေရှင်းရန် အကြံပြုချက်များ ရယူရန် | • သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် နှင့် မြို့နယ်အဆင့် ဌာနများနှင့် အရာရှိများ<br>• NGO များ |
| ၃။ ဓါတ်အားဖြန့်ဖြူးရေးလိုင်းအပိုင်းတွင် တည်ဆောက်ရေး | • ကျေးရွာအုပ်စုအုပ်ချုပ်ရေး |

| | |
|---|---|
| လုပ်ဆောင်သည့်အခါ ပြဿနာများရှိပါကသိရှိရန်နှင့် ဖြေရှင်းမှုများကို လုပ်ဆောင်နိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအတွင်းရှိ ဒေသန္တရအုပ်စုများနှင့် တိုင်ပင်ဆွေးနွေးရန်<br>၄။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအိမ်တွင် ဒေသခံဘာသာစကားဖြင့် ရေးသားထားသော မွမ်းမံထားပြီး REGDP မိတ္တူတစ်စောင်ကို ပေးအပ်ထားရှိရန်နှင့် ခံစားခွင့် ဇယားကို အများပြည်သူမြင်နိုင်သောနေရာတွင် ကပ်ထားရန်<br>၅။ စီမံကိန်းနှင့်ပတ်သက်ပြီး တစ်ဦးချင်း သို့မဟုတ် အစုအဝေးလိုက်တိုင်ကြားသောကိစ္စရပ်များကို ဖြေရှင်းရန် အဆင့်တစ်ဆင့်ထက်ပိုပါဝင်သော အများပါဝင်လုပ်ဆောင်နိုင် သည့် အဆင်မပြေမှုညှိနှိုင်းဖြေရှင်းရေးနစ်ကို လည်ပတ်လုပ်ဆောင်ရန်<br>၆။ အလုပ်အကိုင်အတွက် အရည်အချင်းပြည့်မီပါက အမျိုးသမီးများအပါအဝင် ကျေးရွာတွင်နေထိုင်သူများကို ဦးစားပေးခန့်ထားရန်<br>၇။ အလုပ်သမားများနေထိုင်သည့် စခန်းများတွင် လိုအပ်သော အစားရိက္ခာများကို ကျေးရွာမှ စိုက်ပျိုးထုတ်လုပ်သူများ ပေးသွင်းရောင်းချနိုင်စေမည့် စနစ်ထူထောင်ရန်<br>၈။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က တောင်းဆိုသည့်အတိုင်း ရပ်ရွာလူထုနှင့် ကဏ္ဍအလိုက်ဆွေးနွေးပွဲများ ကျင်းပရန်<br>၉။ စီမံကိန်းကြောင့် ရပ်ရွာလူထု၏ ကောင်းကျိုးချမ်းသာကို ထိခိုက်စေသည့်ကိစ္စရပ်များကို အရေးပေါ်တုန့်ပြန်ဆောင်ရွက်သည့် အစီအစဉ်တစ်ခုကို ရပ်ရွာလူထုနှင့် ပူးတွဲစီမံခန့်ခွဲရန် | တာဝန်ရှိသူများ<br>• ကျေးရွာအုပ်ချုပ်ရေးမှူး<br>• အမျိုးသမီးများ<br>• တံငါသည်များ၊ လယ်သမားများ<br>• ဒေသခံ အိမ်ထောင်စုများ<br>• ထိခိုက်လွယ်သော အုပ်စုများ |
| **၈။ လုပ်ငန်းလည်ပတ်လုပ်ဆောင်သည့် အဆင့်** | |
| ၁။ စီမံကိန်းလုပ်ငန်းတိုးတက်မှုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အစိုးရဌာနများသို့ အစီရင်ခံရန်<br>၂။ စီမံကိန်းနှင့် ပတ်သက်သည့် ၄င်းတို့၏ စိုးရိမ်ပူပန်မှုများကို ကြားသိရန် နှင့် ယင်းတို့ကို ဖြေရှင်းရန် အကြံပြုချက်များ ရယူရန် | • သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် နှင့် မြို့နယ်အဆင့် ဌာနများနှင့် အရာရှိများ<br>• NGO များ |
| ၃။ ၄င်းတို့အပေါ်ထိခိုက်သည့် ကိစ္စများကို ဖြေရှင်းမှု အကောင်အထည်ဖော်ခြင်းအား အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံအဖွဲ့အစည်းများနှင့်အတူ လက်တွဲလုပ်ဆောင်ရန်<br>၄။ စီမံကိန်းနှင့်ပတ်သက်ပြီး တစ်ဦးချင်း သို့မဟုတ် အစုအဝေးလိုက်တိုင်ကြားသောကိစ္စရပ်များကို ဖြေရှင်းရန် အဆင့်တစ်ဆင့်ထက်ပိုပါဝင်သော အများပါဝင်လုပ်ဆောင်နိုင်သည့် အဆင်မပြေမှုညှိနှိုင်းဖြေရှင်းရေး စနစ်ကို လည်ပတ်လုပ်ဆောင်ရန်<br>၅။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က တောင်းဆိုသည့်အတိုင်း ရပ်ရွာလူထုနှင့် ကဏ္ဍအလိုက်ဆွေးနွေးပွဲများ ကျင်းပရန်<br>၆။ စီမံကိန်းကြောင့် ရပ်ရွာလူထု၏ ကောင်းကျိုးချမ်းသာကို | • ကျေးရွာအုပ်စုအုပ်ချုပ်ရေး တာဝန်ရှိသူများ<br>• ကျေးရွာအုပ်ချုပ်ရေးမှူး<br>• အမျိုးသမီးများ<br>• ဒေသခံ အိမ်ထောင်စုများ<br>• ထိခိုက်လွယ်သော အုပ်စုများ |

| | |
|---|---|
| ထိခိုက်စေသည့်ကိစ္စရပ်များကို အရေးပေါ်တုန့်ပြန်ဆောင်ရွက်သည့် အစီအစဉ်တစ်ခုကို ရပ်ရွာလူထုနှင့် ပူးတွဲစီမံခန့်ခွဲရန် | |

# ၆။ အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးစနစ်

## ၆.၁။ ပိုင်ဆိုင်မှုများအပေါ်နစ်နာကြေးပေးလျော်ရေးကော်မတီနှင့် အဆင်မပြေမှုများ ဖြေရှင်းခြင်း

၇၂။ ထိခိုက်မှုအနည်းငယ်သာရှိသဖြင့် ဓါတ်အားဖြန့်ဖြူးရေးလိုင်းများတပ်ဆင်ခြင်းအတွက် မြေယာရယူရန်မလိုအပ်သော်လည်း ထိခိုက်သော ပုဂ္ဂလိကပိုင် သစ်ပင်များနှင့် သီးနှံများကို ဈေးကွက်ပေါက်ဈေးအတိုင်းပေးလျော်မည်ဖြစ်ပါသည်။ ၎င်းသစ်ပင်သီးနှံများကို ဆောက်လုပ်ရေးလုပ်ငန်းပိုင်းဆိုင်ရာ ထိခိုက်မှုများ၏ အစိတ်အပိုင်းအဖြစ် ကန်ထရိုက်တာက ပေးလျော်သွားမည်ဖြစ်သော်လည်း အကယ်၍ တိုင်ကြားမှုများရှိလာပါက ဓါတ်အားဖြန့်ဖြူးရေးလိုင်းများအတွက် GRM ကို လည်ပတ်လုပ်ဆောင်မည်ဖြစ်သည်။ ထို့ကြောင့် ဓါတ်အားခွဲရုံများအတွက် မြေယာရယူရန်မလိုအပ်သော ပဲခူးအရှေ့ပိုင်းနှင့် အနောက်ပိုင်းအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအားလုံးတွင် GRM ကို ထူထောင်ထားမည်ဖြစ်သည်။

၇၂။ ဓါတ်အားခွဲရုံများအတွက် ပုဂ္ဂလိကပိုင်မြေကို ရယူရန်လိုအပ်သော တိုင်းဒေသကြီး/ပြည်နယ်လေးခုတွင် တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့သည် ပိုင်ဆိုင်မှုများအပေါ် နစ်နာကြေး ပေးလျော်မှုကော်မတီ (ACC) ကို ဖွဲ့စည်းမည်ဖြစ်သည်။ ACC ၏ အဓိကတာဝန်များမှာ (၁) DMS ကို လုပ်ဆောင်ရန် (၂) ပိုင်ဆိုင်မှု နှင့် ထုတ်လုပ်မှုတစ်ခုချင်းစီအတွက် ဈေးကွက်ပေါက်ဈေးကို သတ်မှတ်ရန် (၃) လျော်ကြေးကို ပြန်လည်အစားထိုးနိုင်သောတန်ဖိုးဖြင့် သတ်မှတ်ရန် (၄) အစားထိုးနိုင်သောတန်ဖိုးသတ်မှတ်နိုင်ရန်နှင့် သဘောတူညီချက်ရရှိရန် ထိခိုက်ခံရသော အိမ်ထောင်စုတစ်ခုချင်းနှင့် ညှိနှိုင်းရန် တို့ဖြစ်သည်။ ကော်မတီကို အစိုးရဌာနများဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ ကော်မတီတွင် မည်သည့်ဌာနများပါဝင်မည်ကို တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းတွင် သဘောတူညီချက်ရယူရမည်ဖြစ်ပြီး တစ်နေရာနှင့်တစ်နေရာ မတူညီပဲ ကွဲပြားနိုင်သည်။

၇၄။ တိုင်ကြားမှုများကို လက်ခံရန် နှင့် လွတ်လပ်၊ ပွင့်လင်းမြင်သာ၊ အချိန်ကိုက်၊ ကျေနပ်ဖွယ်အသွင်ဖြင့် ဖြေရှင်းပေးနိုင်ရန်အတွက် ESE သည် ၎င်းအဖွဲ့အစည်း၏အဆင့်တိုင်းတွင် ကော်မတီတစ်ခုကို ဖွဲ့စည်းထားရှိပါမည်။ အဆင့်များမှာ (၁) PMU (၂) ESE ခရိုင်ရုံး (၃) နေပြည်တော်ရှိ ESE ပြည်ထောင်စုအဆင့်ရုံး တို့ဖြစ်သည်။ ကော်မတီဝင်များအဖြစ်ထမ်းဆောင်မည့်သူများကို လျော်ကြေးပေးခြင်းဆိုင်ရာစည်းမျဉ်းများ၊ လုပ်ငန်းစဉ်များကို ကနဦးရှင်းလင်းခြင်း၊ အဆင်မပြေနစ်နာမှုများကို ကိုင်တွယ်ရန် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သင်တန်းပေးခြင်းတို့ကို လုပ်ဆောင်မှုဖြစ်သည်။ PMU ကို ဖွဲ့စည်းပြီးသည်နှင့်တပြိုင်နက် အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီသည် စတင်လုပ်ဆောင်ကာ စီမံကိန်းအကောင်အထည်ဖော်ဆောင်သည့်ကာလတလျှောက်လုံး သက်ဝင်လှုပ်ရှားနေမည်ဖြစ်သည်။ ၎င်းးသည် ပြန်လည်နေရာချထားရေးဆိုင်ရာထိခိုက်မှုများနှင့် ပတ်သက်သည့် တိုင်ကြားမှုများကိုသာ ကိုင်တွယ်မည်ဖြစ်ကာ တရားရုံးကသာဖြေရှင်းရမည်ဖြစ်သည့် မြေယာအသုံးပြုခွင့်ဆိုင်ရာ အငြင်းပွားမှုများကို ကိုင်တွယ်မည်မဟုတ်ပါ။

## ၆.၂။ အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၇၅။ ထိခိုက်ခံရသောသူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆက်စပ်သွားလာလုပ်ဆောင်ရမည့် နေရာများကိုသိရှိစေရန် PIB၊ တစ်ဦးချင်းတွေ့ဆုံဆွေးနွေးပွဲများ၊ တိုင်ပင်ဆွေးနွေးပွဲများမှ တဆင့် သတင်းအချက်အလက်ပေးမည်ဖြစ်သည်။ အကယ်၍ ထိခိုက်ခံစားရသော ပုဂ္ဂိုလ်တစ်ဦးသည် ရေးသားတိုင်ကြားမှုကို မိမိအနေဖြင့် လုံလောက်စွာလုပ်ဆောင်နိုင်ခြင်းမရှိဟု ခံစားရပါက အခြားဒေသခံအဖွဲ့အစည်း၊ NGO၊ မိသားစုဝင်၊ ကျေးရွာလူကြီးများ၊ အရာရှိများကို မိမိကိုယ်စားရေးသားရန်

အကူအညီရယူနိုင်သည်။ ESE သည် တိုင်ကြားမှုကို ဖြေရှင်းရာတွင် သက်ဆိုင်သည့် ကုန်ကျစရိတ်များအားလုံး (အစည်းအဝေး၊ တိုင်ပင်ဆွေးနွေးပွဲ၊ ဆက်သွယ်ပြန်ကြားရေး၊ အစီရင်ခံခြင်း၊ သတင်းအချက်အလက်ဖြန့်ဖြူးခြင်း) ကို ကျခံရမည်။ အဆင်မပြေမှုအမျိုးအစားတစ်ခုချင်းစီကို ဖြေရှင်းရာတွင် လိုက်နာရန် လုပ်ထုံးလုပ်နည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

### က။ DMS ရလဒ်

(၁) မိမိတို့၏ ပစ္စည်းဥစ္စာများအပေါ် DMS ရလဒ်နှင့် ပတ်သက်၍ မကျေနပ်သော အိမ်ထောင်စုသည် ပြီးစီးသွားသော DMS ပုံစံပေါ်တွင် ယင်းသို့ကျေနပ်မှုမရှိကြောင်းဖော်ပြလျက် လက်မှတ်ရေးထိုးကာ ACC အနေဖြင့် ပြန်လည်သုံးသပ်ပေးရန်၊ အခြား ACC စစ်တမ်းကောက်ယူသည့်အဖွဲ့တစ်ခုဖြင့် ပြန်လည် အကဲဖြတ်ပေးရန် တောင်းဆိုရမည်။

(၂) အကယ်၍ ၎င်းအိမ်ထောင်စုသည် ပြန်လည်သုံးသပ်မှု၊ ပြန်လည်အကဲဖြတ်ချက်များကို ကျေနပ်မှုမရှိသေးလျှင် ၎င်း၏ ကိုယ်စားလှယ်သည် DMS ပုံစံကို အပြီးသတ်၊ လက်မှတ်ထိုးကာ စာအားဖြင့်ဖြစ်စေ၊ နှုတ်အားဖြင့်ဖြစ်စေ ESE PMU အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီထံသို့ ထိခိုက်သွားသောပစ္စည်းဥစ္စာများအား ပြန်လည်စစ်ဆေး အချက်အလက်ကောက်ယူပေးရန်၊ ပြန်လည်အကဲဖြတ်ပေးရန် တောင်းဆိုရမည်။

(၃) ESE PMU အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီသည် တိုင်ကြားမှုကို လက်ခံရရှိသည်မှ ၁၅ ရက်အတွင်း စစ်ဆေးရေးအဖွဲ့အသစ်တစ်ခုကိုဖွဲ့စည်းကာ ထိခိုက်သောပိုင်ဆိုင်မှုများကို ပြန်လည်တိုင်းတာပြီး ကွဲလွဲချက်များတွေ့ရှိပါက ပြန်လည်ပြင်ဆင်ရမည်။ အိမ်ထောင်စုသည် ESE PMU အဆင်မပြေမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီ၏ လုပ်ဆောင်မှု၊ ရလဒ်များကို ကျေလည်မှုမရှိသေးပါက ၎င်းအနေဖြင့် ထိုအမှုကို ESE ခရိုင်ရုံး အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီထံသို့ အယူခံတင်ပြရမည်။

(၄) ESE ခရိုင်ရုံး အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီသည် တိုင်ကြားမှုကို ၁၅ ရက်အတွင်း ဖြေရှင်းရမည်။ အကယ်၍ အိမ်ထောင်စုသည် ခရိုင်အဆင့်၏ ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိသေးပါက ယင်းအမှုကို ESE ပြည်ထောင်စုအဆင့်ရုံး အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီထံသို့ ပို့ဆောင်ရမည်။

(၅) ESE ပြည်ထောင်စုအဆင့်ရုံး အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီသည် တိုင်ကြားမှုကို ၁၅ ရက်အတွင်း ဖြေရှင်းရမည်။ အကယ်၍ အိမ်ထောင်စုသည် ပြည်ထောင်စုအဆင့်ရှိ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသေးပါက ယင်းအမှုကို ဖြေရှင်းရန် တရားစီရင်ရေးလုပ်ငန်းစဉ်ထံသို့ ပို့ဆောင်ရမည်။

### ခ။ ထိခိုက်သောပစ္စည်းဥစ္စာများအပေါ်ပိုင်ဆိုင်မှုနှင့် အခွင့်အရေး

(၁) အကယ်၍ တိုင်ကြားမှုသည် ထိခိုက်သော ပစ္စည်းဥစ္စာ၏ ပိုင်ဆိုင်မှု၊ အခွင့်အရေး သို့မဟုတ် ထိန်းချုပ်နိုင်မှုနှင့် သက်ဆိုင်ပါက ACC သည် ယင်းကိစ္စကို ဖြေရှင်းရန် အငြင်းပွားနေသောဘက်များနှင့် တိုင်ပင်ဆွေးနွေးကာ ကြားဝင်စေ့စပ်ပေးမည်ဖြစ်သည်။

(၂) အကယ်၍ တိုင်ပင်ဆွေးနွေးခြင်း၊ ကြားဝင်စေ့စပ်ပေးခြင်းဖြင့် အမှုကိစ္စကို မဖြေရှင်းနိုင်ပါက ယင်းကိစ္စကို တရားရုံးတွင် ဆက်လက်ဖြေရှင်းရန် သက်ဆိုင်ရာ အိမ်ထောင်စုများကို ACC က အကြံပေးမည်ဖြစ်သည်။

## ဂ။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ညှိနှိုင်းတန်ဖိုးဖြတ်ရာတွင် သတ်မှတ်ချက်နှင့် မညီညွတ်မှုများ

(၁) အကယ်၍ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို တန်ဖိုးဖြတ်ရာတွင် ACC သည် သဘောတူညီထားသည့်အတိုင်း တွက်ချက်ခြင်း၊ လျော်ကြေးပေးခြင်းမရှိဟု အိမ်ထောင်စုများက ထင်မြင်လျှင် ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကို လွှဲပြောင်းပေးရန် ငြင်းဆိုနိုင်ကာ ESE PMU အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီထံသို့ ယင်းသတ်မှတ်ချက်နှင့် မညီညွတ်မှုများကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ အသိပေး အကြောင်းကြားရမည်။

(၂) ESE PMU အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီသည် တိုင်ကြားမှုလက်ခံရရှိပြီးနောက် ၁၅ ရက်အတွင်း ဖြေရှင်းရမည်။ အကယ်၍ အိမ်ထောင်စုသည် PMU အဆင့်၏ ဖြေရှင်းဆုံးဖြတ်မှုကို မကျေနပ်ပါက ယင်းအမှုကိစ္စကို ESE ခရိုင်ရုံး အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေး ကော်မတီထံသို့ ပို့ဆောင်နိုင်သည်။

(၃) ESE ခရိုင်ရုံး အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေး ကော်မတီသည် တိုင်ကြားမှုကို လက်ခံရရှိပြီး ၁၅ ရက်အတွင်းဖြေရှင်းမည်။ အကယ်၍ အိမ်ထောင်စုသည် ခရိုင်အဆင့်၏ ဖြေရှင်းဆုံးဖြတ်မှုကို မကျေနပ်ပါက ယင်းအမှုကိစ္စကို ESE ပြည်ထောင်စုအဆင့်ရုံး အဆင်မပြေမှုများ ညှိနှိုင်းဖြေရှင်းရေး ကော်မတီထံသို့ ပို့ဆောင်နိုင်သည်။

ESE ပြည်ထောင်စုအဆင့်ရုံး အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေး ကော်မတီသည် တိုင်ကြားမှုကို လက်ခံရရှိပြီး ၁၅ ရက်အတွင်းဖြေရှင်းမည်။ အကယ်၍ အိမ်ထောင်စုသည် ပြည်ထောင်စုအဆင့်၏ ဖြေရှင်းဆုံးဖြတ်မှုကို မကျေနပ်ပါက ယင်းအမှုကိစ္စကို တရားစီရင်ရေးလုပ်ငန်းစဉ်ထံသို့ ဆက်လက်ပို့ဆောင် ဖြေရှင်းနိုင်သည်။

## ဃ။ REGDP အကောင်အထည်ဖော်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းမှ ထိခိုက်မှုများ

(၁) REGDP အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ကြိုတင်မျှော်လင့်မထားသော သို့မဟုတ် လျော့ပါးသက်သာစေရန် စီမံမထားသော ဆောက်လုပ်ရေးဆိုင်ရာထိခိုက်မှုများကို တိုင်ကြားရာတွင် လုပ်ထုံးလုပ်နည်းများသည် ပစ္စည်းဥစ္စာများကို ညှိနှိုင်းတန်ဖိုးဖြတ်ရာတွင် သတ်မှတ်ချက်နှင့်မညီညွတ်မှုများအပေါ် တိုင်ကြားမှုများ အတိုင်းပင်ဖြစ်သည်။

# ၇။ မူဝါဒပိုင်းဆိုင်ရာနှင့် ဥပဒေရေးရာ မူဘောင်

## ၇.၁။ ADB ၏ မူဝါဒများနှင့် မြန်မာနိုင်ငံ၏ မူဝါဒများ စေ့စပ်ပေါင်းဆုံခြင်း

၇၆။ ADB ၂၀၀၉ SPS နှင့် ကာယကံရှင်ဆန္ဒမပါဘဲ ပြန်လည်နေရာချထားခြင်းဆိုင်ရာ မြန်မာနိုင်ငံ၏ ဥပဒေများအကြား ကွာဟချက်များကို ဓါတ်အားလိုင်းများနှင့် ဓါတ်အားခွဲရုံများ တည်ဆောက်ရာတွင် ပါဝင်သည့် ပြန်လည်နေရာချထားရေးကိစ္စများနှင့် ဆီလျော်မှုအပေါ်အခြေခံကာ အကဲဖြတ်သုံးသပ်ထားပါသည် (ဇယား ၁၀) ။ ပုဂ္ဂလိကပိုင်ဆိုင်မှုများအပေါ် စီမံကိန်း၏ ထိခိုက်မှုများနှင့် ပတ်သက်သော ကိစ္စရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် (၁) မြေယာဆုံးရှုံးမှု (၂) DL စကြံနိအတွက် သီးနှံပင်များနှင့် သစ်ပင်များ ယာယီဆုံးရှုံးခြင်း (၃) အဆောက်အအုံများဆုံးရှုံးခြင်း (၄) DL ကြောင့် မြေယာအသုံးပြုနိုင်မှု တစ်စိတ်တစ်ပိုင်းအကန့်အသတ်များရှိလာခြင်း (၅) ထိခိုက်သော ပိုင်ဆိုင်မှုများအတွက် လျော်ကြေးနှုန်းထား (၆) ထိခိုက်ခံရသော အိမ်ထောင်စုများသို့ အထောက်အပံ့ နှင့် (၇) ထိခိုက်ခံရသော ပြည်သူများနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်မှု။

၇၇။ ကာယကံရှင်ဆန္ဒမပါဘဲ ပြန်လည်နေရာချထားခြင်းနှင့် သီးခြားပတ်သက်သော ဥပဒေများ မြန်မာနိုင်ငံတွင် မရှိပါ။ သို့သော် စီမံကိန်းပါ ကိစ္စရပ်များနှင့် ဆီလျော်သော ဥပဒေ ၃ ခု ရှိပါသည် (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂) ၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေ (၃) ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (ကြေညာချက်အမှတ် ၆၁၆/၂၀၁၅)။ နိုင်ငံတွင်းရှိ မြေအားလုံး၏ပင်ရင်းပိုင်ရှင်သည် နိုင်ငံတော်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်ထားပါသည် (အပိုဒ် ၃၇)။

၇၈။ ၂၀၁၂ လယ်ယာမြေဥပဒေကလည်း LUC ဖြင့် လယ်ယာမြေများအသုံးပြုခွင့်ပေးအပ်ခြင်းကို သတ်မှတ်ပြဌာန်းခြင်းဖြင့် မြေအားလုံးကို နိုင်ငံတော်ကပိုင်ဆိုင်ကြောင်းကို ထပ်မံဖော်ပြထားပါသည်။ LUC သည် အခြေခံအားဖြင့် ဌားရမ်းအသုံးပြုခွင့်သာဖြစ်ပြီး ဘိုးဘွားပိုင်အဖြစ် သတ်မှတ်ပေးခြင်းမဟုတ်ပါ။ LUC ရရှိရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများကြောင့် အိမ်ထောင်စုတိုင်းတွင် ယင်း LUC မရှိကြပါ။ အကယ်၍ မြေကို နိုင်ငံတော်က ပြန်လည်ရယူခဲ့လျှင် အဆိုပါမြေပေါ်တွင် ထူထောင်ထားသော ပိုင်ဆိုင်မှုများအတွက် LUC ကိုင်ဆောင်ထားသူကို "သင့်တော်သော လျော်ကြေး" ပေးအပ်ရမည်ဟု ဥပဒေတွင် ပြဌာန်းထားပါသည် (အပိုဒ် ၂၆)။

၇၉။ ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် မြန်မာနိုင်ငံရှိဥပဒေများနှင့် ADB ၏ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာမူဝါဒထုတ်ပြန်ကြေညာချက် (၂၀၀၉) အကြားရှိ ကွာဟချက်များကို ပေါင်းကူးပေးသဖြင့် အရေးပါပါသည်။ ကွာဟချက်များကို ပေါင်းကူးပေးသော တိကျသည့် ဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

> အိမ်ရာရွှေ့ပြောင်းရမှု သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်သော စီမံကိန်းများဆိုင်ရာ သီးသန့်ကိစ္စများနှင့် စပ်လျဉ်း၍ သီးခြားလုပ်ထုံးလုပ်နည်းထုတ်ပြန်ခြင်းမပြုမီ အိမ်ရာရွှေ့ပြောင်းရမှု သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအပေါ်ထိခိုက်မှုရှိနိုင်သည့် စီမံကိန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများက သီးခြားထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ သီးခြားလုပ်ထုံးလုပ်နည်းများမရှိလျှင် ယင်းစီမံကိန်းအားလုံးသည် ကမ္ဘာ့ဘဏ်အုပ်စု၊ အာရှဖွံ့ဖြိုးရေးဘဏ်အပါအဝင် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများက လက်ခံထားသော ဆန္ဒမပါသောနေရာပြောင်းရွှေ့ရမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ရမည် (အပိုဒ် ၇)။

၈၀။ ထို့အပြင် စီမံကိန်းကြိုတင်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် အများပြည်သူပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ခြင်းကို ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် အထူးအလေးထားဖော်ပြထားပါသည်။ ဆွေးနွေးတိုင်ပင်မှုပြုရန်လိုအပ်ချက်ကို ဤဥပဒေ၏ နေရာ (ဂ) နေရာတွင် ဖော်ပြထားပါသည် (အပိုဒ် ၁၃၊ ၁၆၊ ၃၄၊ ၃၆၊ ၃၇၊ ၃၉၊ ၅၀၊ ၆၁)။ ကာကွယ်စောင့်ရှောက်မှုမူဝါဒဆိုင်ရာ ရည်မှန်းချက်များပြည့်ဝစေရန် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းများသည် အဓိကကျကြောင်း ADB ကာကွယ်စောင့်ရှောက်မှုမူဝါဒဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၂၀၀၉) က ယူဆပါသည် (စာပိုဒ် ၃၂)။ ADB ကာကွယ်စောင့်ရှောက်မှုမူဝါဒဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၂၀၀၉ ) ပါ ဆီလျော်သော လိုအပ်ချက်များပြည့်ဝစေရန် REGDP က လုပ်ဆောင်မည်ဖြစ်သည် (ဇယား ၂၉)။ ယင်းလိုအပ်ချက်များပြည့်ဝစေခြင်းသည် စီမံကိန်းအနေဖြင့် နိုင်ငံတော်ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းလည်း ဖြစ်ပေသည်။

ဇယား ၁၀ - DL ကြောင့် ထိခိုက်မှုများ၊ ADB ကာကွယ်စောင့်ရှောက်မှုမူဝါဒဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၂၀၀၉) ပါ သီးလျော်သော ပြဌာန်းချက်များ နှင့် REGDP လုပ်ဆောင်ချက်များ

| ကိစ္စရပ်များ | ထိခိုက်မှုများ၊ ADB ကာကွယ်စောင့်ရှောက်မှုမူဝါဒဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၂၀၀၉) | REGDP ပါလုပ်ဆောင်ချက်များ |
|---|---|---|
| မြေယာ အပြီးအပိုင် ဆုံးရှုံးမှု | ရယူသိမ်းဆည်းသော အိမ်၊ မြေ နှင့် အခြားပိုင်ဆိုင်မှုများအတွက် လျော်ကြေးနှုန်းထားကို အပြည့်အဝပြန်လည်အစားထိုးနိုင်သော တန်ဖိုးဖြင့် တွက်ချက်မည်ဖြစ်သည်။ တွက်ချက်မှုကို အောက်ပါတို့အပေါ်တွင် အခြေခံမည် (၁) မျှတသောဈေးကွက်ပေါက်ဈေး (၂) အရောင်းအဝယ်ပြုရာတွင်ဆက်စပ်ကုန်ကျစရိတ်များ (၃) အတိုးငွေ (၄) အကူးအပြောင်းနှင့်ပြန်လည်ထူထောင်ရေးစရိတ်များ (၅) အခြား အကျုံးဝင်သော ပေးရန်ရှိငွေများ၊ အကယ်၍ ရှိခဲ့လျှင် (နောက်ဆက်တွဲ ၂၊ စာပိုဒ် ၁၀) | အပြည့်အဝပြန်လည်အစားထိုးနိုင်သော တန်ဖိုးဖြင့် မြေယာလျော်ကြေးပေးမှု<br><br>တွက်ချက်မှုကို အောက်ပါတို့အပေါ်တွင် အခြေခံမည် (၁) မျှတသောဈေးကွက်ပေါက်ဈေး (၂) အရောင်းအဝယ်ပြုရာတွင်ဆက်စပ်ကုန်ကျစရိတ်များ (၃) အတိုးငွေ (၄) အကူးအပြောင်းနှင့်ပြန်လည်ထူထောင်ရေးစရိတ်များ (၅) အခြား အကျုံးဝင်သော ပေးရန်ရှိငွေများ၊ အကယ်၍ ရှိခဲ့လျှင် |
| အဆောက်အအုံ အပြီးအပိုင်ဆုံးရှုံးမှု | ရယူသိမ်းဆည်းသော အိမ်၊ မြေ နှင့် အခြားပိုင်ဆိုင်မှုများအတွက် လျော်ကြေးနှုန်းထားကို အပြည့်အဝပြန်လည်အစားထိုးနိုင်သော တန်ဖိုးဖြင့် တွက်ချက်မည်ဖြစ်သည်။ တွက်ချက်မှုကို အောက်ပါတို့အပေါ်တွင် အခြေခံမည် (၁) မျှတသောဈေးကွက်ပေါက်ဈေး (၂) အရောင်းအဝယ်ပြုရာတွင်ဆက်စပ်ကုန်ကျစရိတ်များ (၃) အတိုးငွေ (၄) အကူးအပြောင်းနှင့်ပြန်လည်ထူထောင်ရေးစရိတ်များ (၅) အခြား အကျုံးဝင်သော ပေးရန်ရှိငွေများ၊ အကယ်၍ ရှိခဲ့လျှင် (နောက်ဆက်တွဲ ၂၊ စာပိုဒ် ၁၀) | အပြည့်အဝပြန်လည်တည်ဆောက်နိုင်သောတန်ဖိုးဖြင့် အဆောက်အဦးကို လျော်ကြေးပေးမှု ဖြိုဖျက်ထားသောပစ္စည်းများကို ရယူသိမ်းဆည်းခွင့် လွှဲပြောင်းပေးခြင်းနှင့် အခြေခံခွင့်ပြုထောက်ပံ့ငွေ |
| သီးနှံ နှင့် သစ်ပင်များ ယာယီ နှင့် အပြီးအပိုင် ဆုံးရှုံးမှု | ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းဆုံးရှုံးမှုများကို အပြည့်အဝပြန်လည်အစားထိုးနိုင်သောတန်ဖိုးဖြင့် ချက်ချင်းပေးလျော်ရန်။ ထို့အပြင် မရွှေ့ပြောင်းရမီအခြေအနေနှင့် ယှဉ်လျှင် ၄င်းတို့၏ လူနေမှုအဆင့်အတန်း ပိုမိုကောင်းမွန်စေရန် သို့မဟုတ် အနည်းဆုံး နဂိုမူရင်းအခြေအနေပြန်လည်ရရှိစေရန် အထောက်အပံ့များပေးရန် (နောက်ဆက်တွဲ ၂ စာပိုဒ် ၁၂) | ရာသီအလိုက်သီးနှံများအတွက် လျော်ကြေးမှာ သုံးရာသီစာရိတ်သိမ်းမှုနှင့် ညီမျှသည်။ ရာဘာပင်များအတွက် လျော်ကြေးမှာ ၅ နှစ်စာ အထွက်ပမာဏနှင့် ညီသည်။ သီးပင်စားပင်များအတွက်လျော်ကြေးမှာ ၅ နှစ်စာ အထွက်ပမာဏဖြစ်သည်။ အပြည့်အဝအစားထိုးနိုင်သော တန်ဖိုးတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် ထိခိုက်မှုမတိုင်မီအထိ ထိန်းသိမ်းမှုစရိတ်များပါဝင်သည်။ |
| DL ကြောင့် | ဆန္ဒမပါဘဲ မြေယာအသုံးပြုမှုအကန့်အသတ်အတားအဆီးနှင့် | ဆုံးရှုံးသွားသောပိုင်ဆိုင်မှုများနှင့် |

| **ကိစ္စရပ်များ** | **ထိခိုက်မှုများ၊ ADB ကာကွယ်စောင့်ရှောက်မှုမူဝါဒဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၂၀၀၉)** | **REGDP ပါလုပ်ဆောင်ချက်များ** |
|---|---|---|
| မြေအသုံးပြုမှု တစ်စိတ်တစ်ပိုင်းအကန့်အသတ်အတား အဆီးဖြစ်ခြင်း | ကြုံရခြင်းတွင် ဆန္ဒမပါဘဲအိမ်ယာရွှေ့ပြောင်းရခြင်းဆိုင်ရာ လိုအပ်ချက်များကို အသုံးပြုသည် (နောက်ဆက်တွဲ ၂ စာပိုဒ် ၅) | ၎င်းတို့၏ ထုတ်လုပ်မှုတန်ဖိုးများကို အစားထိုးနိုင်သောတန်ဖိုးဖြင့် ပေးလျော်သည်။<br>အသက်မွေးဝမ်းကျောင်းမှုပြန်လည်ထူထောင်ရေးဗျူဟာများကို စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ပူးပေါင်းရေးဆွဲကာ ထိခိုက်သောအိမ်ထောင်စုများက ရယူအသုံးပြုနိုင်သည်။<br>အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်ဒီဇိုင်းပုံစံပြီးစီးမှလုပ်ဆောင်မည်ဖြစ်သည့် မွမ်းမံထားသော REGDP မပြီးမီအခြားရွေးချယ်ဖွယ် သီးနှံများကို ဆုံးဖြတ်သည်။<br>မွမ်းမံထားသော REGDP အတွင်းတွင် ဝင်ငွေပိုမိုမြင့်မားသော်မှ တန်းတူဝင်ငွေ ပေးစွမ်းနိုင်မည့် သီးနှံများကို ဖော်ပြထားမည်။<br>စိတ်ပါဝင်စားမှုနှင့် ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန် အဓိပ္ပါယ်ပြည့်ဝသော တိုင်ပင်ဆွေးနွေးမှုများကို AH များနှင့် ပြုလုပ်သွားမည်။ [၁] |
| စီးပွားရေးအဆောက်အအုံများနှင့် ဝင်ငွေဆုံးရှုံးခြင်း | စီးပွားရေးသုံးအဆောက်အအုံများကို ရယူသိမ်းဆည်းရသည့်အခါ ထိခိုက်ခံရသော စီးပွားရေးလုပ်ငန်းပိုင်ရှင်များသည် ယင်းတို့၏ လုပ်ငန်းများကို ပြန်လည်ထူထောင်ရန် ကုန်ကျစရိတ်များ၊ အကူးအပြောင်းကာလတွင် ဆုံးရှုံးသောအသားတင်ဝင်ငွေများ၊ ပြောင်းရွှေ့ ပြန်လည်အခြေတည်ရသည့် ကုန်ကျစရိတ်များတို့ကို ခံစားခွင့်ရှိသည် (နောက်ဆက်တွဲ ၂ စာပိုဒ် ၁၂) | ပျက်စီးသွားသောအဆောက်အအုံများနှင့် ဆုံးရှုံးသွားသောဝင်ငွေအတွက် လျော်ကြေး၊ ပြောင်းရွှေ့ခြင်းအတွက် အထောက်အပံ့တို့ကို ပေးမည်။ အဆောက်အအုံဟောင်းမှ ရယူနိုင်သော ပစ္စည်းများကိုလည်း ရယူခွင့်ပေးမည်။ |
| ထိခိုက်သောပိုင်ဆိုင်မှုများအတွက် လျော်ကြေးနှုန်းထား | ရယူသိမ်းဆည်းသော အိမ်၊ မြေ နှင့် အခြားပိုင်ဆိုင်မှုများအတွက် လျော်ကြေးနှုန်းထားကို အပြည့်အဝပြန်လည်အစားထိုးနိုင်သော တန်ဖိုးဖြင့် တွက်ချက်မည်ဖြစ်သည်။ တွက်ချက်မှုကို အောက်ပါတို့အပေါ်တွင် အခြေခံမည် (၁) မျှတသောဈေးကွက်ပေါက်ဈေး (၂) အရောင်းအဝယ်ပြုရာတွင်ဆက်စပ်ကုန်ကျစရိတ်များ (၃) အတိုးငွေ (၄) အကူးအပြောင်းနှင့်ပြန်လည်ထူထောင်ရေးစရိတ်များ (၅) အခြား အကျုံးဝင်သော ပေးရန်ရှိငွေများ၊ အကယ်၍ ရှိခဲ့လျှင် | အပြည့်အဝပြန်လည်တည်ဆောက်နိုင်သောတန်ဖိုးဖြင့် သီးနှံများ၊ သစ်ပင်များနှင့် အဆောက်အအုံများကို လျော်ကြေးပေးမှု |

| ကိစ္စရပ်များ | ထိခိုက်မှုများ၊ ADB ကာကွယ်စောင့်ရှောက်မှုမူဝါဒဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၂၀၀၉) | REGDP ပါလုပ်ဆောင်ချက်များ |
|---|---|---|
| | (နောက်ဆက်တွဲ ၂၊ စာပိုဒ် ၁၀) | |
| သက်ရောက်မှုခံရသူများအနက် ထိခိုက်လွယ်သောအုပ်စုများကို ထည့်သွင်းမှု | ထိခိုက်လွယ်သောပုဂ္ဂိုလ်များအတွက် ပြန်လည်နေရာချထားရေးအစီအစဉ်တွင် သီးခြားအထောက်အပံ့များပေးရန် အစီအစဉ်များထည့်သွင်းထားပါမည်။ သို့မှသာ ၄င်းတို့သည် စီမံကိန်းမတိုင်မီအခြေအနေနှင့် နှိုင်းယှဉ်လျင် ၄င်းတို့၏ ဝင်ငွေများတိုးတက်အောင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ (နောက်ဆက်တွဲ ၂ စာပိုဒ် ၂၁) | စိုက်ပျိုးမွေးမြူရေးအထောက်အပံ့နှင့် လေ့ကျင့်သင်ကြားပေးခြင်း[၁] စီမံကိန်းအလုပ်အကိုင်များတွင် ဦးစားပေးခန့်ထားခြင်း လျော်ကြေးအပြင် ငွေကြေးအထောက်အပံ့ပေးခြင်း |
| အချက်အလက်ထုတ်ပြန်ရန် နှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ချက် | ပြန်လည်နေရာချထားရေးဆိုင်ရာအချက်အလက်များကို ထိခိုက်ခံရသောသူများ နားလည်လွယ်သောပုံစံ၊ ဘာသာစကားတို့ဖြင့် အလွယ်တကူတွေ့မြင်နိုင်သောနေရာ၊ သင့်တော်သောအချိန်တွင် ဖော်ပြပေးထားရမည်။ ဆန္ဒမပါဘဲ ပြန်လည်နေရာချထားခံရသည့် ထိခိုက်မှုများပါဝင်သည့် စီမံကိန်းအတွက် အဓိပ္ပါယ်ပြည့်ဝသောတိုင်ပင်ဆွေးနွေးပွဲများကို ကျင်းပရမည်။ | အချက်အလက်ထုတ်ပြန်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းများကို ကျင်းပကာ ADB နှင့် နိုင်ငံတော်၏ ဥပဒေများ၏ လိုအပ်ချက်များနှင့် ပြည့်မီစေရန် အဓိပ္ပါယ်ပြည့်ဝသော ဆွေးနွေးတိုင်ပင်ပွဲများကို သင့်လျော်သော ဘာသာစကား၊ စာရွက်စာတမ်းနှင့် ပုံ အထောက်အကူတို့ဖြင့် ထပ်မံစီစဉ်ရမည်။ |
| သတ်မှတ်မထားရသေးသော အခြားဆုံးရှုံးမှုများ | ငွေချေးယူသူသည် မြေမှလွဲ၍ အခြားပိုင်ဆိုင်မှုများဆုံးရှုံးမှု (အိုးအိမ်စသည်) နှင့် အခြားမြေပေါ်တွင် ထူထောင်ထားသောအရာများအတွက် အပြည့်အဝပြန်လည်အစားထိုးနိုင်သော တန်ဖိုးဖြင့် လျော်ပေးမည်ဖြစ်သည်။ (နောက်ဆက်တွဲ ၂ စာပိုဒ် ၈) | မျှော်လင့်မထားသော ဆန္ဒမပါဘဲတွေ့ကြုံရသည့် ထိခိုက်မှုများရှိလာသည့်အခါ မှတ်တမ်းတင်၊ လျော့ပါးသက်အောင်စေရန်ပြု၊ နစ်နာကြေးပေးအပ်ခြင်းများ ဆောင်ရွက်မည်ဖြစ်သည် |
| [၁] အထောက်အပံ့များ နှင့် လေ့ကျင့်သင်တန်းပေးခြင်းများ၏ အမျိုးအစား နှင့် အတိုင်းအတာတို့အား လိုအပ်ချက်အပေါ်တွင် အခြေခံ၍ လုပ်ဆောင်သွားမည်ဖြစ်ပြီး နည်းစနစ်တကျ လေ့လာမှုများ နှင့် အိမ်ထောင်စုအဆင့် ဆွေးနွေးတိုင်ပင်မှုများကို အခြေခံ၍ ဆုံးဖြတ်မည်ဖြစ်ပါသည်။ | | |

## ၇.၂။ REGDP ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရေးမှုများ

၈၁။ ပြန်လည်နေရာချထားခြင်းနှင့် ဌာနေတိုင်းရင်းသားမျိုးနွယ်စုများအပေါ်ထိခိုက်မှုများရှိနိုင်သော စီမံကိန်းများသည် ADB က ပြဋ္ဌာန်းထားသော အချက်များအပါအဝင် နိုင်ငံတကာအလေ့အကျင့်ကောင်းများကို လိုက်နာလုပ်ဆောင်ရန် ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်လုပ်ထုံးလုပ်နည်းများတွင် ပြဋ္ဌာန်းထားသဖြင့် REGDP ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းများကို ADB ၏ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ

မူဝါဒထုတ်ပြန်ကြေညာချက် (၂၀၀၉) တွင် ပါရှိသည့် ဆီလျော်သော မူဝါဒများက လမ်းညွှန်မည်ဖြစ်ပါသည်။ ယင်းမူဝါဒများသည် ADB ကာကွယ်စောင့်ရှောက်မှုများ၏ ရည်ရွယ်ချက်သုံးခုကို ရရှိစေရန် ရည်ရွယ်ပါသည် (၁) စီမံကိန်းများကြောင့် ပတ်ဝန်းကျင်နှင့် ထိခိုက်ခံရသောပြည်သူများအပေါ်တွင် ကျရောက်သောဆိုးကျိုးများကို ဖြစ်နိုင်လျှင် ရှောင်ရှားရန် (၂) အကယ်၍ ရှောင်ရှားရန် မဖြစ်နိုင်ခဲ့လျှင် စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် ထိခိုက်ခံရသော ပြည်သူများအပေါ် ကျရောက်သည့် ဆိုးကျိုးများကို အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်၊ ကုစား၊ လျော်ကြေးပေးခြင်းများ လုပ်ဆောင်ရန် (၃) ငွေချေးယူသူအဖွဲ့အစည်းအနေဖြင့် ယင်းတို့၏ ကာကွယ်စောင့်ရှောက်မှုစနစ်များကို ကြံ့ခိုင်အောင်ဆောင်ရွက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးဆိုင်ရာ အဆိုးကြုံနိုင်ခြေများကို စီမံခန့်ခွဲနိုင်သောစွမ်းရည်ကို ဖွံ့ဖြိုးစေရေးဆောင်ရွက်ခြင်းတို့တွင် အကူအညီပေးရန်။

၈၂။ အဆိုပါမူများကို ဖန်တီးရာတွင် ADB ၏ ကျား/မဆိုင်ရာနှင့် ဖွံ့ဖြိုးရေးမူဝါဒရည်မှန်းချက်များကို ထည့်သွင်းစဉ်းစားပါသည်။ ၎င်းတို့သည် ကျား/မ ဆိုင်ရာမျှတမှုကို မြှင့်တင်ကာ အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်စေပြီး ၎င်းတို့၏ လိုအပ်ချက်များကို အဆုံးအဖြတ်ပြုသည့် လုပ်ငန်းစဉ်တွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားရန်ရည်ရွယ်ပါသည်။ ၎င်းမူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) အခြားရွေးချယ်နိုင်ဖွယ် စီမံကိန်းပုံစံများနှင့် စီမံကိန်းနယ်မြေအတွင်းရှိ ပြည်သူလူထုအပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်စေနိုင်မည့် သင့်လျော်သော လူမှုရေး၊ စီးပွားရေး၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ၊ အင်္ဂျင်နီယာပိုင်းဆိုင်ရာ နည်းလမ်းအဖြေများကို ရှာဖွေကာ၊ မြေနှင့် အခြားပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ရယူသိမ်းဆည်းခြင်း နှင့် လူအများကို ရွှေ့ပြောင်းနေရာချထားခြင်းတို့ကို ရှောင်ရှား သို့မဟုတ် တတ်နိုင်သမျှအနည်းဆုံးဖြစ်စေရန် လုပ်ဆောင်မည်။

(၂) စီမံကိန်းလာရောက်မည်ကို ကြိုတင်မျှော်လင့်၍ဖြစ်စေ စီမံကိန်းအတွင်းပါဝင်ကြောင်း မဆုံးဖြတ်ရမီဖြစ်စေ နေရာကို ကြိုတင်ရှင်းလင်းခြင်းလုပ်ဆောင်မည်မဟုတ်။

(၃) စစ်တမ်းကောက်ယူခြင်းနှင့် DMS ဆောင်ရွက်စဉ်အတွင်း ထိခိုက်သောနယ်မြေအတွင်းတွင် နေထိုင်၊ အလုပ်လုပ်ကိုင်၊ စီးပွားရေးဆောင်ရွက် သို့မဟုတ် စိုက်ပျိုးလျက်ရှိသော ထိခိုက်ခံရသည့် အိမ်ထောင်စုများသည် ၎င်းတို့ ဆုံးရှုံးသွားသော ပိုင်ဆိုင်မှုများ၊ ဝင်ငွေများ၊ စီးပွားရေးလုပ်ငန်းများကို ပြန်လည်အစားထိုးနိုင်သောတန်ဖိုးဖြင့် လျော်ကြေးရရှိရန် ခံစားခွင့်ရှိသည်။ ထို့အပြင် စီမံကိန်းမတိုင်မီက ရှိခဲ့သော နေထိုင်မှုအဆင့်အတန်း၊ ဝင်ငွေရရှိသည့်အတိုင်းအတာ၊ ထုတ်လုပ်နိုင်မှုအစွမ်းထက် ပိုမိုကောင်းမွန် သို့မဟုတ် အနည်းဆုံး နဂိုအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်စေရန် အထောက်အပံ့များကိုလည်းပေးအပ်မည်ဖြစ်သည်။

(၄) မြေယာပိုင်ဆိုင်မှုအဆင့်အတန်း၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေ နှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ရည်မှန်းချက်များပြည့်ဝစေရေးတွင် ခွဲခြားဆက်ဆံမှုများပေါ်ပေါက်စေနိုင်သည်ပ မည်သည့် အချက်အလက်များ ရှိစေကာမူ ထိခိုက်ခံရသော အိမ်ထောင်စုများသည် လျော်ကြေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အပံ့များကို ခံစားခွင့်ရှိသည်။

(၅) စီမံကိန်းပုံစံချခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့် စီမံကိန်းလည်ပတ်ခြင်းအဆင့်များအတွင်းတွင် ၎င်းတို့ လူမှုဘဝကို ထိခိုက်မှုကိစ္စများနှင့် စပ်လျဉ်း၍ ထိခိုက်ခံရသောအိမ်ထောင်စုများကို အပြည့်အဝ တိုင်ပင်ဆွေးနွေးမှုများ ပြုမည်ဖြစ်ကာ ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများလည်း ပေးအပ်မည်ဖြစ်သည်။ ထို့အပြင် ပိုင်ဆိုင်မှုများကို ရယူသိမ်းဆည်းခြင်း၊ အသုံးပြုခြင်းများအတွက် အစီအစဉ်များကိုလည်း ထိခိုက်ခံရသောအိမ်ထောင်စုများနှင့် တိုင်ပင်ဆွေးနွေးပွဲအတွင်းတွင် လုပ်ဆောင်မည်ဖြစ်သည်။ ၎င်းအိမ်ထောင်စုများသည် သတင်းအချက်အလက်များကို ကြိုတင်ရရှိကြမည်ဖြစ်ကာ နစ်နာကြေးများနှင့် အခြားအထောက်အပံ့များကိုလည်း ရရှိကြမည်ဖြစ်သည်။

(၆) အကယ်၍ ထိခိုက်ခံရသော အိမ်ထောင်စုများက ပိုင်ဆိုင် သို့မဟုတ် စီမံခန့်ခွဲနေသော အရင်းအမြစ် တစ်စုံတစ်ရာ - ဥပမာအားဖြင့် အများပိုင်ဖြစ်သော စားကျက်မြေနေရာ - ကို ရယူခြင်း သို့မဟုတ် ၎င်းတို့အသုံးပြုခွင့်ကို အတားအဆီးဖြစ်စေခြင်းများရှိခဲ့ပါက အခြားအလားတူ အရင်းအမြစ်တစ်ခုကို ၎င်းတို့အနေဖြင့် ရယူအသုံးပြုခွင့် သေချာစေမည့် အစီအမံများထည့်သွင်းခြင်းဖြင့် ထိခိုက်မှုကို ကုစားရန် ဆောင်ရွက်ထားပါသည်။

(၇) အဆောက်အအုံများ၊ အဆောက်အအုံဟောင်းများထံမှ ပြန်လည်ရယူနိုင်သောပစ္စည်းများ၏ တန်ဖိုး၊ ကာလတန်ဖိုးလျော့မှု၊ အခွန်အခများ၊ တံဆိပ်ခေါင်းခွန်များ၊ အဖိုးအခ နှင့် အခြားစရိတ်များကို ထိခိုက်ခံရသောအခြားပိုင်ဆိုင်မှုများအတွက် ပေးအပ်သောလျော်ကြေးအနက်မှ နှုတ်ယူမည်မဟုတ်ပါ။

(၈) အကယ်၍ ထိခိုက်ခံရသော ပိုင်ဆိုင်မှုတစ်စုံတစ်ရာအတွက် မြေအသုံးပြုခွင့်ဆိုင်ရာ အငြင်းပွားမှုဖြစ်ပေါ်လာပါက ယင်းကိစ္စကို ယခု REGDP တွင် ပါဝင်သည့် GRM နှင့် ကိုင်တွယ်ဖြေရှင်းပါမည်။

(၉) ယာယီသဘောသဘာဝအားဖြင့်ထိခိုက်သော မြေနှင့် အဆောက်အအုံများကို စီမံကိန်းမတိုင်မီ အခြေအနေသို့ ရောက်အောင် ပြန်လည်လုပ်ဆောင်ပေးမည်ဖြစ်သည်။

(၁၀) REGDP ရေးသားစဉ် နှင့် အကောင်အထည်ဖော်ဆောင်စဉ်အတွင်းတွင် ကြားနာခြင်း၊ အဆင်မပြေနစ်နာမှုများကို ဖြေရှင်းခြင်းများအတွက် ထိရောက်သော စနစ်များ ထားရှိပါမည်။

(၁၁) လက်ရှိရှိနေသော လူမှုရေး၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အလေ့အထများကို လေးစားပါမည်။

(၁၂) အလွန်အမင်းဆင်းရဲနွမ်းပါးခြင်းကြောင့် လူမှုရေး၊ စီးပွားရေးအရ ထိခိုက်လွယ်သော အုပ်စုများကို ကာကွယ်ရန်အတွက် ထိခိုက်မှုလျော့ပါးသက်သာစေရန်၊ လုပ်ဆောင်မှုပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ချက်များကို ဖြည့်စွက်ရန်အတွက် REGDP အတွင်းတွင် အထူးအစီအမံများ ထည့်သွင်းသွားပါမည်။

(၁၃) ယခု REGDPကို ပြင်ဆင်ရေးသားစဉ်အတွင်းတွင် လုံလောက်သောအရင်းအမြစ်များကို သတ်မှတ်ကာ ကတိကဝတ်ပြုသွားပါမည်။ ၎င်းတွင် သဘောတူညီထားသော စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေး ကာလအတွင်း လျော်ကြေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာစရိတ်များအတွက် လုံလောက်မည့် ဘတ်ဂျက်ငွေကြေးဆိုင်ရာအထောက်အပံ့အပြင် မြေယာ ရယူသိမ်းဆည်းခြင်း၊ ပြန်လည်နေရာ ချထားခြင်း နှင့် ပြန်လည်ထူထောင်ခြင်းလုပ်ဆောင်မှုများအတွက် ကြီးကြပ်ရန်၊ ဆက်သွယ်ချိတ်ဆက်ရန်၊ စောင့်ကြည့်ရန်အတွက် လုံလောက်သော လူသားအရင်းအမြစ်များကိုလည်း ပံ့ပိုးမည်ဖြစ်ပါသည်။

(၁၄) ပြန်လည်နေရာချထားမှု စီမံခန့်ခွဲရေးစနစ်၏ အစိတ်အပိုင်းအဖြစ် သင့်လျော်သော အစီရင်ခံခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းစနစ်များကို သတ်မှတ် တည်ထောင်ထားရှိမည်းဖြစ်သည်။

(၁၅) REGDP သို့မဟုတ် ၎င်း၏ အကျဉ်းချုပ်ကို မြန်မာ၊ မွန်၊ ကရင် နှင့် ရခိုင်ဘာသာများသို့ ပြန်ဆိုမည်ဖြစ်ပြီး ထိခိုက်ခံရသော အိမ်ထောင်စုများ နှင့် အခြားစိတ်ဝင်စားသော အုပ်စုများအနေဖြင့် ဖတ်ရှုနိုင်ရန် မြို့နယ် နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် ထားရှိပေးမည်ဖြစ်သည်။

(၁၆) နေရာတစ်ခုအတွက် လျော်ကြေးပေးအပ်မှုကို ကျေနပ်ဖွယ်ဆောင်ရွက်မပြီးမချင်း (၂) သဘောတူညီထားသော ပြန်လည်ထူထောင်ရေးအစီအစဉ် မရောက်ရှိမချင်း (၃) နေရာတစ်ခုသည် ပိုင်ဆိုင်မှုအငြင်းပွားမှု မကင်းမချင်း - အတည်ပြုထားသော REGDP အရ ဆောက်လုပ်ရေးကန်ထရိုက်တာအား နယ်မြေတစ်ခုအတွက် လုပ်ငန်းစတင်လုပ်ဆောင်ခွင့်ကို ထုတ်ပေးလိမ့်မည်မဟုတ်ပါ။

(၁၇) စီးပွားရေးလုပ်ငန်းအဆောက်အအုံများဆုံးရှုံးသော ထိခိုက်ခံရသည့် အိမ်ထောင်စုများကို ဆောက်လုပ်ရေး လုပ်ငန်းများမလုပ်ဆောင်မီ ငွေသားလျော်ကြေးများပေးအပ်မည်ဖြစ်ပါသည်။ သို့မှသာ ၎င်းအိမ်ထောင်စုများအနေဖြင့် အဆောက်အအုံများပြန်လည်ဆောက်လုပ်ရန် အချိန်လုံလောက်စွာ ရရှိမည်ဖြစ်သည်။ ထိခိုက်သောအိမ်ထောင်စုကို အပြည့်အဝ ပေးလျော်မှု မပြီးမချင်း၊ ရွှေ့ပြောင်းနေရာချမှုမပြီးမချင်း မည်သည့် ပိုင်ဆိုင်မှုကိုမျှ ဖျက်ဆီးခြင်း၊ ပိုင်ဆိုင်မှုအတွင်း ဝင်ရောက်ခြင်းများကို လုပ်ဆောင်မည်မဟုတ်ပါ။

## ၈။ ခံစားခွင့်

၈၃။ ဇယား ၃၁ တွင် ပါရှိသော ခံစားခွင့် ဇယားတွင် ကြိုတင်သတ်မှတ်သိရှိထားသော အဓိက ဆုံးရှုံးမှုအမျိုးအစားများ နှင့် ခံစားခွင့်များ၏ သက်ဆိုင်ရာသဘောသဘာဝ၊ အတိုင်းအတာများကို ဖော်ပြထားသည်။ REGDP ကို ပြန်လည်မွမ်းမံစဉ်အတွင်း ထိခိုက်လွယ်သောအုပ်စုများအတွက် သင့်လျော်သော အထူးအထောက်အပံ့ အပါအဝင် အမှန်တကယ်ဆုံးရှုံးမှု အပေါ်အခြေခံကာ အပြီးသတ်ခံစားပိုင်ခွင့်များကို ဆုံးဖြတ်ရာတွင် ကောက်ယူထားသောစစ်တမ်းနှင့် DMS တို့ကို အခြေခံအဖြစ်အသုံးပြုမည်ဖြစ်သည်။ အမှန်တကယ်အစားထိုးနိုင်မည့် နှုန်းထားကို သတ်မှတ်ရန် ဈေးကွက်ပေါက်ဈေးစစ်တမ်း ကောက်ယူမှုကိုလည်း လုပ်ဆောင်မည်။ ဖော်ပြထားသော အဆင့်အတန်းများကို လျှော့ချမည်မဟုတ်ဘဲ မွမ်းမံထားသော REGDP တွင် ပိုမိုကောင်းမွန်စေရန် လိုအပ်သလို ဆောင်ရွက်သွားမည်။

ဇယား ၃၁ - မြန်မာ - လျှပ်စစ်ဓါတ်အားကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအောက်ရှိ ဓါတ်အားဖြန့်ဖြူးရေး အစိတ်အပိုင်းအတွက် ခံစားခွင့် ဇယား

| ဆုံးရှုံးမှုအမျိုးအစား | ခံစားခွင့်ရှိသော အိမ်ထောင်စု | ခံစားခွင့် |
|---|---|---|
| မြေဆုံးရှုံးမှု | LUC နှင့် အသိအမှတ်ပြုနိုင်သော မြေပိုင်ဆိုင်မှုအထောက်အထားရှိသူ အိမ်ထောင်စုများအားလုံး | (၁) ဆုံးရှုံးသွားသော မြေပိုင်ဆိုင်မှုအခွင့်အလမ်းအတွက် ဈေးကွက်ပေါက်ဈေးဖြင့် ပေးလျော်မှု |
| ပုဂ္ဂလိကပိုင်မြေရှိ ဆုံးရှုံးသွားသော အဆောက်အအုံ | ပုဂ္ဂလိက အဆောက်အအုံ ပိုင်ရှင်အားလုံး | (၁) အဆောက်အအုံများအတွက် ပြန်လည်အစားထိုးနိုင်သောတန်ဖိုးဖြင့် ပေးလျော်မှု<br>(၂) ကြွင်းကျန်ပစ္စည်းများ ရယူခွင့်<br>(၃) အရွှေ့အပြောင်းနှင့် အခြေခံလိုအပ်ချက်အတွက် ခွင့်ပြုအထောက်အပံ့ |
| ရာသီ သီးနှံများ | အစိုးရပိုင်မြေပေါ်တွင် ထွန်ယက်စိုက်ပျိုးသူများ | (၁) သီးနှံရာသီ (၃) ရာသီစာရိတ်သိမ်းတန်ဖိုးနှင့် ညီမျှသော လျော်ကြေး<br>(၂) တည်ဆောက်ရေးမလုပ်ဆောင်မီ သီးနှံများကို ရိတ်သိမ်းရန် ရွေးချယ်မှု<br>(၃) လက်ရှိသီးနှံများကို ရိတ်သိမ်းရန် ရက်ပေါင်း ၆၀ ကြိုတင် အသိပေးခြင်း |
| ရာသီ သီးနှံများ | သီးစားလုပ်ကိုင်သူ | (၁) သီးစားအနေဖြင့် ရထိုက်သော ဝေစုနှင့် ညီမျှသော ပမာဏကို မြေရှင်က ၄င်းရရှိသည့် လျော်ကြေးမှ ခွဲပေးမည်။<br>(၂) လက်ရှိသီးနှံများကို ရိတ်သိမ်းရန် ရက်ပေါင်း ၆၀ ကြိုတင် အသိပေးခြင်း။ အကယ်၍ ကြိုတင်အသိမပေးနိုင်ခဲ့လျှင် သီးနှံဝေစုအတွက် လျော်ကြေးပေးမည်။<br>(၃) အကယ်၍ ထိခိုက်လွယ်သော အိမ်ထောင်စုဖြစ်ခဲ့လျှင် |

| ဆုံးရှုံးမှုအမျိုးအစား | ခံစားခွင့်ရှိသော အိမ်ထောင်စု | ခံစားခွင့် |
|---|---|---|
| | | အထောက်အပံ့ထပ်မံပေးမည်။ |
| DL စကြံန်အတွင်း ကျရောက်သော ရာဘာနှင့် သစ်သီးပင်များ | မြေပိုင်ဆိုင်မှု အမျိုးအစား အားလုံး | (၁) အရွယ်ရောက်အပင်များအတွက် ၅ နှစ်စာ အထွက်နှင့် ညီမျှသော လျော်ကြေး<br>(၂) သက်တမ်း ၅ နှစ်အောက် သို့မဟုတ် ထုတ်လုပ်စွမ်းအားအဆင့်သို့ မရောက်သေးသည့် အပင်များအတွက် လက်ရှိ သစ်သားဈေးကွက်ပေါက်ဈေးအပေါ်အခြေခံသော လျော်ကြေး<br>(၃) စီမံကိန်းလုပ်ဆောင်ချက်များကို နှောင့်နှေးမှုမဖြစ်စေခဲ့လျှင် သစ်ပင်များ၊ အခြားနှစ်ရှည်ပင်များကို ခုတ်လှဲကာ သစ်သားကို အခမဲ့ ရယူခွင့်<br>(၄) စကြံန်အတွင်းတွင် ရာဘာပင်များကို အစားထိုးရန်အတွက် ကာလတို သီးနှံပင်များစိုက်ပျိုးရန် အထောက်အပံ့[၁] |
| စီးပွားရေးလုပ်ငန်းအဆောက်အအုံနှင့် ဝင်ငွေ | အဆောက်အအုံ တရားဝင်ပိုင်ရှင်များ | (၁) စစ်တမ်းနှင့် DMS ရလဒ်များ အပေါ် အခြေခံထားသော အဆောက်အအုံ၏ ပြန်လည်အစားထိုးနိုင်မည့်တန်ဖိုးနှင့် ညီမျှသော လျော်ကြေး ၊ ယင်းကို လျော်ကြေးကော်မတီက ထပ်မံဆုံးဖြတ်မည်။<br>(၂) အဆောက်အအုံပြန်လည်တည်ဆောက်ရာတွင် ကုန်ကျစရိတ်<br>(၃) ကြွင်းကျန်ပစ္စည်းများကို အခမဲ့ရယူခွင့်<br>(၄) ဆုံးရှုံးသောဝင်ငွေအတွက် လျော်ကြေး<br>(၅) ရွှေ့ပြောင်းစရိတ် |
| တည်ဆောက်ရေး ကာလအတွင်း ယာယီ ထိခိုက်မှု | မြေပိုင်ဆိုင်မှုအမျိုးအစား အားလုံး၊<br>ပိုင်ဆိုင်မှုအမျိုးအစား | (၁) ယာဉ်၊ စက်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရွှေ့ပြောင်းခြင်းကြောင့် ထိခိုက်သော သီးနှံများနှင့် အဆောက်အအုံများကို ပြန်လည်အစားထိုးနိုင်သောတန်ဖိုးဖြင့် ကန်ထရိုက်တာက ပေးလျော်မည်။<br>(၂) အဆိုပြုထားသော ဓါတ်ကြိုးလိုင်းနယ်နိမိတ် (ROW) ပြင်ပရှိ မြေယာများ ယာယီအသုံးပြုမှုတိုင်းတွင် ကန်ထရိုက်တာနှင့် မြေသုံးစွဲသူအကြား သဘောတူစာချုပ်ရှိရမည်။<br>(၃) ယာယီအသုံးပြုသော မြေများကို နဂိုမူရင်းအခြေအနေ သို့မဟုတ် ပိုမိုကောင်းမွန်သော အခြေအနေသို့ ပြန်လည်ထူထောင်ပြီးနောက်တွင် အသုံးပြုခွင့်ရှိသူထံ ပြန်လည်ပေးအပ်ရမည်။ |
| ထိခိုက်လွယ်သော အုပ်စုများ၏ ဆုံးရှုံးမှု | ထိခိုက်လွယ်သော အုပ်စုများ | (၁) စိုက်ပျိုးမွေးမြူရေးအထောက်အပံ့ နှင့် လေ့ကျင့်သင်ကြားပေးခြင်း[၁]<br>(၂) လျော်ကြေးအပြင် ငွေသားထောက်ပံ့ငွေပေးခြင်း |
| ကြိုတင်သိရှိသတ် မှတ်မထားသော အခြားဆုံးရှုံးမှုများ | ထိခိုက်ခံရသူအားလုံး | မျှော်လင့်မထားသော ဆန္ဒမပါဘဲတွေ့ကြုံရသည့် ထိခိုက်မှုများရှိလာသည့်အခါ ADB ၏ လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာ မူဝါဒများအရ မှတ်တမ်းတင်၊ လျော့ပါးသက်အောင်စေရန်ပြု၊ နစ်နာကြေးပေးအပ်ခြင်းများ |

| ဆုံးရှုံးမှုအမျိုးအစား | ခံစားခွင့်ရှိသော အိမ်ထောင်စု | ခံစားခွင့် |
|---|---|---|
| | | ဆောင်ရွက်မည်ဖြစ်သည် |

[၁] အထောက်အပံ့များ နှင့် လေ့ကျင့်သင်တန်းပေးခြင်းများ၏ အမျိုးအစား နှင့် အတိုင်းအတာတို့အား လိုအပ်ချက်အပေါ်တွင် အခြေခံ၍ လုပ်ဆောင်သွားမည်ဖြစ်ပြီး နည်းစနစ်တကျ လေ့လာမှုများ နှင့် အိမ်ထောင်စုအဆင့် ဆွေးနွေးတိုင်ပင်မှုများကို အခြေခံ၍ ဆုံးဖြတ်မည် ဖြစ်ပါသည်။

၈၄။ လျော်ကြေးကို လက်ရှိဈေးကွက်ပေါက်ဈေးဖြင့်တွက်ချက်ကာ ငွေသားဖြင့်ပေးမည်ဖြစ်သည်။ ဖြစ်နိုင်လျင် လျော်ကြေးကို ဘဏ်မှတဆင့် လွှဲပြောင်းပေးမည်။ ဘဏ်စာရင်းမရှိသော ထိခိုက်ခံရသောအိမ်ထောင်စုများက တောင်းဆိုလျင် ၎င်းတို့ ဘဏ်တွင်ငွေစာရင်းဖွင့်လှစ်နိုင်ရန် စီမံကိန်းက ကူညီပေးမည်ဖြစ်သည်။ REGDP ရေးဆွဲချိန်တွင်ရှိသော ဈေးနှုန်းများသည် စီမံကိန်းအကောင်အထည်ဖော်ချိန်တွင် ရှိနေမည့် ဈေးနှုန်းများနှင့် မတူညီနိုင်သဖြင့် ချိန်ညှိပြင်ဆင်မှုများ ပြုလုပ်ရမည်။

၈၅။ ဈေးကွက်ပေါက်ဈေးဖြင့် ပေးလျော်သည့်အပြင် DL စကြံန်အတွင်းတွင် ရာဘာနှင့် သစ်သီးပင်များ စိုက်ပျိုးရန်မဖြစ်နိုင်တော့သည့် အပင်စိုက်ပျိုးသူများ နှင့် ထိခိုက်လွယ်သောအုပ်စုများသည် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အထောက်အပံ့ကို ရရှိပါမည်။ ခံစားခွင့်ဇယားပါ ပေးအပ်သော လျော်ကြေးနှင့် အထောက်အပံ့များသည် အိမ်ထောင်စုများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းကို မူရင်းအခြေအနေသို့ ပြန်လည်ထူထောင်ရန် လုံလောက်သည်ဟု သတ်မှတ်ပါသည်။ ယင်းအထောက်အပံ့များကို ပေးအပ်ရာတွင် ESE သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီစဉ် လက်တွဲလုပ်ဆောင်မည်ဖြစ်သည်။

၈၆။ ဓါတ်အားခွဲရုံများကြောင့် ထိခိုက်ခံရသော အိမ်ထောင်စုများ၏ ပျမ်းမျှဝင်ငွေဆုံးရှုံးမှုမှာ တစ်နှစ်လျင် ၂၀၈ ဒေါ်လာ (၄၈ဒေါ်လာ မှ ၆၅၅ ဒေါ်လာအကြား) ဖြစ်သည်။ အကယ်၍ အိမ်ထောင်စုသည် ဆုံးရှုံးသွားသောမြေယာ၏ လက္ခဏာ၊ အထွက်နှုန်းတို့နှင့် ညီမျှသော မြေကို ဝယ်ယူနိုင်လျင် ၎င်းဆုံးရှုံးသွားသော ဝင်ငွေပမာဏကို ပြန်လည် ရရှိနိုင်သည်။ DL ကြောင့်ထိခိုက်သွားသော အိမ်ထောင်စုများအနက် ပြန်လည်ရရှိစေရန်ပြုလုပ်ရမည့် ပမာဏမှာ တစ်နှစ်လျင် ၃၇ ဒေါ်လာဖြစ်သည်။ ယင်းသည် အိမ်ထောင်စုတွင် DL အပိုင်းတစ်ခု (တိုင်တစ်တိုင်မှ တိုင်တစ်တိုင်အကြား) အကွာအဝေးရှိသည့် မြေရှိပြီး ရာဘာစိုက်ပျိုးလျက်ရှိသည် ( တစ်ဟက်တာလျင် ၄၅၇ ဒေါ်လာ x ၀.၀၈ ဟက်တာ) ဟု ယူဆတွက်ချက်ခြင်းဖြစ်သည်။ အကယ်၍ အိမ်ထောင်စုသည် ကန့်သတ်ထားသော ဧရိယာအတွင်းတွင် နှမ်းကို တစ်နှစ်လျင် နှစ်ကြိမ်စိုက်ပျိုးပါက ၆၅ ဒေါ်လာ ရရှိမည် (၄၀၈ ဒေါ်လာ x ၀.၀၈ ဟက်တာ x သီးနှံရာသီ ၂ ရာသီ) ဖြစ်ကာ ဆုံးရှုံးသောဝင်ငွေ၏ နှစ်ဆခန့်ထိ ရရှိမည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အိမ်ထောင်စုများ နှမ်းနှင့် အခြား စီးပွားဖြစ် ရာသီ သီးနှံများ ( ဥပမာ - မြေပဲနှင့် ပဲအမျိုးမျိုး) စိုက်ပျိုးနိုင်စေရန် နည်းပညာနှင့် သွင်းအားစုအကူအညီများပေးမည်ဖြစ်သည်။

၈၇။ ထိခိုက်မှုရှိသော ဧရိယာအတွင်းတွင် နောက်ဆုံးစာရင်းပိတ်ရက်အတွင်း မှတ်တမ်းဝင်ထားသော ထိခိုက်ခံရသောသူများသည် ၎င်းတို့၏ ထိခိုက်သွားသော ပိုင်ဆိုင်မှုများအတွက် လျော်ကြေးနှင့် စီမံကိန်းမတိုင်မီက ၎င်းတို့ရှိခဲ့သော နေထိုင်မှုအဆင့်အတန်း၊ ဝင်ငွေရရှိမှုအတိုင်းအတာနှင့် ထုတ်လုပ်မှုအဆင့်တို့ထက် ပိုမိုကောင်းမွန်စေရန် သို့မဟုတ် အနည်းဆုံးမူရင်းအခြေအနေ ပြန်လည်ရောက်ရှိစေရန်အတွက် သီးသန့် အထောက်အအပံ့တို့ကို ခံစားခွင့်ရှိမည်ဖြစ်သည်။ နောက်ဆုံးစာရင်းပိတ်ရက်မှာ စစ်တမ်းကောက်ယူမှုနှင့် DMS ဆောင်ရွက်မှုတို့၏ နောက်ဆုံးရက်ဖြစ်သည်။ နောက်ဆုံးစာရင်းပိတ်ရက်လွန်မှ DL စကြံန်အတွင်းနှင့်

ဓါတ်အားခွဲရုံများတည်ဆောက်ရန် သတ်မှတ်ထားသောမြေအတွင်းသို့ ကျူးကျော်ဝင်ရောက် နေထိုင်လာသူများသည် လျော်ကြေး သို့မဟုတ် အခြားအထောက်အပံ့များကို ခံစားခွင့်ရှိမည် မဟုတ်ပါ။ ထိခိုက်ခံရသော အိမ်ထောင်စုများသည် ဆောက်လုပ်ရေးလုပ်ငန်းများမစတင်မီ လျော်ကြေးများရရှိကြမည်ဖြစ်ပါသည်။

# ၉ ။ ပြန်လည်နေရာချထားရေး ဘတ်ဂျက်နှင့် ဘဏ္ဍာရေးအစီအစဉ်

## ၉.၁။ ဘတ်ဂျက်နှင့် တန်ဖိုးသတ်မှတ်သည့် နည်းစနစ်

၈၈။ ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်းအတွက် REGDP အကောင်အထည်ဖော်ဆောင်ရန် စုစုပေါင်း ဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ ၄၀၁၃၈၃ ဖြစ်သည် (ဇယား ၃၂)။ ထိခိုက်ခံရသောသူများအတွက် လျော်ကြေးနှုန်းထားနှင့် အထောက်အပံ့များကို စစ်တမ်းနှင့် DMS ရလဒ်များ၊ REGDP အကောင်အထည်ဖော်သည့်အချိန်ရှိ ဈေးကွက်ပေါက်ဈေးတို့အပေါ် အခြေခံကာ ပြန်လည်သုံးသပ် ချိန်ညှိပြင်ဆင်မည်ဖြစ်သည်။ ဆုံးရှုံးသောပစ္စည်း အမျိုးအစားတစ်ခုချင်းအလိုက် လျော်ကြေးတွက်ချက်သောနည်းမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေယာ - ဓါတ်အားခွဲရုံများအတွက် ရယူရန်လိုသည့် မြေအတွက် လျော်ကြေးသည် ကွင်းဆင်းကောက်ယူထားသည့် မြေဈေးအပေါ်အခြေခံသည်။ မြေရယူရန်လိုအပ်သည့် မြို့နယ်များရှိ ဈေးနှုန်းကို ရယူကာ တိုင်းဒေသကြီး/ပြည်နယ်တွင် ရှိသည့် ဈေးနှုန်းကို ရရှိစေရန် ပျမ်းမျှတွက်ချက်သည်။ မြေပေါ်တွင် ပေါက်ရောက်နေသည့် အပင်အမျိုးအစားများကို အခြေခံကာ မြေအမျိုးအစားတစ်ခုချင်းစီအတွက် ဈေးနှုန်းကို ရရှိသည်။

(၂) ရာသီအလိုက်သီးနှံများ - ဓါတ်အားခွဲရုံများကြောင့် ထိခိုက်ခံရသော တစ်ခုတည်းသော ရာသီအလိုက်သီးနှံမှာ စပါးဖြစ်သည်။ တစ်ဟက်တာအတွက် လျော်ကြေးနှုန်းသည် ၂၀၁၇ စက်တင်ဘာ-အောက်တိုဘာ အတွင်းတွင် လျှပ်စစ်ဓါတ်ပို့လွှတ်သော ဓါတ်အားလိုင်းများအတွက် စစ်တမ်းကောက်ယူခဲ့သော လယ်ယာအတွင်း ပေါက်ဈေးများအပေါ် အခြေခံထားပါသည်။[9] အဘယ်ကြောင့်ဆိုသော် ထုတ်လုပ်မှုအတွက် အမြတ်ကျန်မှုမှာ အလွန်နည်းပါးသောကြောင့်ဖြစ်ပါသည်။[10]

(၃) အဆောက်အအုံ - အဆောက်အအုံများအတွက် ခန့်မှန်းတွက်ချက်မှုကို ၂၀၁၇ ဒီဇင်ဘာလတွင် စစ်တမ်းကောက်ယူခဲ့သော ဒေသတွင်းရှိ ကုန်ကြမ်းတန်ဖိုး၊ လုပ်အား၊ သယ်ပို့စရိတ် နှင့် ဆောက်လုပ်ရေးစရိတ် အပေါ်အခြေခံထားသည်။ ပစ္စည်းယိုယွင်းတန်ဖိုးကျဆင်းမှု၊ ဆက်စပ်ကုန်ကျစရိတ်များနှင့် အခွန်များကို ပြန်လည်နုတ်ယူခြင်းမပြုပါ။

(၄) စီးပွားရေးလုပ်ငန်းများမှ ဆုံးရှုံးသောဝင်ငွေ - ဆုံးရှုံးသွားသော ဝင်ငွေ ခန့်မှန်းတွက်ချက်ရာတွင် မွန်ပြည်နယ်ရှိ အလားတူဆိုင်အပေါ်တွင် အခြေခံထားသည်။ အဘယ်ကြောင့်ဆိုသော် ထိခိုက်သွားသော အိမ်ထောင်စုသည့် ၎င်းတို့ပိုင်သည့် ဆိုင်၏ ဝင်ငွေကို ခန့်မှန်းဖော်ပြခြင်း မပြုသောကြောင့်ဖြစ်သည်။

---

9 ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်းအတွက် ၂၀၁၇ ခုနှစ် အိမ်ထောင်စုစစ်တမ်းကောက်ယူမှုတွင် ပါဝင်သည့် စပါးထွက်ရှိမှု တန်ဖိုးအား ထုထည်တိုင်းတာသည့် မြန်မာယူနစ်တစ်ခုဖြစ်သော (တင်း) ဖြင့်ဖော်ပြထားပါသည်။ REGDP သည် မက်ထရစ် အတိုင်းအတာများကို အသုံးပြုကာ စပါးထွက်ရှိမှုအား အလေးချိန်တိုင်းတာသည့် ယူနစ်တစ်ခုဖြစ်သော MT ဖြင့် တိုင်းတာပါသည်။ ထုထည်မှ အလေးချိန်သို့ ပြောင်းလဲတွက်ချက်ရန် မဖြစ်နိုင်ပါ။

10 ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံရှိ စပါးထုတ်လုပ်မှုအတွက် တစ်ဟက်တာလျှင် ကုန်ကျစရိတ်အား အမေရိကန်ဒေါ်လာ ၅၁၀ ဟု ခန့်မှန်းတွက်ချက်ထားပါသည်။ ၎င်းပမာဏသည် စက်တင်ဘာ-အောက်တိုဘာ စစ်တမ်းကောက်ယူမှုတွင် အစီရင်ခံတင်ပြခဲ့သည့် တန်ဖိုး (အမေရိကန်ဒေါ်လာ ၄၃၃) ထက် ပိုမိုများပြားနေပါသည်။ ကမ္ဘာ့ဘဏ်။ ၂၀၁၆။ မြန်မာနိုင်ငံ - လယ်ယာထုတ်ကုန်စီးပွားရေး စိစစ်လေ့လာချက်။ စီးပွားရေး နှင့် ကဏ္ဍလုပ်ငန်းအစီရင်ခံစာ အမှတ် ၁၀၀၀၆-MM. ဝါရှင်တန်ဒီစီ၊ ဖေဖော်ဝါရီ ၂၄။

| စဉ် | ဖော်ပြချက် | ယူနစ်ကုန်ကျစရိတ် (USD) | ယူနစ် အရေအတွက် | စုစုပေါင်း (USD) |
|---|---|---|---|---|
| ၁ | **ရောဝတီတိုင်းဒေသကြီး** | | | |
| | စပါးခင်း | ၁၃၂၄၃/ဟက်တာ | ၄.၂ ဟက်တာ | ၅၆၀၄၁ |
| | သဘာဝခြုံနွယ်ပေါက်မြေ[1] | ၂၆၁၉၈/ဟက်တာ | ၀.၄၅ ဟက်တာ | ၁၁၇၈၉ |
| | သီးနှံလျော်ကြေး - ပိုင်ရှင်မဟုတ်သော စိုက်ပျိုးသူ | ၁၂၉၉ (၄၃၃/ဟက်တာ/ရိတ်သိမ်းသီးနှံ x ၃) | ၀.၈ ဟက်တာ | ၁၀၃၉ |
| | ထိခိုက်လွယ်သူများအတွက် အထောက်အပံ့ | ၂၅၀/HH | ၂ HH[2] | ၅၀၀ |
| | **ပေါင်း** | | | **၆၉၃၆၉** |
| ၂ | **ပဲခူး အရှေ့ပိုင်း** | | | |
| | သီးနှံလျော်ကြေး - ပိုင်ရှင်မဟုတ်သော စိုက်ပျိုးသူ | ၁၂၉၉ (၄၃၃/ဟက်တာ/ရိတ်သိမ်းသီးနှံ x ၃) | ၀.၈ ဟက်တာ | ၁၀၃၉ |
| | **ပေါင်း** | | | ၁၀၃၉ |
| ၃ | **ကရင်ပြည်နယ်** | | | |
| | ရာဘာစိုက်ခင်း | ၄၅၆၉၅/ဟက်တာ | ၁.၀ | ၄၅၆၉၅ |
| | ကျွန်းစိုက်ခင်း | ၃၁၉၈၆/ဟက်တာ | ၀.၄ | ၁၂၇၉၄ |
| | သဘာဝခြုံနွယ်ပေါက်မြေ | ၂၆၁၉၈/ဟက်တာ | ၀.၈ | ၂၀၉၄၈ |
| | ထိခိုက်လွယ်သူများအတွက် အထောက်အပံ့ | ၂၅၀/HH | ၁ HH[3] | ၂၅၀ |
| | **ပေါင်း** | | | **၇၉၆၈၇** |
| ၄ | **မွန်ပြည်နယ်** | | | |
| | ရာဘာစိုက်ခင်း | ၂၄၆၇၅/ဟက်တာ | ၀.၄ | ၉၈၇၀ |
| | အဆောက်အအုံ - အိမ်ဆိုင် (အပေါ့စားပစ္စည်းများဖြင့်ဆောက်လုပ်ထားသည်) | ၁၀၀၀/အဆောက်အအုံ | အိမ်ဆိုင် ၁ လုံး | ၁၀၀၀ |
| | ပြောင်းရွှေ့မှုအတွက်ထောက်ပံ့ငွေ (အဆောက်အအုံတန်ဖိုး၏ ၁၂%) | ၁၂၀/အဆောက်အအုံ | အဆောက်အအုံ ၁ ခု | ၁၂၀ |
| | ဆုံးရှုံးသွားသော ဝင်ငွေ | ၇၅/လ[4] | ၃ လ | ၂၂၅ |

| စဉ် | ဖော်ပြချက် | ယူနစ်ကုန်ကျစရိတ် (USD) | ယူနစ် အရေအတွက် | စုစုပေါင်း (USD) |
|---|---|---|---|---|
| | **ပေါင်း** | | | ၁၁၂၁၅ |
| ၅ | **ရနိုင်ပြည်နယ်** | | | |
| | စပါးခင်း | ၁၆၉၀၇/ဟက်တာ | ၁.၉ | ၃၂၁၂၃ |
| | သီဟိုဠ်ခင်း | ၅၄၈၃/ဟက်တာ | ၂.၀ | ၁၀၉၆၆ |
| | **ပေါင်း** | | | **၄၃၀၈၉** |
| ၆ | **MOALI သို့ တစ်လုံးတစ်ခဲတည်းခွဲဝေပေးငွေ DL စကြံ့အတွင်းရှိ ထိခိုက်ခံရသော ရာဘာစိုက်ပျိုးသူများနှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများအတွက် စိုက်ပျိုးရေးအထောက်အပံ့** | | | **၁၂၀၀၀၀** |
| ၇ | စီမံခန့်ခွဲမှု စရိတ် (စဉ် ၁ မှ ၆ အထိ၏ ၁၅%) | | | ၄၈၆၆၀ |
| ၈ | အရေးပေါ် (စဉ် ၁ မှ ၇ အထိ၏ ၁၀%) | | | ၃၇၃၀၆ |
| ၉ | စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း (စဉ် ၁ မှ ၈ အထိ၏ ၁.၅%) | | | ၆၁၅၅ |
| | စုစုပေါင်း ( ၁ မှ ၉ ) | | | **၄၁၆၅၂၀** |

[၁] ESE သို့ ပုဂ္ဂလိကကော်ပိုရေးရှင်းတစ်ခုမှ လှူဒါန်းသောမြေအတွက် လျော်ကြေး

[၂] မြေယာသိမ်းယူမှုကြောင့် မြေယာမဲ့ဖြစ်ရကာ အလွန်ဆင်းရဲသည့် အိမ်ထောင်စု

[၃] အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုတစ်စု

[၄] ထိခိုက်ခံရသော အိမ်ထောင်စုသည် ဈေးဆိုင်မှ ရသောဝင်ငွေကို မဖော်ပြခဲ့ပါ။ ခန့်မှန်းမှုကို မွန်ပြည်နယ်ရှိ အလားတူဈေးဆိုင်တစ်ခုမှ ဝင်ငွေအပေါ်အခြေခံခဲ့ပါသည်။

## ၉.၂။ ရန်ပုံငွေအရင်းအမြစ်နှင့် စီးဆင်းမှု

၈၉။ ပြန်လည်နေရာချထားရေးအတွက် ရန်ပုံငွေများအားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နှင့် ADB အကြားတွင် သဘောတူညီထားသည့် ဘဏ္ဍာရေးအစီအစဉ်အရ MOEE က ပေးအပ်မည်ဖြစ်သည်။ ဒေသဆိုင်ရာ GAD သည် ဆုံးရှုံးမှုများအတွက် (မြေယာ၊ သီးနှံ၊ သစ်ပင်များ၊ အဆ-ဆောက်အအုံများ နှင့် ဝင်ငွေ) လျော်ကြေးခန့်မှန်းတွက်ချက်မှုကို လုပ်ဆောင်ကာ MOEE ထံသို့တင်ပြမည်။ MOEE သည် ယင်းငွေပမာဏကို ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့၏ ဘဏ်စာရင်းအတွင်းသို့ ပေးသွင်းထားမည်ဖြစ်သည်။

## ၉.၃။ နစ်နာကြေးပေးလျော်သည့် နည်းလမ်း

၉၀။ လျော်ကြေးကို ငွေသားဖြင့် ပေးအပ်မည်ဖြစ်သည်။ ဖြစ်နိုင်သောအခါတိုင်းတွင် လျော်ကြေးကို ဇနီး ခင်ပွန်း နှစ်ဦးစလုံးက ကိုယ်တိုင်လက်ခံရယူကာ အသိအမှတ်ပြုစာရွက်စာတမ်းပေါ်တွင် နှစ်ဦးလုံးလက်မှတ်ရေးထိုးရမည်။ ထိခိုက်ခံရသော ပုဂ္ဂိုလ်တွင် ဘဏ်စာရင်းရှိပါက ဘဏ်မှလွှဲပြောင်းပေးသည့် နည်းလမ်းကို ဦးစားပေးရွေးချယ်မည်။ အကယ်၍ ထိခိုက်ခံရသောအိမ်ထောင်စုတစ်စုသည် လျော်ကြေးလွှဲပြောင်းပေးရန် သတ်မှတ်ချက်နှင့် ညီညွတ်ပါက ဘဏ်စာရင်းမရှိခဲ့လျှင် ဘဏ်စာရင်းဖွင့်လှစ်နိုင်ရန် စီမံကိန်းက ကူညီမည်။

## ၁၀။ အကောင်အထည်ဖော်ဆောင်ရေး အချိန်ဇယား

၉၁။ REGDP ကို ၉ လတာအတွင်း အကောင်အထည်ဖော်မည်ဖြစ်သည် (ဇယား ၃၃) ။ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်ပုံစံဒီဇိုင်းပြီးစီးသည့်အခါတွင် ထိခိုက်သောအိမ်ထောင်စုများကို သတ်မှတ်မည်ဖြစ်ပါသည်။ ထိခိုက်သော အိမ်ထောင်စုများသည် ၎င်းတို့ အိမ်ထောင်စုတစ်ခုချင်း ရရှိမည့် လျော်ကြေးနှုန်းထားကို သတ်မှတ်ရာတွင် အခြေခံအဖြစ်အသုံးပြုမည့် စစ်တမ်းကောက်ယူမှုနှင့် DMS တို့တွင် ပူပေါင်းပါဝင်မည်ဖြစ်သည်။ စီမံကိန်းဆိုင်ရာ အချက်အလက်များ (ရည်မှန်းချက်၊ တည်နေရာ၊ လုပ်ဆောင်ချက်များ နှင့် အချိန်ဇယား) တို့ကို ထိခိုက်ခံရသော အိမ်ထောင်စုများနှင့် အခြားအကျိုးဝင်ပတ်သက်သူများသို့ ထုတ်ပြန်မည်ဖြစ်သည်။ DMS ရလဒ်များနှင့် လျော်ကြေးနှုန်းထားများ သတ်မှတ်ခြင်းတို့တွင် ထိခိုက်ခံရသောအိမ်ထောင်စုများနှင့် အနီးကပ် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်မည်ဖြစ်သည်။

ဇယား ၃၃။ မြန်မာလျှပ်စစ်ဓါတ်အားကွန်ရက်ဖွံ့ဖြိုးရေးစီမံကိန်း အောက်ရှိ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး အစိတ်အပိုင်းအတွက် REGDP အကောင်အထည်ဖော်ဆောင်ရေးအချိန်ဇယား

| စဉ် | လုပ်ဆောင်ချက် | ပထမ ၃လပတ် | | | ဒုတိယ ၃ လပတ် | | | တတိယ ၃ လပတ် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၁ | ၂ | ၃ |
| ၁ | Id အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်ပုံစံဒီဇိုင်း အပေါ်အခြေခံ၍ ထိခိုက်မည့် အိမ်ထောင်စုများကို သတ်မှတ်ခြင်း | — | — | | | | | | | |
| ၂ | အဆိုပြုထားသော စီမံကိန်းနှင့် ဖြစ်လာနိုင်သည့် ဆုံးရှုံးမှုများကို ထိခိုက်မည့် အိမ်ထောင်စုများကို အကြောင်းကြားခြင်း | — | — | -- | | | | | | |
| ၃ | စစ်တမ်းကောက်ယူမှုနှင့် DMS တို့တွင် ထိခိုက်မည့် အိမ်ထောင်စုများပါဝင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း | -- | -- | -- | | | | | | |
| ၄ | ထိခိုက်မည့် အိမ်ထောင်စုများအကြားတွင် စစ်တမ်းကောက်ယူမှုနှင့် DMS ဆောင်ရွက်ခြင်း | | -- | -- | -- | — | | | | |
| ၅ | ဈေးကွက်ပေါက်ဈေးစစ်တမ်းကောက်ယူခြင်း | | | | — | | | | | |
| ၆ | အချက်အလက်များထုတ်ပြန်ခြင်း၊ DMS နှင့် ဈေးကွက်စစ်တမ်းရလဒ်များ၊ လျော်ကြေးနှုန်းထားများကို ထိခိုက်မည့် အိမ်ထောင်စုများနှင့် တိုင်ပင်ဆွေးနွေးခြင်း | | | | -- | -- | | | | |
| ၇ | စစ်တမ်းနှင့် DMS ရလဒ်များကို အခြေခံကာ REGDP ကို မွမ်းမံခြင်း | | | | | --- | | | | |
| ၈ | မွမ်းမံထားသော REGDP ကို ADB မှ အတည်ပြုရန် တင်ပြခြင်း | | | | | --- | | | | |
| ၉ | လျော်ကြေးအတွက် ခန့်မှန်းကုန်ကျငွေကို DC မှ ပြင်ဆင်ခြင်းနှင့် ESE သို့ တင်ပြခြင်း | | | | | | --- | | | |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၁၀ | GAD ၏ ငွေစာရင်းသို့ ငွေလွှဲပြောင်းပေးခြင်း | | | | | | | | | |
| ၁၁ | ထပ်တိုးလျော်ကြေးနှင့် အထောက်အပံ့ ရန်ပုံငွေများ အတွက် ခန့်မှန်းကုန်ကျစရိတ်ကို တွက်ချက်ခြင်း | | | | | | --- | | | |
| ၁၂ | ထိခိုက်ခံရသောသူများကို လျော်ကြေးပေးခြင်း | | | | | | --- | --- | --- | |
| ၁၃ | အဆင်မပြေနစ်နာမှုများ ညှိနှိုင်းဖြေရှင်းရေးစနစ်ကို လည်ပတ်လုပ်ဆောင်ခြင်း | | | | --- | --- | --- | -- | --- | -- |
| ၁၄ | လုပ်ငန်းခွင်နေရာ ရှင်းလင်းမှုလုပ်ဆောင်ခြင်း | | | | | | | | | --- |
| ၁၅ | ဝင်ငွေပြန်လည်ထူထောင်ခြင်းနှင့် အခြားအထောက်အပံ့များ အကောင်အထည်ဖော်ခြင်း | | | | | | | | — | -- |
| ၁၆ | REGDP အကောင်အထည်ဖော်မှုကို စောင့်ကြည့် အကဲဖြတ်ခြင်း | | | | | | | -- | -- | -- |

၉၂။ ပြန်လည်နေရာချထားရေးဆိုင်ရာ ထိခိုက်မှုများနှင့် လျော်ကြေးတို့နှင့် ပတ်သက်ပြီး ထိခိုက်ခံရသောသူများထံမှ တိုင်ကြားမှုများကို လက်ခံကာ ဖြေရှင်းပေးရန်အတွက် GRM ကို လည်ပတ်လုပ်ဆောင်ပါသည်။ လျော်ကြေးပေးမှုများ စောင့်ကြည့်အကဲဖြတ်ခြင်းကို လျော်ကြေးပေးသည့်အချိန်တွင် စတင်လုပ်ဆောင်ပါမည်။ ထိခိုက်ခံရသော အိမ်ထောင်စုများ လျော်ကြေးငွေလက်ခံရရှိပြီးနောက် ၁၅ ရက်အကြာတွင် လုပ်ငန်းခွင်နေရာနှင့် စပ်လျဉ်းသော အငြင်းပွားမှု အတားအဆီးများ မရှိကြောင်းသေချာမှသာ လုပ်ငန်းခွင်နေရာအတွက် ရှင်းလင်းခြင်းများကို စတင်လုပ်ဆောင်မည် ဖြစ်ပါသည်။

# ၁၁။ ပြန်လည်နေရာချထားခြင်းအတွက် အင်စတီကျူးရှင်းဆိုင်ရာ မူဘောင်

၉၃။ MOEE သည် ESE PMU မှတဆင့် REGDP အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်မည်ဖြစ်သည် (ဇယား ၃၄) ။ ၎င်းသည်အောက်ပါတို့ကို သေချာစေမည် (၁) ပြန်လည်နေရာချထားရေးဆောင်ရွက်မှုများတွင် GAD နှင့် ချိတ်ဆက်ဆောင်ရွက်မှု ချောမွေ့စေရန် (၂) ပြန်လည်နေရာချထားရေးဆောင်ရွက်မှုများတွင် အချိန်ဇယားအတိုင်း လုပ်ဆောင်ခြင်း နှင့် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းများလုပ်ဆောင်ရာတွင် ADB ဘက်သို့ အာမခံသေချာစေခြင်း (၃) ပြန်လည်နေရာချထားရေးဆောင်ရွက်မှုများအတွက် ဘတ်ဂျက်နှင့် ရန်ပုံငွေများ ပေးအပ်ခြင်း (၄) ထိခိုက်ခံရသောသူများသို့ ပြန်လည်နေရာချထားခြင်းနှင့် ဆိုင်သော အချက်အလက်များထုတ်ပြန်ခြင်း၊ တိုင်ပင်ဆွေးနွေးမှုများဆောင်ရွက်ခြင်း (၅) ထိခိုက်ခံရသောသူများသို့ သဘောတူညီထားသော လျော်ကြေးငွေများ အလျင်အမြန်ပေးအပ်ခြင်း (၆) GRM ကိုဖွဲ့စည်းခြင်း၊ လုပ်ဆောင်ခြင်းနှင့် တိုင်ကြားမှုများကို အလျင်အမြန်ဖြေရှင်းခြင်း (၇) စောင့်ကြည့်လေ့လာမှုအစီရင်ခံစာများရေးသားခြင်းနှင့် ADB သို့ဆောလျင်စွာ တင်ပြခြင်း။

ဇယား ၃၄။ မြန်မာလျှပ်စစ်ဓါတ်အားကွန်ရက်ဖွံ့ဖြိုးရေးစီမံကိန်း၏ REGDP အကောင်အထည်ဖော်ဆောင်ရေးအတွက် တာဝန်ရှိသော အုပ်စုများ

| စဉ် | လုပ်ဆောင်ချက် | တာဝန်ရှိအုပ်စု |
|---|---|---|
| ၁ | အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်ဒီဇိုင်းပုံစံအပေါ် အခြေခံ၍ ထိခိုက်ခံရသောအိမ်ထောင်စုများကို သတ်မှတ်ခြင်း | GAD၊ ဒေသန္တရအာဏာပိုင်များ၊ ထိခိုက်ခံရသောသူများ |
| ၂ | အဆိုပြုထားသောစီမံကိန်းနှင့် ဖြစ်လာနိုင်သော ထိခိုက်ဆုံးရှုံးမှုများ အကြောင်းကို ထိခိုက်ခံရသောအိမ်ထောင်စုများကို အကြောင်းကြားခြင်း | GAD၊ ဒေသန္တရအာဏာပိုင်များ၊ ထိခိုက်ခံရသောသူများ |
| ၃ | စစ်တမ်းကောက်ယူမှုနှင့် DMS တို့တွင် ထိခိုက်ခံရသောသူများ ပူးပေါင်းပါဝင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း | GAD၊ ဒေသန္တရအာဏာပိုင်များ၊ ထိခိုက်ခံရသောသူများ |
| ၄ | ထိခိုက်ခံရသောအိမ်ထောင်စုများအကြားတွင် စစ်တမ်းကောက်ယူခြင်း၊ DMS ဆောင်ရွက်ခြင်း | GAD၊ ဒေသန္တရအာဏာပိုင်များ၊ |
| ၅ | ဈေးကွက်ပေါက်ဈေးစစ်တမ်း ကောက်ယူခြင်း | GAD၊ ဒေသန္တရအာဏာပိုင်များ၊ |
| ၆ | အချက်အလက်များထုတ်ပြန်ခြင်း၊ DMS နှင့် ဈေးကွက်ပေါက်ဈေး စစ်တမ်းရလဒ်များ၊ လျော်ကြေးနှုန်းထားများကို ထိခိုက်ခံရသောသူများ နှင့် တိုင်ပင်ဆွေးနွေးခြင်း | ဒေသန္တရအာဏာပိုင်များ၊ |
| ၇ | စစ်တမ်းနှင့် DMS ရလဒ်များအပေါ်အခြေခံကာ REGDP ကို မွမ်းမံခြင်း | ESE နှင့် ဒေသန္တရအာဏာပိုင်များ၊ |
| ၈ | မွမ်းမံထားသော REGDP ကို အတည်ပြုရန် ADB ထံသို့ တင်ပြခြင်း | ESE |
| ၉ | လျော်ကြေးအတွက် ခန့်မှန်းကုန်ကျငွေကို တွက်ချက်ခြင်း | ESE ၊ GAD နှင့် ဒေသန္တရအာဏာပိုင်များ၊ |
| ၁၀ | GAD ၏ ဘဏ်စာရင်းသို့ ရန်ပုံငွေများ လွှဲပြောင်းပေးခြင်း | ESE |
| ၁၁ | နောက်တိုးလျော်ကြေးများနှင့် အထောက်အပံ့အတွက် ရန်ပုံငွေများအတွက် ခန့်မှန်းကုန်ကျငွေကို တွက်ချက်ခြင်း | ESE နှင့် GAD |
| ၁၂ | ထိခိုက်ခံရသောသူများသို့ လျော်ကြေးပေးခြင်း | GAD ၊ ဒေသန္တရအာဏာပိုင်များ၊ |

| | | |
|---|---|---|
| ၁၃ | GRM လည်ပတ်လုပ်ဆောင်ခြင်း | ESE, ဒေသန္တရအာဏာပိုင်များ၊ ထိခိုက်ခံရသောသူများ |
| ၁၄ | လုပ်ငန်းခွင်နေရာရှင်းလင်းခြင်း | ထိခိုက်ခံရသောသူများနှင့် ကန်ထရိုက်တာ |
| ၁၅ | ဝင်ငွေပြန်လည်ထူထောင်ရေးလုပ်ဆောင်မှုများနှင့် အခြားအထောက်အပံ့များကို အကောင်အထည်ဖော်ခြင်း | ESE ၊ MOALI ၊ ဒေသန္တရအာဏာပိုင်များ၊ ထိခိုက်ခံရသောသူများ |
| ၁၆ | REGDP အကောင်အထည်ဖော်ဆောင်ခြင်းကို စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း | ESE နှင့် ထိခိုက်ခံရသောသူများ |

၉၄။ PMU သည် စကြံန်ပြင်ပရှိမြေကို ယာယီအသုံးပြုရာတွင် မြေအသုံးပြုခွင့်ရှိသူနှင့် စာချုပ်စာတမ်းဖြင့်လုပ်ဆောင်ခြင်း၊ မြေယာကို မူရင်းအခြေအနေသို့ ပြန်လည်ထူထောင်ခြင်း အပါအဝင် စက်ယာဉ်များနှင့် ဆောက်လုပ်ရေးပစ္စည်းများ ရွှေ့ပြောင်းမှုကြောင့် ပျက်စီးသွားသော ပိုင်ဆိုင်မှုများအတွက် ပေးလျော်ရန် တာဝန်ရှိမှု ကန်ထရိုက်တာ၏ စာချုပ်တွင် ပါဝင်စေရန် သေချာစေမည်။ စာချုပ်ပါအချက်အလက်များကို ကန်ထရိုက်တာက လိုက်နာမှုရှိမရှိကိုလည်း PMU က စောင့်ကြည့် ကြီးကြပ်မည်။ နေ့စဉ် REGDP အကောင်အထည်ဖော်မှုများတွင် PMU သည် GAD ၊ ဒေသန္တရအာဏာပိုင်များ၊ ထိခိုက်ခံပြည်သူများတို့နှင့် အတူလက်တွဲလုပ်ဆောင်မည်ဖြစ်သည်။

# ၁၂။ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း

၉၅။ အဓိကစောင့်ကြည့်ရေးလုပ်ဆောင်မှုများသည် အခြေခံမျဉ်းသတ်မှတ်ထားသည့်အခြေအနေများ၊ တိုင်ပင်ဆွေးနွေးသည့် အဆင့် နှင့် လျော်ကြေးပေးသည့်အဆင့်မှ အသက်မွေးဝမ်းကျောင်းမှုပြန်လည်ထူထောင်ရေး အစီအစဉ်များနှင့် သင်တန်းများ အပြည့်အဝအကောင်အထည်ဖော်ပြီးသည်အထိ အလွန်အမင်း ထိခိုက်ခံရသောအိမ်ထောင်စုများနှင့် ထိခိုက်လွယ်သောအိမ်ထောင်စုများကို အထူးဂရုပြုကာ REGEP တွင် ဖော်ပြထားသည့် ထိခိုက်မှုလျော့ပါးသက်သာစေရေး အကောင်အထည်ဖော်မှုများကို စူးစိုက်မည်ဖြစ်သည်။ ထိခိုက်ခံရသော အိမ်ထောင်စုများ၏ လူမှုစီးပွားအခြေအနေစစ်တမ်းကောက်ယူမှုနှင့်အတူ စောင့်ကြည့်မှုကို စတင်လုပ်ဆောင်မည်ဖြစ်သည်။ ထိခိုက်ခံရသော အိမ်ထောင်စုများ၏ စီမံကိန်းမတိုင်မီတွင်ရှိ အခြေခံမျဉ်းအဖြစ်သတ်မှတ်သော အခြေအနေကို စစ်တမ်းရလဒ်က ညွှန်ပြနေသည်။ PIC ၏ ပံ့ပိုးမှုဖြင့် GAD သည် REGDP အကောင်အထည်ဖော်ခြင်းတိုးတက်မှုအခြေအနေ လစဉ်အစီရင်ခံစာကို တင်ပြမည်ဖြစ်သည်။ အစီရင်ခံစာတွင် REGDP အကောင်အထည်ဖော်ဆောင်မှုအခြေအနေ၊ REGDP ရလဒ်များ၊ လိုက်နာလုပ်ဆောင်ရန်အချက်များနှင့် ကိုက်ညီမှုတို့ ပါဝင်မည်ဖြစ်သည် (ဇယား ၃၅)။ ESE သည် လစဉ်အစီရင်ခံစာများကို ADB သို့ တင်ပြရန် စီမံကိန်းသုံးလပတ်အစီရင်ခံစာများအဖြစ် စုစည်းမည်ဖြစ်သည်။

ဇယား ၃၅။ အတွင်းစောင့်ကြည့်မှုများအတွက် အညွှန်းကိန်းများ၊ နည်းစနစ်များနှင့် စောင့်ကြည့်သည့်အကြိမ်ရေ

| **အစိတ်အပိုင်း** | **အညွှန်းကိန်း** | **နည်းစနစ်** | **အကြိမ်ရေ** |
|---|---|---|---|
| REGDP အကောင်အထည်ဖော်ခြင်း | • ပေးအပ်သောလျော်ကြေးပမာဏ<br>• ဆုံးရှုံးမှုအမျိုးအစားအလိုက်ပေးလျော်ထားသော ထိခိုက်သည့်အိမ်ထောင်စုအရေအတွက်<br>• ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးပွဲအရေအတွက်<br>• တိုင်ပင်ဆွေးနွေးပွဲတက်ရောက်ခဲ့သူများ ကျား/မ အလိုက် အရေအတွက်<br>• တိုင်ကြားမှုအမျိုးအစားအလိုက် ရရှိသော တိုင်ကြားမှုနှင့် လျော်ကြေးဖြင့်ဖြေရှင်းခဲ့မှု အရေအတွက်<br>• ယာယီထိခိုက်မှုများနှင့် ပတ်သက်ပြီး လက်ခံရရှိသောတိုင်ကြားမှု နှင့် ကန်ထရိုက်တာ၏ စီမံခန့်ခွဲရေးအဖွဲ့က ဖြေရှင်းခဲ့သော အရေအတွက်ကို တိုင်ကြားမှုအမျိုးအစားအလိုက် ဖော်ပြချက်<br>• လျော်ကြေးပေးအပ်ရာတွင် ဇနီးနှင့်ခင်ပွန်းနှစ်ဦးလုံး၏ လက်မှတ်ဖြင့် လက်ခံရယူခဲ့သော အရေအတွက် | ကြီးကြပ်ရေးအစီရင်ခံစာများကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊<br>ဝယ်ယူရေးစာရွက်စာတမ်းများ ပြန်လည်သုံးသပ်ခြင်း၊<br>ဒေသန္တရအာဏာပိုင်များ၊ GAD နှင့် ESE ဝန်ထမ်းများကို အင်တာဗျူးခြင်း<br>ထိခိုက်ခံရသူများကို အင်တာဗျူးခြင်း<br>လျော်ကြေးနှင့် စီမံခန့်ခွဲမှု ကုန်ကျစရိတ်များကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း | REGDP ရည်မှန်းချက်များ မပြည့်မီမချင်း REGDP အကောင်အထည်ဖော်စဉ်အတွင်း လစဉ် လုပ်ဆောင်ရန် |

| အစိတ်အပိုင်း | အညွှန်းကိန်း | နည်းစနစ် | အကြိမ်ရေ |
|---|---|---|---|
| | • အထူးအထောက်အပံ့ရယူခဲ့သော ထိခိုက်လွယ်သောအုပ်စုများအရေအတွက်ကို အထောက်အပံ့အမျိုးအစားအလိုက်ဖော်ပြချက်<br>• စကြံနံအတွင်းတွင် ရာသီသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် အထောက်အပံ့ ရရှိသော ရာဘာစိုက်ပျိုးသူ အရေအတွက်<br>• မျှော်လင့်မထားသောကိစ္စရပ်များကို အမျိုးအစားအလိုက်ဖော်ပြချက် | | |
| လုပ်ငန်းလည်ပတ်သည့်အဆင့် | • ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးပွဲအရေအတွက်<br>• တိုင်ပင်ဆွေးနွေးပွဲတက်ရောက်ခဲ့သူမျ ား ကျား/မ နှင့် တိုင်းရင်းသားလူမျိုးအလိုက် အရေအတွက်<br>• တိုင်ကြားမှုအမျိုးအစားအလိုက် ရရှိသော တိုင်ကြားမှုနှင့် လျော်ကြေးဖြင့်ဖြေရှင်းခဲ့မှု အရေအတွက်<br>• ယာယီထိခိုက်မှုများနှင့် ပတ်သက်ပြီး လက်ခံရရှိသောတိုင်ကြားမှု နှင့် ကန်ထရိုက်တာ၏ စီမံခန့်ခွဲရေး အဖွဲ့က ဖြေရှင်းခဲ့သော အရေအတွက်ကို တိုင်ကြားမှု အမျိုးအစားအလိုက် ဖော်ပြချက်<br>• လျော်ကြေးပေးအပ်ရာတွင် ဇနီးနှင့်ခင်ပွန်းနှစ်ဦးလုံး၏ လက်မှတ်ဖြင့် လက်ခံရယူခဲ့သော အရေအတွက်<br>• အထူးအထောက်အပံ့ရယူခဲ့သော ထိခိုက်လွယ်သောအုပ်စုများအရေအတွက်ကို အထောက်အပံ့အမျိုးအစားအလိုက်ဖော်ပြချက်<br>• စကြံနံအတွင်းတွင် ရာသီသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် အထောက်အပံ့ ရရှိသော ရာဘာစိုက်ပျိုးသူ | ကြီးကြပ်ရေးအစီရင်ခံစာများကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊ ဝယ်ယူရေးစာရွက်စာတမ်းများ ပြန်လည်သုံးသပ်ခြင်း၊ ဒေသန္တရအာဏာပိုင်များ၊ GAD နှင့် ESE ဝန်ထမ်းများကို အင်တာဗျူးခြင်း ထိခိုက်ခံရသူများကို အင်တာဗျူးခြင်း လူမှုစီးပွားစစ်တမ်းရလဒ် နမူနာစစ်တမ်းကောက်ယူခြင်းနှင့် ရလဒ်များကို အခြေခံမျဉ်းအချက်အလက်များနှင့် နှိုင်းယှဉ်ခြင်း ထိခိုက်ခံရသော ရာဘာစိုက်ပျိုးသူများ၊ ထိခိုက်လွယ်သောအုပ်စုများနှင့် သီးခြားရွေးချယ်အုပ်စုလိုက် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း | လျော်ကြေးပေးအပ်ခြင်း ပြီးစီးပြီးနောက် တစ်နှစ်အကြာ |

| အစိတ်အပိုင်း | အညွှန်းကိန်း | နည်းစနစ် | အကြိမ်ရေ |
|---|---|---|---|
| | အရေအတွက်<br>• စကြံန်အတွင်းတွင် ရာသီသီးနှံများ ပြောင်းလဲစိုက်ပျိုး ခဲ့သော ရာဘာစိုက်ပျိုးသူ အရေအတွက်<br>• ထိခိုက်ခံရသော အိမ်ထောင်စုများ၏ ဝင်ငွေ<br>• မျော်လင့်မထားသောကိစ္စရပ်များကို အမျိုးအစားအလိုက်ဖော်ပြချက် | | |

၉၆။ ဖြေရှင်းဖွယ်ရှိနေသောကိစ္စရပ်များ၊ အထူးအထောက်အပံ့ပေးအပ်ရန် လိုအပ်သောအုပ်စုများ၏ အဆင့်အတန်း၊ ထိခိုက်သောအိမ်ထောင်စုများ၏ ဝင်ငွေအဆင့်အတန်း သတ်မှတ်ရန်အတွက် လျော်ကြေးပေးပြီးသည့် နောက်ပိုင်းအပါအဝင် စောင့်ကြည့်ခြင်းကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။ ထိခိုက်သောအိမ်ထောင်စုများ အကြားတွင် နမူနာစစ်တမ်းကောက်ယူမှုတစ်ခု ကိုလည်း လုပ်ဆောင်ကောင်းလုပ်ဆောင်မည်ဖြစ်သည်။ ယင်းစစ်တမ်းကောက်ယူမှုတွင် အခြေခံမျဉ်းသတ်မှတ်သည့် စစ်တမ်းတွင်အသုံးပြုခဲ့သည့် မေးခွန်းများကို အသုံးပြုမည်ဖြစ်သည်။ စီမံကိန်းမတိုင်မီနှင့် စီမံကိန်းရောက်ရှိပြီးနောက်တွင် ထိခိုက်ခံရသောအိမ်ထောင်စုများ အထူးသဖြင့် ထိခိုက်လွယ်သောအိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေများ ခြားနားချက်ကို ပြသရန် ၄င်းစစ်တမ်းနှစ်ခုမှ ရလဒ်များကို နှိုင်းယှဉ်မည်ဖြစ်သည်။ စစ်တမ်းရလဒ်နှင့် အချက်အလက် ကောက်ယူသောအခြားနည်းစနစ်များကို အခြေခံကာ ကုစားပေးရန် လုပ်ဆောင်မှုများကို ထိခိုက်ခံရသော သူများနှင့်အတူ ဒီဇိုင်းပုံစံထုတ်ပြီး စီမံကိန်းမရှိခင်ကာလနှင့် နှိုင်းယှဉ်လျှင် ၄င်းတို့၏အခြေအနေ ပိုမိုကောင်းမွန်လာခြင်းမရှိလျှင်သော်မှ မူရင်းအခြေအနေတွင် ရှိနေခြင်း သေချာစေရန် လုပ်ဆောင်မည်ဖြစ်သည်။ လျော်ကြေးကို အပြည့်အဝပေးအပ်ပြီးသည့်အခါတွင် လျော်ကြေးပေးအပ်မှုပြီးစီးခြင်း အစီရင်ခံစာကို ရေးသားမည်ဖြစ်သည်။

# နောက်ဆက်တွဲ ၁

## တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များနှင့် ကျေးရွာများအလိုက် စီမံကိန်းခွဲများကို ဖော်ပြချက်

| စဉ် | အမည် | ဖော်ပြချက် |
|---|---|---|
| ၁.၀ | ဧရာဝတီ | |
| ၁.၁ | ငရုပ်ကောင်း | ငရုပ်ကောင်း ၆၆/၃၃/၁၁ kV ၁၀ MVAဓါတ်အားခွဲရုံတွင် ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံအသစ်တည်ဆောက်ခြင်း။ ၃၃/၁၁ kV သည်သာ ADB ချေးငွေ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ |
| ၁.၂ | လေးမျက်နှာ | ဟသ်ာတ ၆၆ kV ဓါတ်အားခွဲရုံမှ လေးမျက်နှာမြို့နယ်သို့ ၁၅ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် လေးမျက်နှာမြို့နယ်ရှိ ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ် တည်ဆောက်ခြင်း |
| ၁.၃ | ထူးကြီး (အင်္ဂပူ) | ထူးကြီး (အင်္ဂပူ) သို့သွားသည့် ၀.၅ မိုင်ရှည်သော မြန်အောင်-ဟသ်ာတ ၆၆ kV လိုင်း double circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ထူးကြီး (အင်္ဂပူ) ရှိ ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၁.၄ | အင်ပင် (မြန်အောင်) | အင်ပင်ရွာ (မြန်အောင်) သို့သွားသည့် ၀.၁ မိုင်ရှည်သော မြန်အောင်-ဟသ်ာတ ၆၆ kV လိုင်း double circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် အင်ပင်ရွာ (မြန်အောင်) ရှိ ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၁.၅ | ဒေးဒရဲ | ကျိုက်လတ် ၂၃၀ kV ဓါတ်အားခွဲရုံမှ ဒေးဒရဲ သို့သွားသည့် ၁၅ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ဒေးဒရဲမြို့နယ် ရှိ ၆၆/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၁.၆ | ရေလဲ (မအူပင်) | မအူပင် ၃၃/၁၁ kV ဓါတ်အားခွဲရုံမှ ရေလဲကျေးရွာ သို့သွားသည့် ၉ မိုင်ရှည်သော single circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ရေလဲ (မအူပင်) ရှိ ၃၃/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ် နှင့် မအူပင်ဓါတ်အားခွဲရုံရှိ ၃၃ kV ရှိ ပြင်ပသို့သွားသည့် switch bays တည်ဆောက်ခြင်း။ |
| ၁.၇ | ဖျာပုံ ၆၆/၃၃ | ဖျာပုံမြို့နယ်ရှိ ၆၆/၃၃ kV ၁၀ MVA ဓါတ်အားခွဲရုံ အသစ်တည်ဆောက်ခြင်း |
| ၁.၈ | ဘိုကလေး ၆၆/၃၃ | ဘိုကလေးမြို့နယ်တွင် ၆၆/၃၃ kV ၁၀ MVA ဓါတ်အားခွဲရုံ အသစ်တည်ဆောက်ခြင်း |
| ၁.၉ | ဖျာပုံ ၆၆/၁၁ | ကျိုက်လတ် ၂၃၀ kV ပင်မ ဓါတ်အားခွဲရုံမှ ဖျာပုံ သို့သွားသည့် ၁၅ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ဖျာပုံမြို့နယ် ရှိ ၆၆/၁၁ kV ၂၀ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၁.၁၀ | ဘိုကလေး ၆၆/၁၁ | ဖျာပုံ ၆၆/၁၁ kV ဓါတ်အားခွဲရုံမှ ဘိုကလေးမြို့နယ် သို့သွားသည့် ၂၁ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ဘိုကလေးမြို့နယ် ရှိ ၆၆/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၁.၁၁ | ညောင်ပင် (ဇလွန်) | ရေကြည်-ဟသ်ာတလိုင်းမှ ဇလွန်မြို့နယ်သို့သွားသည့် ၁၃.၅ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ညောင်ပင်ဈေး (ဇလွန်) ရှိ ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၁.၁၂ | ဓနုဖြူ | ဇလွန်ဓါတ်အားခွဲရုံမှ ဓနုဖြူသို့သွားသည့် ၁၆ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ဓနုဖြူ ရှိ ၆၆/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၂.၀ | ပဲခူး အရှေ့ပိုင်း | |
| ၂.၁ | ပြွန်တန်ဆာ | လက်ရှိ ညောင်လေးပင်-ဒိုက်ဦး ၃၃ kV လိုင်းမှ ပြွန်တန်ဆာသို့ ၂ မိုင်ရှည်သော double circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ပြွန်တန်ဆာရှိ ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ် တည်ဆောက်ခြင်း |

| စဉ် | အမည် | ဖော်ပြချက် |
|---|---|---|
| ၂.၂ | တောကျွဲအင်း (ကျောက်တံခါး) | ပဲနွယ်ကုန်း-ကညွတ်ကွင်း ၃၃ kV လိုင်းမှ တောကျွဲအင်းသို့ ၅.၁ မိုင်ရှည်သော single circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် တောကျွဲအင်း (ကျောက်တံခါး) တွင် ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း |
| ၂.၃ | ကညွတ်ကွင်း | ကညွတ်ကွင်းရှိ လက်ရှိ ၃၃/၁၁ kV ၅ MVA ဓါတ်အားခွဲရုံကို ၃၃/၁၁ kV ၁၀ MVA သို့ အဆင့်မြင့်တင်ခြင်း |
| ၂.၄ | အုတ်တွင်း | အုတ်တွင်းရှိ လက်ရှိ ၃၃/၁၁ kV ၃ MVA ဓါတ်အားခွဲရုံကို ၃၃/၁၁ kV ၁၀ MVA သို့ အဆင့်မြင့်တင်ခြင်း |
| ၂.၅ | ဆွာ | သာ ဂရ ဓါတ်အားခွဲရုံမှ ဆွာမြို့နယ်သို့ (သုသာန်အနီး) ၃.၉ မိုင်ရှည်သော single circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ်၊ သုသာန်အနီးမှ ဆွာမြို့နယ်ရုံးအထိ ၀.၅၅ မိုင်ရှည်သော double circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ်၊ ဆွာမြို့နယ်ရုံးရှိ ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ် နှင့် သာဂရ ဓါတ်အားခွဲရုံရှိ ပြင်ပသို့ဆက်သွယ်သော ၃၃ kV Switch Bays ၂ စုံ |
| ၂.၆ | ကဝ | ကဝရှိ လက်ရှိ ၃၃/၁၁ kV ၃ MVA ဓါတ်အားခွဲရုံကို ၃၃/၁၁ kV ၁၀ MVA သို့ အဆင့်မြင့်တင်ခြင်း |
| ၃.၀ | ပဲခူးအနောက် | |
| ၃.၁ | သဲကုန်း | သဲကုန်းရှိ လက်ရှိ ၃၃/၁၁ kV ၃ MVA ဓါတ်အားခွဲရုံကို ၃၃/၁၁ kV ၁၀ MVA သို့ အဆင့်မြင့်တင်ခြင်းနှင့် ပြည်-ပေါင်းတည်လိုင်းမှ ၀.၅ မိုင်ရှည်လျားသော double circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေး လိုင်းသစ် တည်ဆောက်ခြင်း။ |
| ၃.၂ | ပုတီးကုန်း | ပုတီးကုန်းရှိ လက်ရှိ ၃၃/၁၁ kV ၁.၂၅x၂ MVA ဓါတ်အားခွဲရုံကို ၃၃/၁၁ kV ၁၀ MVA သို့ အဆင့်မြင့်တင်ခြင်းနှင့် ပြည်-ပေါင်းတည်  ၃၃ kV လိုင်းမှ ၀.၈ မိုင်ရှည်လျားသော double circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေး လိုင်းသစ် တည်ဆောက်ခြင်း။ |
| ၃.၃ | ပေါင်းတည် | ၂၃၀/၆၆ kV ရွှေတောင်ဂက်စ်တာဘိုင်မှ လက်ရှိ ၃၃/၁၁ kV ပေါင်းတည် ဓါတ်အားခွဲရုံအထိ ၃၀ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ပေါင်းတည်ဓါတ်အားခွဲရုံတွင် ၆၆/၃၃ kV ၂၀ MVA ဓါတ်အားခွဲရုံသစ် တည်ဆောက်ခြင်း |
| ၃.၄ | ထိန်တော (မိုးညို) | မိုးညို ၃၃/၁၁ kV ဓါတ်အားခွဲရုံမှ ထိန်တော (မိုးညို) သို့သွားသည့် ၁၅ မိုင်ရှည်သော single circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ထိန်တော (မိုးညို) တွင် ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ် နှင့် မိုးညိုဓါတ်အားခွဲရုံတွင် ၃၃ kV ရှိ switch bays ၂ စုံတည်ဆောက်ခြင်း။ |
| ၃.၅ | အင်းမ | ပေါင်းတည်ဓါတ်အားခွဲရုံမှ အင်းမ သို့သွားသည့် ၁၂ မိုင်ရှည်သော single circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် အင်းမမြို့နယ်တွင် ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ် တည်ဆောက်ခြင်း။ |
| ၃.၆ | မှတ်တိုင် (ပေါင်းတည်) | ပေါင်းတည်ဓါတ်အားခွဲရုံမှ မှတ်တိုင်မြို့နယ်ရုံးသို့ ၈ မိုင်ရှည်သော single circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် မှတ်တိုင် (ပေါင်းတည်) တွင် ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ် တည်ဆောက်ခြင်း။ |
| ၄.၀ | မွန် | |
| ၄.၁ | ဝဲခမီ (သံဖြူဇရပ်) | သံဖြူဇရပ် ၆၆/၃၃ kV ဓါတ်အားခွဲရုံမှ ဝဲခမီကျေးရွာသို့ ၁၉  မိုင်ရှည်သော single circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ဝဲခမီ (သံဖြူဇရပ်) တွင် ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ် တည်ဆောက်ခြင်း။ |
| ၄.၂ | ဘီးလင်း | ၂၃၀ kV သထုံဓါတ်အားခွဲရုံမှ ဘီးလင်းသို့ ၄၀  မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ဘီးလင်းတွင် ၆၆/၃၃ kV ၂၀ MVA ဓါတ်အားခွဲရုံသစ် တည်ဆောက်ခြင်း။ |
| ၄.၃ | မဲလန် (ဘီးလင်း) | ဘီးလင်း ၃၃/၁၁ kV ဓါတ်အားခွဲရုံမှ မဲလန်ကျေးရွာသို့သွားသည့် ၁၂.၅ မိုင်ရှည်သော single circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ်၊ မဲလန် (ဘီးလင်း) တွင် ၃၃/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ် နှင့် ဘီးလင်းမြို့နယ်ရုံး ဓါတ်အားခွဲရုံတွင် ၃၃ kV ရှိ switch bays ၂ စုံတည်ဆောက်ခြင်း။ |

| စဉ် | အမည် | ဖော်ပြချက် |
|---|---|---|
| ၄.၄ | ကျိုက်ထို | ကျိုက်ထို (ဆောင်နိုင်ကြီး) ၃၃/၁၁ kV ဓါတ်အားခွဲရုံမှ ကင်ပွန်းစခန်းသို့သွားသည့် ၆ မိုင်ရှည်သော single circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ကျိုက်ထိုမြို့နယ်တွင် ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ် တည်ဆောက်ခြင်း။ |
| ၄.၅ | ပန်းကုံး (ပေါင်) | လက်ရှိ သထုံ-ပေါင် ၃၃ kV ဓါတ်အားလိုင်းမှ ပန်းကုန်းကျေးရွာသို့သွားသည့် ၀.၁၄ မိုင်ရှည်သော double circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ပန်းကုန်း (ပေါင်) တွင် ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၄.၆ | နန်းတေး (မော်လမြိုင်) | နန်းတေး ၆၆/၁၁ kV ၁၀ MVA လက်ရှိ ဓါတ်အားခွဲရုံကို to ၆၆/၁၁ kV ၂၀ MVA ဓါတ်အားခွဲရုံ နန်းတေး (မော်လမြိုင်) အဖြစ်သို့ အဆင့်မြှင့်တင်ခြင်း |
| ၅.၀ | ကရင် | |
| ၅.၁ | ညောင်ကုန်း (ဘားအံ) | သထုံ-ဝါးဘိုးတော-ကမမောင်း ၆၆ kV ဓါတ်အားလိုင်းမှ ညောင်ကုန်းသို့ ၀.၅ မိုင်ရှည်သော double circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ညောင်ကုန်း (ဘားအံ) တွင် ၆၆/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၅.၂ | ဝါးဘိုးတော (ဘားအံ) | သထုံ-ဝါးဘိုးတော-ကမမောင်း ၆၆ kV ဓါတ်အားလိုင်းမှ ဝါးဘိုးတော (ဘားအံ) သို့ ၀.၅ မိုင်ရှည်သော double circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ဝါးဘိုးတော (ဘားအံ) တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၅.၃ | ပေါင် (ပိုင်ကျုံ) | ပိုင်ကျုံ ၃၃/၁၁ kV ဓါတ်အားခွဲရုံမှ ပေါင်ကျေးရွာသို့ ၁၁ မိုင်ရှည်သော single circuit ၃၃ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ပေါင်ကျေးရွာ (ပိုင်ကျုံ) တွင် ၃၃/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၅.၄ | ဖာပွန် | ကတိုင်တိ ၆၆/၃၃ kV ဓါတ်အားခွဲရုံမှ ဖာပွန်သို့ ၃၄ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ဖာပွန်မြို့နယ်တွင် ၃၃/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၅.၅ | အိန္ဒူ (ဘားအံ) | ဘားအံ (ဘုရားကုန်းဓါတ်အားခွဲရုံ)မှ အိန္ဒူသို့ ၁၂ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ်၊ အိန္ဒူ (ဘားအံ) တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ် နှင့် ဘုရားကုန်းဓါတ်အားခွဲရုံတွင် ပြင်ပထွက် ၆၆ kV ရှိ switch bays ၁ စုံတည်ဆောက်ခြင်း။ |
| ၅.၆ | ကျုံဖယ် (ဇာသပြင်) | မော်လမြိုင်-ဘုရားကုန်း ၆၆ kV ဓါတ်အားလိုင်းမှ ဇာသပြင်သို့ ၀.၃ မိုင်ရှည်သော double circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ဇာသပြင်တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၅.၇ | ကြာအင်းဆိပ်ကြီး | မုဒုံဓါတ်အားခွဲရုံမှ ကြာအင်းဆိပ်ကြီးသို့ ၄၁ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ကြာအင်းဆိပ်ကြီးတွင် ၆၆/၁၁ kV ၁၀ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၅.၈ | ကမမောင်း | သထုံ GT စက်ရုံမှ ဝါးဘိုးတော်-ကမမောင်း ၆၆ kV လိုင်းသို့ ၃၅ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ကမမောင်းတွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၅.၉ | ကတိုင်တိ (ကမမောင်း) | ကမမောင်းမှ ကတိုင်တိသို့ ၂၃ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ကတိုင်တိ (ကမမောင်း)တွင် ၆၆/၃၃ kV ၁၀ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၆.၀ | ရခိုင် | |
| ၆.၁ | ကျိန်တလီ (ဂွ) | သံတွဲမှ ကျိန်တလီသို့ ၄၂.၈ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ကျိန်တလီ (ဂွ) တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၆.၂ | အပေါက်ဝ (ကျောက်တော်) | ပုဏ္ဏားကျွန်း-ကျောက်တော် ၆၆ kV လိုင်းမှ အပေါက်ဝကျေးရွာသို့ ၀.၅ မိုင်ရှည်သော double circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ်၊ အပေါက်ဝ (ကျောက်တော်) တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ် နှင့် ပုဏ္ဏားကျွန်း ဓါတ်အားခွဲရုံတွင် ပြင်ပထွက် ၆၆ kV ရှိ switch bays ၁ စုံ တည်ဆောက်ခြင်း။ |
| ၆.၃ | အပေါက်ဝ (ကျောက်တော်) | ပုဏ္ဏားကျွန်း-ကျောက်တော် ၆၆ kV လိုင်းမှ အပေါက်ဝကျေးရွာသို့ ၀.၅ မိုင်ရှည်သော double circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ်၊ အပေါက်ဝ (ကျောက်တော်) တွင် ၆၆/၁၁ kV ၅ MVA |

| စဉ် | အမည် | ဖော်ပြချက် |
|---|---|---|
| | | ဓါတ်အားခွဲရုံသစ် နှင့် ပုဏ္ဏားကျွန်း ဓါတ်အားခွဲရုံတွင် ပြင်ပထွက် ၆၆ kV ရှိ switch bays ၁ စုံ တည်ဆောက်ခြင်း။ |
| ၆.၄ | ရွှေလှေ (သံတွဲ) | တောင်ကုတ်-သံတွဲ ၆၆ kV လိုင်းမှ ရွှေလှေကျေးရွာသို့ ၁.၂ မိုင်ရှည်သော double circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ရွှေလှေ (သံတွဲ)တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၆.၅ | ယိုးတရုပ် (ပုဏ္ဏားကျွန်း) | ပုဏ္ဏားကျွန်း-ကျောက်တော် ၆၆ kV လိုင်းမှ ယိုးတရုပ်ကျေးရွာသို့ ၀.၇ မိုင်ရှည်သော double circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ် နှင့် ယိုးတရုပ် (ပုဏ္ဏားကျွန်း)တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ်တည်ဆောက်ခြင်း။ |
| ၆.၆ | ကျောက်နီမော် (ရမ်းဗြဲ) | ရမ်းဗြဲ ၆၆ kV ဓါတ်အားခွဲရုံမှ ကျောက်နီမော်ကျေးရွာသို့ ၂၅.၂ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ်၊ ကျောက်နီမော် (ရမ်းဗြဲ) တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ် နှင့် ရမ်းဗြဲ ဓါတ်အားခွဲရုံတွင် ပြင်ပထွက် ၆၆ kV ရှိ switch bays ၁ စုံ တည်ဆောက်ခြင်း။ |
| ၆.၇ | အောင်လပြင် (ရမ်းဗြဲ) | ရမ်းဗြဲဓါတ်အားခွဲရုံမှ အောင်လပြင်ကျေးရွာသို့ ၁၃.၂ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ်၊ အောင်လပြင် (ရမ်းဗြဲ) တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ် နှင့် ရမ်းဗြဲ ဓါတ်အားခွဲရုံတွင် ပြင်ပထွက် ၆၆ kV ရှိ switch bays ၁ စုံ တည်ဆောက်ခြင်း။ |
| ၆.၈ | တိမ်ညို (မြောက်ဦး) | မြောက်ဦးဓါတ်အားခွဲရုံမှ တိမ်ညိုကျေးရွာသို့ ၁၂ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ်၊ တိမ်ညို (မြောက်ဦး) တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ် နှင့် မြောက်ဦးဓါတ်အားခွဲရုံတွင် ပြင်ပထွက် ၆၆ kV ရှိ switch bays ၁ စုံ တည်ဆောက်ခြင်း။ |
| ၆.၉ | သပြုချိုင် (သံတွဲ) | ကျောက်ကြီးဓါတ်အားခွဲရုံမှ သပြုချိုင်ကျေးရွာသို့ ၁၀ မိုင်ရှည်သော single circuit ၆၆ kV လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးလိုင်းသစ်၊ သပြုချိုင် (သံတွဲ) တွင် ၆၆/၁၁ kV ၅ MVA ဓါတ်အားခွဲရုံသစ် နှင့် ကျောက်ကြီး ဓါတ်အားခွဲရုံတွင် ပြင်ပထွက် ၆၆ kV ရှိ switch bays ၁ စုံ တည်ဆောက်ခြင်း။ |
| | | |

# နောက်ဆက်တွဲ ၂

## ဓါတ်အားရုံခွဲများ၏တည်နေရာ၊ လိုအပ်သောနေရာအကျယ်အဝန်း၊ ပိုင်ဆိုင်မှုနှင့် အသုံးပြုပုံ

| စဉ် | ဓါတ်အားခွဲရုံသစ်များ၏ တည်နေရာ | ဓါတ်အားခွဲရုံများ အတွက်လိုအပ်သော ဧရိယာ (ဧက) | ပိုင်ဆိုင်သူ | အသုံးပြုမှု |
|---|---|---|---|---|
| **က။ ရောဝတီ** | | | | |
| ၁ | **မြို့နယ်** - ငပုတော် **ကျေးရွာ** - ရှေပ်ကောင်းတောင် | ၁ | ESE | မြေလပ် |
| ၂ | **မြို့နယ်**- လေးမျက်နှာ **ကျေးရွာ**- စစ်ကုန်း | ၂ | ပုဂ္ဂလိကပိုင်ရှင် ၃ ဦး | စပါးစိုက်ခင်း |
| ၃ | **မြို့နယ်**- အင်္ဂပူ **ကျေးရွာ**- ညောင်ကုန်း | ၂ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | စပါးစိုက်ခင်း |
| ၄ | **မြို့နယ်**- မြန်အောင် **ကျေးရွာ**- အင်ပင် | ၁ | ESE | လက်ရှိဓါတ်အားခွဲရုံ |
| ၅ | **မြို့နယ်**- ဒေးဒရဲ **ကျေးရွာ**- ချောင်းဖျား | ၂ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | စပါးစိုက်ခင်း |
| ၆ | **မြို့နယ်**- မအူပင် **ကျေးရွာ**- ရေလည်ကလေး နှင့် ရေလွဲ | ၁ | ယခင်ပိုင်ရှင် (ဝတီပိုင် ကုမ္ပဏီ လီမိတက်) က ESE သို့ လှူဒါန်းပြီး | ခြုံနွယ်သဘာဝပေါက်ပင် |
| ၇ | **မြို့နယ်**- ဖျာပုံ **ကျေးရွာ**- ကျုံကူး | ၂ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦးနှင့် သီးစားလုပ်ကိုင်သူ | စပါးစိုက်ခင်း |
| ၈ | **မြို့နယ်**- ဘိုကလေး **ကျေးရွာ**- ကုလားကြီးချောင်း | ၂.၃၈ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | စပါးစိုက်ခင်း |
| ၉ | **မြို့နယ်**- ဖျာပုံ **ကျေးရွာ**- ဖျာပုံတမံ | အမှတ်စဉ် ၇ နှင့် အလားတူ | | |
| ၁၀ | **မြို့နယ်**- ဘိုကလေး **ကျေးရွာ**- ကုလားကြီးချောင်း | အမှတ်စဉ် ၈ နှင့် အလားတူ | | |
| ၁၁ | **မြို့နယ်**- ဇလွန် **ကျေးရွာ**- ညောင်ပင်စျေး | ၂ | မြို့နယ်စည်ပင်သာယာရေးကော်မတီက ESE သို့လှူဒါန်းထားပြီး၊ သို့သော် ပိုင်ရှင်မဟုတ်သော ထွန်ရက်စိုက်ပျိုးလုပ်ကိုင်နေသူရှိသည်။ | စပါးစိုက်ခင်း |
| ၁၂ | **မြို့နယ်**- ဓနုဖြူ **ရပ်ကွက်** - ၁၇ ရပ်ကွက်/၁ လမ်း | ၁.၅၂ | အစိုးရ (ပြည်နယ်အစိုးရ) | ခြုံနွယ်သဘာဝပေါက်ပင် |

| စဉ် | ဓါတ်အားခွဲရုံသစ်များ၏ တည်နေရာ | ဓါတ်အားခွဲရုံများ အတွက်လိုအပ်သော ဧရိယာ (ဧက) | ပိုင်ဆိုင်သူ | အသုံးပြုမှု |
|---|---|---|---|---|
| ခ။ ပဲခူးအရှေ့ | | | | |
| ၁၃ | **မြို့နယ်-** ပြွန်တန်ဆာ<br>**ရပ်ကွက် -** မြို့မ ၁ လမ်းမင်းတဲ<br><br>(ရန်ကုန်-မန္တလေး လမ်းမဘေး) | ၀.၉ | ESE | ခြံနွယ်သဘာ၀ပေါက်ပင် |
| ၁၄ | **မြို့နယ်-** တောင်ငူ<br>**ကျေးရွာ-** ကျောက်တံခါး<br>(ရန်ကုန်-မန္တလေး လမ်းမဘေး) | ၀.၉၂ | ESE | ခြံနွယ်သဘာ၀ပေါက်ပင် |
| ၁၅ | **မြို့နယ်-** ကညွတ်ကွင်း<br>**ကျေးရွာ-**<br><br>(ရန်ကုန်-မန္တလေး လမ်းမဘေး) | ၂.၀၇ | ESE သို့သော် ပိုင်ရှင်မဟုတ်သော ထွန်ရက်စိုက်ပျိုး လုပ်ကိုင်နေသူရှိသည်။ | စပါးစိုက်ခင်း |
| ၁၆ | **မြို့နယ်-** အုတ်တွင်း<br>**ရပ်ကွက် -**<br>ဂေါက်ကွင်းလမ်း၊ ကြက်သွန်ခင်း (၂) | ၀.၇၉ | လက်ရှိတွင် ESE က မြေယာကို သိမ်းဆည်းရယူနေသည်။ | စပါးစိုက်ခင်း |
| ၁၇ | **မြို့နယ်-** ဆွာ<br>**ကျေးရွာအုပ်စု -** ဆွာစက်ရုံ<br><br>(ရန်ကုန်-မန္တလေး လမ်းမဘေး) | ၀.၅၄ | ESE | သစ်မာပင်များ |
| ၁၈ | **မြို့နယ်-** ကဝ<br>**ရပ်ကွက် -** ကဝရွာသစ် | ၂.၅ | ESE | လက်ရှိဓါတ်အားခွဲရုံ |
| ဂ။ ပဲခူးအနောက် | | | | |
| ၁၉ | **မြို့နယ်-** မှတ်တိုင်<br>**ကျေးရွာ-** ပေါင်းတည် | ၃.၅ | ESE | ခြံနွယ်သဘာ၀ပေါက်ပင် |
| ၂၀ | **မြို့နယ်-** မိုးညို<br>**လမ်း -** ဗိုလ်တေဇ (လက်ရှိ ဓါတ်အားခွဲရုံ<br>**ရပ်ကွက် -** တနင်္လာရပ်ကွက်၊ ထိန်တောအုပ်စု | ၀.၇၇ | ESE | လက်ရှိဓါတ်အားခွဲရုံ |

| စဉ် | ဓါတ်အားခွဲရုံသစ်များ၏ တည်နေရာ | ဓါတ်အားခွဲရုံများ အတွက်လိုအပ်သော ဧရိယာ (ဧက) | ပိုင်ဆိုင်သူ | အသုံးပြုမှု |
|---|---|---|---|---|
| | (ဓါတ်အားခွဲရုံအသစ်) | | | |
| ၂၁ | **မြို့နယ်**- အင်းမ<br>**လမ်း** - ရန်ကုန်-ပြည်လမ်း | ၁.၂၄ | ESE | ESE ရုံး |
| ၂၂ | **မြို့နယ်**- မှတ်တိုင်<br>**လမ်း** - ပေါင်းတည်-မှတ်တိုင်လမ်း | ၁.၁ | ESE | ESE ရုံး |
| **ဃ။ မွန်ပြည်နယ်** | | | | |
| ၂၃ | **မြို့နယ်**- သံဖြူဇရပ်<br>**ကျေးရွာ**- ဝဲခမီ | ၁ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | ရာဘာစိုက်ခင်းနှင့် အဆောက်အအုံနှင့် ဆိုင် |
| ၂၄ | **မြို့နယ်**- ဘီးလင်း<br>**ကျေးရွာ**- နောင်ဘို သထုံ GT စက်ရုံ | ၂ | စက်မှုဝန်ကြီးဌာန | ခြုံနွယ်သဘာဝပေါက်ပင် |
| ၂၅ | **မြို့နယ်**- ဘီးလင်း<br>**ကျေးရွာ**- မဲလံ | ၂ | စက်မှုဝန်ကြီးဌာန | ခြုံနွယ်သဘာဝပေါက်ပင် |
| ၂၆ | **မြို့နယ်**- ကျိုက်ထို<br>**ကျေးရွာ**- တောင်သူစု | ၁ | ESE | လက်ရှိဓါတ်အားခွဲရုံ |
| ၂၇ | **မြို့နယ်**- ပေါင်<br>**ကျေးရွာ**- ပန်းကုန်း | ၁.၄ | ESE | ခြုံနွယ်သဘာဝပေါက်ပင် |
| ၂၈ | **မြို့နယ်**- မော်လမြိုင်<br>**ရပ်ကွက်**- ငန်းတေး<br>**လမ်း** - ကျိုက်မရော | ၁.၂၄ | MOEE | လက်ရှိဓါတ်အားခွဲရုံ |
| **င။ ကရင်ပြည်နယ်** | | | | |
| ၂၉ | **မြို့နယ်**- ဘားအံ<br>**ကျေးရွာ**- ညောင်ကုန်း | ၁ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | သစ်မာပင်များ |
| ၃၀ | **မြို့နယ်**- ကမမောင်း<br>**ရပ်ကွက်**- ရပ်ကွက် ၃၊ ဖျာပုံ-ကမမောင်းလမ်း | ၁ | အစိုးရ (ပြည်နယ်အစိုးရ) | ကျွန်းပင်များ |
| ၃၁ | **မြို့နယ်**- ပိုင်ကျုံ<br>**ကျေးရွာ**- ပေါင် | ၁ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | ခြုံနွယ်သဘာဝပေါက်ပင် |
| ၃၂ | **မြို့နယ်**- ဖာပွန်<br>**ကျေးရွာ** - ဝေ့ဆန်ကျေးရွာ | ၁.၄၅ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | ကျွန်းပင်များ နှင့် ရာဘာပင်များ |
| ၃၃ | **မြို့နယ်**- ဘားအံ<br>**ကျေးရွာ**- အိန္ဒူ၊ ကျော့ရွာ | ၁.၁ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | ရာဘာပင်များ |

| စဉ် | ဓါတ်အားခွဲရုံသစ်များ၏ တည်နေရာ | ဓါတ်အားခွဲရုံများ အတွက်လိုအပ်သော ဧရိယာ (ဧက) | ပိုင်ဆိုင်သူ | အသုံးပြုမှု |
|---|---|---|---|---|
| ၃၄ | **မြို့နယ်-** ဇာသပြင်<br>**ကျေးရွာ-** ကျုံဖယ်<br><br>ဇာသပြင် -<br>ကျားကလေးလမ်း | ၁ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | ခြံနွယ်သဘာဝပေါက်ပင် |
| ၃၅ | **မြို့နယ်-** ကြာအင်းဆိပ်ကြီး<br>**ရပ်ကွက်-** သုသာန်လမ်း၊<br>အမှတ် ၂၊ အမှတ် ၂<br>စိုက်ပျိုးရေးလမ်းမကြီး | ၁.၅ | အစိုးရမြေ (ပြည်နယ်အစိုးရ) | အစိုးရအဆောက်အအုံ |
| ၃၆ | **မြို့နယ်-** ဘားအံ<br>**ကျေးရွာ-** ဝါးဘိုးတော | နေရာမရွေးချယ်ရသေး | နေရာမရွေးချယ်ရသေး | ခြံနွယ်သဘာဝပေါက်ပင် |
| ၃၇ | **မြို့နယ်-** ကမမောင်း<br>**ကျေးရွာ-** ကတိုင်တိ | ၁.၆ | အစိုးရမြေ (ပြည်နယ်အစိုးရ) | မြေလပ် |
| စ။ ရခိုင်ပြည်နယ် | | | | |
| ၃၈ | **မြို့နယ်-** ဂွ<br>**ကျေးရွာ-** ကျိန်တလီ၊<br>ချောင်း-ဂွ-ရန်ကုန်-သံတွဲ<br>လမ်းမကြီး | ၃.၆၇ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | စပါးစိုက်ခင်း |
| ၃၉ | **မြို့နယ်-** ကျောက်တော်<br>**ကျေးရွာ-** အပေါက်ဝ | ၄ | အစိုးရမြေ (ပြည်နယ်အစိုးရ) | စားကျက်မြေ |
| ၄၀ | **မြို့နယ်-** သံတွဲ<br>**ကျေးရွာ-** ရွှေလှေ | ၁၀ | ကျေးရွာအုပ်စု | မြေလပ် |
| ၄၁ | **မြို့နယ်-** ပုဏ္ဏားကျွန်း<br>**ကျေးရွာ-** ယိုးတရုပ် | ၅ | အစိုးရမြေ (ပြည်နယ်အစိုးရ) | စားကျက်မြေ |
| ၄၂ | **မြို့နယ်-** ရမ်းဗြဲ<br>**ကျေးရွာ-** ကျောက်နီမော် | ၁ | ပုဂ္ဂလိကပိုင်ရှင် ၂ ဦး | စပါးစိုက်ခင်း |
| ၄၃ | **မြို့နယ်-** ရမ်းဗြဲ<br>**ကျေးရွာ-** အောင်လပြင် | ၅.၀၂ | ပုဂ္ဂလိကပိုင်ရှင် ၁ ဦး | သီဟိုဠ်ပင်များ |
| ၄၄ | **မြို့နယ်-** မင်းပြား<br>**ကျေးရွာ-** ကျောက်ခုတ် | ၃.၂ | အစိုးရမြေ (သစ်တောဝန်ကြီးဌာန) | ကြိုးဝိုင်းသစ်တောမြေ |
| ၄၅ | **မြို့နယ်-** မြောက်ဦး<br>**ကျေးရွာ-** တိမ်ညို | ၄ | အစိုးရမြေ (ပြည်နယ်အစိုးရ) | မြေလပ် |
| ၄၆ | **မြို့နယ်-** သံတွဲ<br>**ကျေးရွာ-** သပြုချိုင် | ၅ | ကျေးရွာအုပ်စု | ခြံနွယ်သဘာဝပေါက်ပင် |

| စဉ် | ဓါတ်အားခွဲရုံသစ်များ၏ တည်နေရာ | ဓါတ်အားခွဲရုံများ အတွက်လိုအပ်သော ဧရိယာ (ဧက) | ပိုင်ဆိုင်သူ | အသုံးပြုမှု |
|---|---|---|---|---|
| | (ရေဖြူအိုင်) | | | (ထင်းအတွက် အသုံးပြု) |

# နောက်ဆက်တွဲ ၃

## အိမ်ထောင်စုများအတွက် မေးခွန်းများ

အင်တာဗျူးပြုလုပ်သူ၏ အမည်- ______________________ အင်တာဗျူးပြုလုပ်သည့်ရက်စွဲ- ___/____/2017

**က။ စစ်တမ်းဖြေကြားသူ**

| | | |
|---|---|---|
| ၁။ အမည် | : | |
| ၂။ အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံ | : | |
| ၃။ အသက် (နှစ်) | : | |
| ၄။ ကျား/မ | : | (က) ကျား (ခ) မ |
| ၅။ လူမျိုးအုပ်စု | : | |
| ၆။ ကိုးကွယ်သည့်ဘာသာ | : | |
| ၇။ ကျေးရွာ | : | |
| ၈။ မြို့နယ် | : | |
| ၉။ ဓါတ်အားခွဲရုံအမည် ဓါတ်အားလိုင်း | : | |
| ၁၀။ ပိုင်ဆိုင်သောမြေဧရိယာ | : | |
| ၁၁။ သိမ်းဆည်းရန်လိုသည့်မြေဧရိယာ | : | |
| ၁၂။ သိမ်းဆည်းမည့်မြေပေါ်ရှိအပင်များ | : | |

**ခ။ လူမှုပထဝီနှင့် အလုပ်အကိုင်ဆိုင်ရာအချက်အလက်**

**ခ(၁)**။ မိသားစုဝင်အရေအတွက်စုစုပေါင်း - _____ ကျား _______ မ _____

၂။ အိမ်ထောင်စုဝင်များ၏ အချက်အလက်များ

| SL | အင်တာဗျူးဖြေကြားသူနှင့် တော်စပ်ပုံ | ကျား/မ | အသက် | ပညာရေး (အသက် ၆ နှစ်နှင့် အထက်) | ပင်မအလုပ်အကိုင် (အသက် ၁၅ နှစ်နှင့် အထက်) |
|---|---|---|---|---|---|
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |
| ၅ | | | | | |

| | | | | | |
|---|---|---|---|---|---|
| ၆ | | | | | |
| ၇ | | | | | |
| ၈ | | | | | |
| ၉ | | | | | |
| ၁၀ | | | | | |
| ၁၁ | | | | | |

**သင်္ကေတပြုရန် ညွှန်ကြားချက် (Coding instruction)**

*ပညာရေး-* ၁. ပညာမတတ် ၂. မူလတန်း ၃. အလယ်တန်း ၄. အထက်တန်း ၅. တက္ကသိုလ်အဆင့် ၆. တက္ကသိုလ်ဘွဲ့ရ ၇. အသက်မွေးဝမ်းကျောင်းပညာ

*အလုပ်အကိုင်-* ၁. စိုက်ပျိုးရေး၊ ၂. စီးပွားရေး၊ ၃. အစိုးရအလုပ်အကိုင် ၄. ပုဂ္ဂလိကအလုပ်အကိုင် ၅. နေ့စားအလုပ် ၆. အိမ်မှုအလုပ် ၇. အလုပ်မရှိ ၈. ကျောင်းသား ၉. အသေးစိတ်ဖော်ပြပါ

**ခ(၃)။** မသန်စွမ်းသောမိသားစုဝင်အရေအတွက်(နားမကြား၊ ဆွံ့အ၊ မျက်မမြင်၊ ကိုယ်လက်မသန်စွမ်း) : ____________

**ဂ။ မြေပိုင်ဆိုင်မှု**

| | |
|---|---|
| ၁.၁။ စိုက်ပျိုးမြေ: _______ ဧက | ၁.၂ ပိုင်ဆိုင်မှုပုံစံ: ________ (LUC, Lease, Free Occupancy) |
| ၂.၁ သစ်သီးခြံ ______ ဧက | ၂.၂ ပိုင်ဆိုင်မှုပုံစံ: ________ (LUC, Lease, Free Occupancy) |
| ၃.၁ ရာဘာခြံ _____ ဧက | ၃.၂ ပိုင်ဆိုင်မှုပုံစံ: ________ (LUC, Lease, Free Occupancy) |
| ၄.၁ လူနေထိုင်ရာ: _______ ဧက | ၄.၂ ပိုင်ဆိုင်မှုပုံစံ: ________ (LUC, Lease, Free Occupancy) |
| ၅.၁ စီးပွားရေး : ______ ဧက | ၅.၂ ပိုင်ဆိုင်မှုပုံစံ: ________ (LUC, Lease, Free Occupancy) |
| ၆.၁ အခြား __________ဧက | ၆.၂ ပိုင်ဆိုင်မှုပုံစံ: ________ (LUC, Lease, Free Occupancy) |
| စုစုပေါင်း - ________ဧက | |

**ဃ။ ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးသော သီးနှံများ**

၁.ရာသီအလိုက်

| | မုတ်သုန်ရာသီ | ခြောက်သွေ့ရာသီ | သီးနှံရောင်းဈေး (လယ်တွင်းပေါက်ဈေး) |
|---|---|---|---|
| ၁.၁ စပါး | စိုက် / မစိုက် | စိုက် / မစိုက် | __________ ကျပ် / _______ |
| ၁.၂ ပဲအမျိုးမျိုး | စိုက် / မစိုက် | စိုက် / မစိုက် | __________ ကျပ် / _______ |
| ၁.၃ မြေပဲ | စိုက် / မစိုက် | စိုက် / မစိုက် | __________ ကျပ် / _______ |
| ၁.၄ နှမ်း | စိုက် / မစိုက် | စိုက် / မစိုက် | __________ ကျပ် / _______ |
| ၁.၅ နေကြာ | စိုက် / မစိုက် | စိုက် / မစိုက် | __________ ကျပ် / _______ |

၁.၆ အခြား (ဖော်ပြပါ) ______________________________

| ၂ သစ်ပင်သီးနှံ - | အပင်အရေအတွက် | ထွက်ကုန်ရောင်းဈေး (စိုက်ခင်းရောင်းဈေး) |
|---|---|---|
| ၁.၁ သစ်သီးပင်- | ______ | _________ကျပ်/_____ |
| ၂.၂ ရာဘာပင်များ- | ______ | _________ကျပ်/ပေါင် |

**င။ ရေနှင့်မိလ္လာ**

**င(၁)။** သောက်ရေ အရင်းအမြစ် - ပိုက်ရေ/အဝီစိတွင်း/ရေတွင်း/စမ်းချောင်း/ရေအိုင် သို့မဟုတ် မြစ် သို့မဟုတ် ဆည်ရေသွင်းမြောင်း

င(၂)။ အိမ်သာ - ရေလောင်း သို့မဟုတ် ရေလုံ/ကျင်းအိမ်သာ/ပုံးအိမ်သာ/အခြား/မရှိ

**စ။ ၂၀၁၆ ခုနှစ် အသားတင်ဝင်ငွေ**

စိုက်ပျိုးရေး - ____________________ ကျပ်

စီးပွားရေး - ___________________ကျပ်

နေ့စား နှင့် လခစား - ___________ကျပ်

လွှဲငွေ - ___________ ကျပ်

တိရစ္ဆာန်ရောင်းချမှု - __________ ကျပ်

အခြား (ပိုင်ဆိုင်မှုများကို ငှားရမ်းခြင်း၊ သစ်တောထွက်ပစ္စည်းရောင်းချခြင်း၊ လက်ဆောင်ရရှိခြင်း) - ________ ကျပ်

စုစုပေါင်း ______________________ ကျပ်

**ဆ။ ၂၀၁၆ ခုနှစ် နှစ်စဉ် အိမ်ထောင်စုအသုံးစရိတ်**

အစားအစာ _____________________ ကျပ်

ပညာရေး ________________ ကျပ်

ကျန်းမာရေးစောင့်ရှောက်မှု _____________ ကျပ်

အိုးအိမ် ________________ ကျပ်

အဝတ်အစား၊ ဖိနပ် နှင့်အခြားတစ်ကိုယ်ရည်အသုံး _________________ ကျပ်

ဖျော်ဖြေရေးနှင့် ပွဲလမ်းဆင်နွှဲမှုများ____________________ ကျပ်

အခြား _________________________ ကျပ်

စုစုပေါင်း _________________ (ထောင်ပေါင်း) ကျပ်

**ဇ။ ဓါတ်အားဖြန့်ဖြူးရေးလိုင်းစီမံကိန်းအကြောင်းသိရှိမှု** (မှန်ကန်သောအဖြေကို ဝိုင်းပါ)

- သိရှိပါသည် / မသိရှိပါ

**ဈ။ ဤဓါတ်အားဖြန့်ဖြူးရေးလိုင်းစီမံကိန်းကြောင့် သင့်ရပ်ရွာအပေါ် ရရှိနိုင်သည့် ကောင်းကျိုးသက်ရောက်မှုများ** _________________

**ည။ ဤဓါတ်အားဖြန့်ဖြူးရေးလိုင်းစီမံကိန်းကြောင့် သင့်ရပ်ရွာအပေါ် ရရှိနိုင်သည့် ဆိုးကျိုးသက်ရောက်မှုများ** _______________

# နောက်ဆက်တွဲ ၄

# အများပြည်သူအတွက် သတင်းအချက်များပါဝင်သည့် စာအုပ်ငယ် (PIB)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## လျှပ်စစ်ဓါတ်အားကွန်ရက်ဖွံ့ဖြိုးမှုစီမံကိန်း
## ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်း

**၁။ လျှပ်စစ်ဓါတ်အားကွန်ရက်ဖွံ့ဖြိုးမှုစီမံကိန်း - ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်း ဆိုသည်မှာ အဘယ်နည်း ?**

ဤစီမံကိန်းသည် မြန်မာနိုင်ငံတွင် ဒေသများစွာသို့ လျှပ်စစ်ဓါတ်အားပေးနိုင်စေရန်နှင့် လျှပ်စစ်ဓါတ်အားအပေါ်တွင် ယုံကြည်ကိုးစားနိုင်မှု ပိုမိုကောင်းမွန်လာစေရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (MOEE) ၏ ကြိုးပမ်းအားထုတ်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယင်းသို့ဖြစ်လာစေရန် MOEE သည် ဓါတ်အား ပို့လွှတ်သည့်လိုင်းများ နှင့် ဓါတ်အားဖြန့်ဖြူးရေးလိုင်းများကို တိုးချဲ့တည်ဆောက်မည်ဖြစ်သည်။ စီမံကိန်းတွင် အစိတ်အပိုင်းနှစ်ခုပါဝင်သည် - ဓါတ်အားပို့လွှတ်ခြင်း နှင့် ဓါတ်အားဖြန့်ဖြူးခြင်းတို့ဖြစ်သည်။ ဓါတ်အားပို့လွှတ်သည့် လိုင်းများသည် လျှပ်စစ်ဓါတ်အားပမာဏများစွာကို ခရီးရှည်သယ်ဆောင်ကာ ဓါတ်အားခွဲရုံများသို့ ပို့ပေးသည်။ ဓါတ်အားဖြန့်ဖြူးရေးလိုင်းများသည် လျှပ်စစ်ဓါတ်အားကို အိမ်များ၊ စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြားအသုံးပြုသူများထံသို့ တိုက်ရိုက်ဆက်သွယ်ပေးသည်။

ဤစီမံကိန်း၏ ဓါတ်အားဖြန့်ဖြူးရေးအစိတ်အပိုင်းတွင် အောက်ပါတို့ ပါဝင်သည်။ (၁) လက်ရှိ ဓါတ်အားခွဲရုံ ၆ ရုံကို အဆင့်မြှင့်တင်ခြင်း (၂) ဓါတ်အားခွဲရုံအသစ် ၄၂ ရုံတည်ဆောက်ခြင်း (၃) စုစုပေါင်းအလျား ၈၄၃.၃ ကီလိုမီတာရှိသည့် ဓါတ်အားဖြန့်ဖြူးရေးလိုင်းသစ်ပေါင်း ၄၀ တည်ဆောက်ခြင်း တို့ဖြစ်သည်။ ဓါတ်အားခွဲရုံများသည် ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခုတွင် ပြန့်နှံ့တည်ရှိသည်။ ဧရာဝတီ၊ ပဲခူး (အရှေ့နှင့်အနောက်)၊ မွန်၊ ကရင် နှင့် ရခိုင်တို့ဖြစ်သည်။ ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏အစိတ်အပိုင်းတစ်ခုအနေဖြင့် ESE အောက်တွင် ဓါတ်အားပို့လွှတ်ရာတွင်အသုံးပြုသည့် စက်ကိရိယာများကို စီမံခန့်ခွဲရန် ကွန်ပြူတာသုံး ပိုင်ဆိုင်မှုစီမံခန့်ခွဲရေးစနစ်တစ်ခု၊ ကွန်ပြူတာသုံး လျှပ်စစ်ဓါတ်အား အသုံးပြုခငွေ ကောက်ခံသည့်စနစ်တစ်ခု တို့ကိုလည်း အကောင်အထည်ဖော်သွားမည်။

**၂။ ဓါတ်အားဖြန့်ဖြူးရေးလိုင်းများ၏ အဓိက အစိတ်အပိုင်းများမှာ အဘယ်တို့နည်း?**

ဓါတ်အားဖြန့်ဖြူးရေးလိုင်းများကို တိုင်များဖြင့် အမြင့်မှသွယ်တန်းမည်ဖြစ်သည်။ ဓါတ်အားလိုင်းများ၏ အလျားနှင့် ယင်းတို့၏ ကီလိုဗို့အရ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် တိုင်အရေအတွက်တို့မှာ အောက်ပါအတိုင်းဖြစ်သည်။ ဧရာဝတီ (၂၆၇၀)၊ ပဲခူးအရှေ့ (၁၇၂)၊ ပဲခူးအနောက် (၁၉၁၁)၊ ကရင်ပြည်နယ် (၁၉၇၆)၊ မွန်ပြည်နယ် (၂၂၀၃)၊ ရခိုင်ပြည်နယ် (၂၆၁၀) တို့ဖြစ်သည်။

သို့သော် လျှပ်စစ်ဓါတ်အားစီးဆင်းမှုကို စီမံခန့်ခွဲရန်အတွက် ဓါတ်အားဖြန့်ဖြူးရေးလိုင်းများတွင် ဓါတ်အားခွဲရုံများလည်း လိုအပ်ပါမည်။ ထို့အတွက်လက်ရှိ ဓါတ်အားခွဲရုံ ၆ ရုံကို အသုံးပြုသည့်အပြင် ဓါတ်အားခွဲရုံအသစ် ၄၂ ရုံကိုထပ်မံတည်ဆောက်ပါမည်။ ဓါတ်အားခွဲရုံအသစ်များကို တိုင်းဒေသကြီး/ပြည်နယ် ၆ ခုတွင်

အောက်ပါအတိုင်းတည်ဆောက်ထားမည်ဖြစ်သည်။ ဧရာဝတီ (၁၂)၊ ပဲခူးအရှေ့(၃)၊ ပဲခူးအနောက် (၄)၊ ကရင်ပြည်နယ် (၉)၊ မွန်ပြည်နယ် (၅)၊ ရခိုင်ပြည်နယ် (၉) တို့ဖြစ်သည်။

**၃။ ဓါတ်အားဖြန့်ဖြူးရေးလိုင်းများကြောင့် လူအများအပေါ်တွင် အဓိကဖြစ်နိုင်သော သက်ရောက်မှုများမှာ အဘယ်တို့နည်း?**

ဓါတ်အားဖြန့်ဖြူးရေးလိုင်းများသည် လုပ်ငန်းလည်ပတ်သည့်အခါတွင် ပိုများသောလူအရေအတွက်ထံသို့ လျှပ်စစ်ဓါတ်အားပို့ပေးနိုင်မည်ဖြစ်သည်။ သို့သော် ယင်းဓါတ်အားလိုင်းများတပ်ဆင်ရန်အတွက် စက်ပစ္စည်းများ၊ ကိရိယာများ၊ လူများ နှင့် ၄င်းတိုင်များ၊ ဓါတ်အားလိုင်းများတပ်ဆင်ရန်လိုအပ်သည့် လုပ်ဆောင်ချက်များအတွက် ဓါတ်အားလိုင်းကြောင်းတစ်လျောက်လုံးတွင် ၁၄ မီတာကျယ်ဝန်းသော စင်္ကြံန်လိုအပ်သည်။ ယင်းအကျယ်အဝန်းကို စင်္ကြံန်ဟုခေါ်သည်။ စင်္ကြံန်အတွင်းရှိ သီးနှံများကို တည်ဆောက်ရေးကာလအတွင်းတွင် ယာယီဖယ်ရှားရန် လိုအပ်ပါသည်။ သို့သော် ဓါတ်တိုင်တစ်တိုင်စိုက်ထူခြင်းနှင့် တိုင်နှစ်တိုင်အကြား ဓါတ်ကြိုးသွယ်တန်းခြင်းတို့ကို တစ်ရက်အတွင်း ဆောင်ရွက်နိုင်သဖြင့် တည်ဆောက်ရေးကာလမှာ အလွန်တိုတောင်းပါမည်။ ပုဂ္ဂလိကပိုင် သီးနှံများအပေါ်ထိခိုက်မှု တတ်နိုင်သမျှအနည်းဆုံးဖြစ်စေရန်အတွက် ဓါတ်အားဖြန့်ဖြူးရေးလိုင်းများကို လမ်းတည်ရှိရာ လမ်းကြောင်းအတိုင်းသာ ဖြစ်နိုင်သမျှတည်ဆောက်မည်ဖြစ်ပါသည်။ ထို့အပြင် ဓါတ်တိုင်စိုက်ထူခြင်းနှင့် ဓါတ်ကြိုးသွယ်တန်းခြင်းများကိုလည်း သီးနှံအများစု စိုက်ပျိုးမှုရပ်နားချိန်ဖြစ်သည့် ခြောက်သွေ့ရာသီတွင် လုပ်ဆောင်မည်ဖြစ်သည်။

ရှောင်ရှားလုပ်ဆောင်မည်ဖြစ်သောကြောင့် အဆောက်အအုံထိခိုက်မှုရှိမည်မဟုတ်ပါ။ သို့သော် စင်္ကြံန်အတွင်းရှိ သစ်ပင်များကို အပြီးအပိုင်ဖယ်ရှားရမည်ဖြစ်သည်။ ၅.၅ မီတာထက်ပိုမိုမြင့်မားသောအရာမှန်သမျှသည် ဓါတ်အားလိုင်းများကို ထိမိမည်ကာ လျှပ်စစ်ဓါတ်အားစီးဆင်းမှုကို အနှောင့်အယှက်ပြုမည်ဖြစ်သည်။ သို့ကြောင့် ဒေါင်လိုက် အမြင့် ၅.၅ မီတာထက်ပိုသော မည်သည့်အရာမဆို စင်္ကြံန်အတွင်းတွင် ထားရှိ စိုက်ပျိုးခြင်း မပြုရပေ။

ဓါတ်အားခွဲရုံအသစ်များဆောက်လုပ်ရာတွင် ၂၅ ရုံသည် အစိုးရပိုင်မြေကို အသုံးပြုမည်ဖြစ်ကာ ကျန် ၁၆ ရုံအတွက် ပုဂ္ဂလိကမြေများကို ရယူရန်လိုအပ်သည်။ ဓါတ်အားခွဲရုံ ၁ ရုံအတွက်နေရာကို မရွေးချယ်ရသေးပေ။ ဓါတ်အားခွဲရုံများအတွက် ပုဂ္ဂလိကမြေ စုစုပေါင်း ၁၀.၇ ဟက်တာ ရယူရန်လိုအပ်သည်ဟု ခန့်မှန်းထားသည်။

**၄။ ကျွန်ုပ်တို့၏ သီးနှံများနှင့် သစ်ပင်များ ထိခိုက်မည် မထိခိုက်မည်ကို မည်သည့်အချိန်တွင် သိနိုင်မည်နည်း ?**

တိုင်များအတွက် နေရာအတိအကျနှင့် စင်္ကြံန်အတွက် အမှတ်အသားများ မြေပြင်ပေါ်တွင် သတ်မှတ်ပြီးနောက်တွင်သာ ဓါတ်အားဖြန့်ဖြူးရေးလိုင်းများကြောင့် မည်သည့်သီးနှံများ ထိခိုက်မည်ကို သိရှိနိုင်မည်ဖြစ်သည်။ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်ဒီဇိုင်းပုံစံများ အဆင်သင့်ဖြစ်မှသာ ယင်းလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဖြစ်သည်။ နယ်နိမိတ်အတွင်းကျရောက်သည့် သီးနှံများကို အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူမှု (DMS) လုပ်ဆောင်မှုမှတဆင့် မှတ်တမ်းသွင်းမည်ဖြစ်သည်။ အကယ်၍ သင်၏ သီးနှံများသည် အမှတ်အသားပြုထားသော စင်္ကြံန်အတွင်းကျရောက်ပါက သင့်အနေဖြင့် ဆုံးရှုံးနိုင်ဖွယ်များကို အကြောင်းကြားကာ သင်နှင့်တိုင်ပင်ဆွေးနွေးမှုပြုမည်ဖြစ်သည်။ DMS ပြုလုပ်မည့်ရက်ကို သင့်အား အကြောင်းကြားမည်ဖြစ်ကာ DMS မတိုင်မီ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများ၊ DMS ဆောင်ရွက်မှုများတို့တွင် သင့်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် မေတ္တာရပ်ခံမည်ဖြစ်သည်။ ဓါတ်အားခွဲရုံများအတွက် သတ်မှတ်ထားသော ပုဂ္ဂလိကမြေများအတွက်လည်း DMS ကို ဆောင်ရွက်မည်ဖြစ်သည်။

**၅။ အကယ်၍ မိမိတို့၏ သီးနှံများနှင့်ဈေးဆိုင်များ ထိခိုက်ခဲ့ပါက ပိုင်ရှင်များအနေဖြင့် အစိုးရထံမှ မည်သည်ကို မျှော်လင့်နိုင်မည်နည်း ?**

အကယ်၍ ရာသီအလိုက် သို့မဟုတ် ကာလတို သီးနှံများကို ထိခိုက်ခဲ့ပါက အစိုးရသည် ဈေးကွက်ပေါက်ဈေးဖြင့် တစ်ရာသီစာ ရိတ်သိမ်းနိုင်မည့် သီးနှံများနှင့် ညီမျှသော လျော်ကြေးကို ပိုင်ရှင်သို့ပေးမည်ဖြစ်သည်။ တည်ဆောက်ရေးကာလသည် ရာသီအလိုက်သီးနှံများစိုက်ပျိုးသော ရာသီတစ်ရာသီထက်တိုတောင်းမည်ဖြစ်သည်။ အကယ်၍ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေး၏ တန်ဖိုးဖြတ်မှုကို သီးနှံပိုင်ရှင်သည် မကျေနပ်ပါက ပိုမိုမြင့်မားသောဈေးနှုန်းကို ညှိနှိုင်းခွင့်ရှိသည်။

ရာဘာပင်များကို ပေးလျော်ရာတွင် သစ်ပင်များ၏ သက်တမ်းအလိုက်ပေးလျော်မည်ဖြစ်သည်။ အပင်များကို အုပ်စုသုံးစုအဖြစ်ခွဲခြားထားသည် (၁) ၁ နှစ်မှ ၃ နှစ် သက်တမ်း (၂) ၃ နှစ် မှ ၅ နှစ် သက်တမ်း (၃) ၅နှစ် သက်တမ်း အထက်တို့ဖြစ်သည်။ ရာဘာပင်များသည် အသက် ၅ နှစ်ပြည့်မှသာ ထုတ်လုပ်မှုစတင်နိုင်သဖြင့် ၅ နှစ် သက်တမ်း အထက်ရှိအပင်များကို ထုတ်လုပ်မှုစွမ်းအားရှိသည်ဟု သတ်မှတ်ကာ အပင်မှ ၅ နှစ်တာ ထွက်ရှိမည့် ပမာဏနှင့် ညီမျှသော အတိုင်းအတာဖြင့် ပေးလျော်မည်ဖြစ်သည်။ ၅ နှစ်သက်တမ်းအောက်ရှိ ရာဘာပင်များအတွက် သစ်သားတန်ဖိုးသတ်မှတ်ကာ ယင်းအပေါ်တွင် အခြေခံပေးလျော်မည်ဖြစ်သည်။

**၆။ ထိခိုက်နိုင်သော သီးနှံများ၊ အပင်များအတွက် ဈေးကွက်ပေါက်ဈေးသတ်မှတ်ခြင်း၊ ပိုင်ရှင်များနှင့် ညှိနှိုင်းခြင်း၊ လျော်ကြေးပေးအပ်ခြင်း လုပ်ငန်းစဉ်များကို အစိုးရတွင်းမှ မည်သူက စီမံခန့်ခွဲမည်နည်း ?**

ဓါတ်အားခွဲရုံများအတွက် လျော်ကြေးလုပ်ငန်းစဉ်ကို စီမံခန့်ခွဲရန် တိုင်းဒေသကြီး/ပြည်နယ်ဌာနဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်သော လျော်ကြေးကော်မတီတစ်ခုကို တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့က ဖွဲ့စည်းမည်ဖြစ်သည်။ ၄င်းကော်မတီ၏ ဖွဲ့စည်းပုံသည် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကွဲပြားမှုရှိနိုင်သည်။ ဓါတ်အားဖြန့်ဖြူးရေးလိုင်းများအတွက်တွင်မူ ထိခိုက်မှုသည် များပြားမှုမရှိသည့်အတွက် ကော်မတီက သတ်မှတ်သည့် ဈေးကွက်ပေါက်ဈေးအပေါ်တွင်အခြေခံထားသည့် လျော်ကြေးနှုန်းထားကို ထိခိုက်သော သီးနှံများနှင့် အပင်များအတွက် အသုံးပြုမည်ဖြစ်သည်။ သို့သော် ယင်းတို့ကို တည်ဆောက်ရေးဆိုင်ရာ ထိခိုက်မှုများအဖြစ် ကန်ထရိုက်တာက လျော်ကြေးပေးရမည်ဖြစ်သည်။

**၇။ ဓါတ်တိုင်အုတ်မြစ်အတွက် နေရာယူသည့်မြေအတွက် အစိုးရက ပေးလျော်မည်လား?**

အခြေခံဥပဒေအပါအဝင် မြန်မာနိုင်ငံ၏ဥပဒေအရ နိုင်ငံတော်အစိုးသည် နိုင်ငံတွင်းရှိမြေအားလုံး၏ ပိုင်ရှင်ဖြစ်သဖြင့် အစိုးရသည် မြေအတွက်ပေးလျော်ရန်မလိုအပ်ပါ။ အစိုးရသည် ပုဂ္ဂလိကမြေအသုံးပြုနေသူများအား မြေယာအသုံးပြုခွင့် ကိုသာပေးထားခြင်းဖြစ်ပြီး မြေပိုင်ဆိုင်မှုကို ပေးအပ်ထားခြင်းမရှိပါ။ ဓါတ်တိုင်တစ်တိုင်သည် ၀.၀၂ စတုရန်းမီတာသော နေရာယူမည်ဖြစ်ကာ ယင်းဇရိယာမြေအသုံးပြုခွင့်အတွက် လျော်ကြေးပေးမည်မဟုတ်ပါ။

**၈။ သီးနှံလျော်ကြေးရရှိရန် မြေယာအသုံးပြုလက်မှတ် (LUC) လိုအပ်ပါသလား?**

မလိုအပ်ပါ။ သင်၏ သီးနှံများအတွက် လျော်ကြေးရရှိရန် LUC မလိုအပ်ပါ။ သို့သော် သင်သည် သီးနှံများ၏ ပိုင်ရှင်ဖြစ်ကြောင်းအထောက်အထားတင်ပြနိုင်ရန်နှင့် သင်သီးနှံပိုင်ရှင်ဖြစ်ကြောင်းကို ဒေသအာဏာပိုင်များက အသိအမှတ်ပြုရန် လိုအပ်ပါသည်။

**၉။ သီးနှံများအတွက် ပြန်လည်အစားထိုးနိုင်သည့် တန်ဖိုးကို မည်သို့ သတ်မှတ်ပါသလဲ ?**

လျော်ကြေးသည် ဈေးကွက်ပေါက်ဈေးအတိုင်းဖြစ်ကြောင်းသေချာစေရန် ဒေသန္တရအာဏာပိုင်အဖွဲ့သည် သီးနှံစိုက်ပျိုးသူများ၊ သီးနှံဝယ်ယူသူများနှင့် တိုင်ပင်ဆွေးနွေးမည်ဖြစ်သည်။

**၁၀။ ကျွန်ုပ်တို့ ရပ်ရွာအတွင်းရှိ မည်သူမဆို လျော်ကြေးတောင်းဆိုခွင့် ရှိပါသလား ?**

မရှိပါ။ DMS အပြီးသတ်ဆောင်ရွက်စဉ်အတွင်းတွင် စစ်တမ်းကောက်ယူခဲ့သော သီးနှံပိုင်ရှင်များသာလျှင် လျော်ကြေးတောင်းဆိုခွင့် ရှိပါသည်။ လျော်ကြေးခံစားခွင့်ကို ဆုံးဖြတ်ရန်အတွက် နောက်ဆုံးသတ်မှတ်ရက်မှာ DMS စတင်လုပ်ဆောင်သည့် ရက်ဖြစ်ပါသည်။ နောက်ဆုံးသတ်မှတ်ရက်လွန်မှ စစ်တမ်းကောက်ယူထားသော မြေများပေါ်တွင် သီးနှံများစိုက်ပျိုးထားသောသူများသည် လျော်ကြေးခံစားခွင့် ရှိမည်မဟုတ်ပါ။

**၁၁။ အကယ်၍ ကျွန်ုပ်၏မြေသည် ထိခိုက်ခံရကြောင်း DMS ကသတ်မှတ်ခဲ့လျှင် မြေပေါ်မှ ချက်ချင်းဖယ်ရှားရှင်းလင်းပေးရန် လိုအပ်ပါသလား ?**

မလိုအပ်ပါ။ လျော်ကြေးပေးအပ်မှုမပြီးမချင်း သီးနှံများကို စိုက်ပျိုးနိုင်ပါသည်။ လျော်ကြေးအပြည့်အဝပေးအပ်မှု မပြီးစီးမချင်း မည်သည့် သီးနှံများကိုမျှ ဖယ်ရှားရန်မလိုပါ။ အကယ်၍ သီးနှံများအတွက် လျော်ကြေးပေးပြီးလျှင်ပင် တည်ဆောက်ရေးကန်ထရိုက်တာများ၏ လိုအပ်ချက်အပေါ် မူတည်၍ တည်ဆောက်ရေးလုပ်ငန်းများ မဆောင်ရွက်မချင်း သီးနှံများကို ထားရှိနိုင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ စီမံကိန်းသည် သင့်တော်သော

အချိန်အပိုင်းအခြားတစ်ခုကို ခွင့်ပြုပေးမည်ဖြစ်ကာ တည်ဆောက်ရေးလုပ်ငန်းစတင်ရန်အတွက် သင်၏မြေကို ရှင်းလင်းရန် အကယ်၍သင်ကတောင်းဆိုခဲ့လျှင် အကူအညီပေးမည်ဖြစ်သည်။ မည်သည့်အချိန်တွင် တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင်မည်ကို စီမံကိန်းက သင့်အား အကြောင်းကြားမည်ဖြစ်သည်။

**၁၂။ လျော်ကြေးရရန်အတွက် စီမံကိန်းသို့ စီမံခန့်ခွဲမှုစရိတ် သို့မဟုတ် ဝန်ဆောင်မှုအဖိုးအခများ ပေးရန်လိုအပ်ပါသလား?**

မလိုအပ်ပါ။ လျော်ကြေးရရန်အတွက်မည်သည့် ဝန်ဆောင်မှုအဖိုးအခ၊ မည်သည့်ငွေကြေးတစ်စုံတစ်ရာမျှ ပေးအပ်ရန်မလိုအပ်ပါ။ အကယ်၍ အစိုးရမှ ပုဂ္ဂိုလ်တစ်စုံတစ်ဦး၊ စီမံကိန်းဝန်ထမ်း သို့မဟုတ် ကန်ထရိုက်တာဘက်မှ တစ်ဦးဦးက ဝန်ဆောင်မှုအဖိုးအခ၊ ငွေကြေးတစ်စုံတစ်ရာ သင့်ထံမှ တောင်းဆိုခဲ့ပါက ဒေသဆိုင်ရာကော်မတီ၊ စီမံကိန်းစီမံခန့်ခွဲမှုယူနစ် (PMU)၊ ESE သို့မဟုတ် နေပြည်တော်ရှိ ADB ဌာနေရုံးသို့ ကျေးဇူးပြု၍ တိုက်ရိုက်တိုင်ကြားစေလိုပါသည်။

**၁၃။ အကယ်၍ မိမိအနေဖြင့် တန်ဖိုးသတ်မှတ်သည့် နည်းစနစ်ကိုဖြစ်စေ၊ လျော်ကြေးငွေပမာဏကိုဖြစ်စေ၊ စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်းတွင် မိမိအပေါ်တိုက်ရိုက်ထိခိုက်သည့် ဆိုးကျိုးများနှင့် ပတ်သက်၍ဖြစ်စေ မကျေနပ်ပါက တိုင်ကြားခွင့်ရှိပါသလား?**

ရှိပါသည်။ အကယ်၍ သင့်တွင် မေးခွန်းတစ်စုံတစ်ရာရှိခဲ့လျှင် သို့မဟုတ် DMS ရလဒ်များနှင့် စပ်လျဉ်း၍ သဘောထားကွဲလွဲခဲ့လျှင် ယင်းရလဒ်များကို အခြား ACC စစ်တမ်းကောက်ယူရေးအဖွဲ့တစ်ခုက ပြန်လည်သုံးသပ်အကဲဖြတ်စေရန် ပိုင်ဆိုင်မှုများအတွက် လျော်ကြေးပေးအပ်ရေးကော်မတီထံသို့ သင့်အနေဖြင့် တောင်းဆိုနိုင်ပါသည်။ အကယ်၍ ပြန်လည်သုံးသပ်သည့် ရလဒ် သို့မဟုတ် လျော်ကြေးငွေပမာဏကို မကျေနပ်သေးလျှင် သင်၏ မေးခွန်း သို့မဟုတ် တိုင်ကြားမှုကို ESE PMU အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီထံသို့ တင်ပြနိုင်ပါသည်။ မေးခွန်း သို့မဟုတ် တိုင်ကြားမှုကို စာဖြင့် ရေးသားပို့ဆောင်ခြင်း၊ တာဝန်ရှိသူကို လူကိုယ်တိုင်တွေ့ဆုံရန်ချိန်းဆိုခြင်းများ ပြုလုပ်နိုင်ပါသည်။

သင်၏ မေးခွန်းများကို ဖြေဆိုရန်၊ လွတ်လပ်၊ ပွင့်လင်းမြင်သာ၊ အချိန်ကိုက်၊ ကျေနပ်ဖွယ်အသွင်ဖြင့် တိုင်ကြားမှုများကို လက်ခံ ဖြေရှင်းရန် ကော်မတီတွင် တာဝန်ရှိပါသည်။ သင်၏ တိုင်ကြားမှုအပေါ် ဆုံးဖြတ်ချက်များကို သင့်အနေဖြင့် မကျေနပ်ပါက ယင်းအမှုကို ESE ခရိုင်အဆင့် အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီထံသို့ တင်ပြနိုင်ပါသည်။ သင့်အမှုအပေါ် ခရိုင်အဆင့်၏ ဆုံးဖြတ်ချက်ကို မကျေနပ်သေးပါက ESE ပြည်ထောင်စုအဆင့်ရှိ အဆင်မပြေမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီထံသို့ အယူခံတင်နိုင်ပါသည်။ အကယ်၍ ပြည်ထောင်စုအဆင့်၏ ဆုံးဖြတ်ချက်ကို မကျေနပ်သေးပါက ၄င်းအမှုကို တရားရုံးသို့ ဆက်လက်တင်ပြနိုင်ပါသည်။

**၁၄။ ထိခိုက်ခံရသော အိမ်ထောင်စုတစ်ခုသည် လျော်ကြေးပေးသည့် လုပ်ငန်းစဉ်နှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုကို ထောက်ကူရန် မည်သည်တို့ကို လုပ်ဆောင်နိုင်ပါသနည်း?**

ထိခိုက်ခံရသောအိမ်ထောင်စုများသည် စီမံကိန်းအကြောင်းအချက်များကို သိရှိအောင်ဆောင်ရွက်ခြင်း၊ မိမိတို့ ပါဝင်ရန်လိုအပ်သော လုပ်ဆောင်ချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းများဖြင့် စီမံကိန်းကို ကူညီနိုင်ပါသည်။ ဖြန့်ဝေထားသော စာရွက်စာတမ်းများကို ဖတ်ရှုခြင်း၊ ဆွေးနွေးတိုင်ပင်ပွဲများတွင် တက်တက်ကြွကြွပါဝင်ခြင်းတို့ဖြင့် စီမံကိန်းအကြောင်းသတင်းအချက်အလက်များကို ရရှိနိုင်ပါသည်။ ယင်းအစည်းအဝေးများကို တက်ရောက်ခြင်းဖြင့် အိမ်ထောင်စုများသည် ထိခိုက်လာနိုင်သည့်ဖြစ်စဉ်များကို သိရှိခြင်း၊ ယင်းတို့ကို ဖြေရှင်းရန်နည်းလမ်းများကို အကြံပြုခြင်းတို့ကိုလုပ်ဆောင်နိုင်ပြီး ဆိုးကျိုးများကို လျော့ပါး သက်သာစေရန် လုပ်ဆောင်ရာတွင် ကူညီနိုင်ပါသည်။ အိမ်ထောင်စုများ၏ ပူးပေါင်းပါဝင်မှုကို လိုအပ်သောအခြားတစ်နေရာမှာ DMS လုပ်ဆောင်မှုဖြစ်ပါသည်။

၎င်းလုပ်ငန်းတွင် လျော်ကြေးပေးအပ်ရေးကော်မတီအနေဖြင့် အမှန်တကယ်ဖြစ်ပြီး လက်ခံနိုင်သော သီးနှံဈေးကွက်ပေါက်ဈေးများ၊ ဆုံးရှုံးသွားသောဝင်ငွေများကို သတ်မှတ်ရာတွင် အိမ်ထောင်စုများက ကူညီပေးနိုင်ပါသည်။

**၁၅။ ယခုစီမံကိန်း၏ ရည်မှန်းချက်များ ပြည့်ဝသည် မပြည့်ဝသည်ကို ကျွန်ုပ်အနေဖြင့် မည်သို့ သိနိုင်ပါမည်နည်း?**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE) သည် ESE မှတဆင့် စီမံကိန်းလုပ်ဆောင်ချက်များကို စောင့်ကြည့်သွားပါမည်။ စီမံကိန်း၏ သက်ရောက်မှုများ၊ ထိခိုက်မှုများ သက်သာစေရေးနှင့် နစ်နာမှုများကို ပေးလျော်ရေး အကောင်အထည်ဖော်မှုများကို အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ် စောင့်ကြည့်ရန် ပြင်ပမှ စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ခုကိုလည်း ငှားရမ်းလုပ်ဆောင်ပါမည်။ ၎င်းအဖွဲ့သည် တွေ့ရှိချက်များကို အခြေခံကာ ESE နှင့် ADB သို့ အစီရင်ခံစာ တင်သွင်းပါမည်။ ADB သည် စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလအတွင်း ဈေးငွေပြန်လည်သုံးသပ်ရေးမစ်ရှင်များမှတဆင့် စီမံကိန်းလုပ်ဆောင်ချက်များကို ပုံမှန် စောင့်ကြည့်သွားပါမည်။

**သိရှိလိုသည်များ၊ အကြံပြုလိုသည်များရှိပါက ဆက်သွယ်ရန်**

**လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ESE)၊** လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE)၊ နေပြည်တော်၊ မြန်မာ

တယ်လီဖုန်း - ၀၉၅ ၆၇-၈၁၀၄၂၈၅

ဖက်စ် - ၀၉၅ ၆၇-၈၁၀၄၂၈၇

ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်

**နောက်ဆက်တွဲ ၁ အရ ခံစားခွင့်ဇယားကို ထည့်သွင်းဖော်ပြထားသည်။**